## အခန်း (၁-က)　စကားချိုချိုပြောရအောင်
## အကြံပြုစာသင်ချိန် - ၂ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ♦ ပုံပြင်ကိုနားထောင်တတ်ရန်
- ♦ စကားကို ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံပန်းချီကား

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

'ပုံပြင်ပါရုပ်ပုံများကိုကြည့်ရင်း ဘာပုံပြင်လေး ဖြစ်မလဲ ဆိုတာကို စဉ်းစားကြည့်ကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ❶ မှ ❻ အထိ ရုပ်ပုံကို အစဉ်လိုက် ပြသပြီး ကလေးများ ပုံပြင်နားထောင်စေကာ မေးခွန်းမေးမြန်းပါမည်။

  ဥပမာ။ ။ ပုံ ❶ ❷ ❸ ကိုပြကာ 'ပုံထဲမှာ ဘာတွေ တွေ့သလဲ' ပုံ ❹ ထဲမှာ 'ကလေးတစ်ယောက်ချင်းစီရဲ့ ဟန်အမူအရာက ဘယ်လိုကွာခြားသလဲ'

  'ရရှိတဲ့ ငှက်ပျောသီးအရေအတွက်က ဘာကြောင့် ကွာခြားပါသလဲ'

  'ကလေးတွေကို ငှက်ပျောသီးပေးတဲ့ ဦးလေးကြီးရဲ့ မျက်နှာအမူအရာက ဘယ်လို ကွာခြားပါသလဲ'စသည်တို့ကို စဉ်းစားစေပါမည်။

  'ဘယ်နေရာက စိတ်ဝင်စားဖို့ကောင်းသလဲ' ဟူသော ထင်မြင်ချက်ကိုလည်း မေးမြန်းပါမည်။
- ♦ ပုံပြင်ပါ အကြောင်းအရာများကိုမေးကာ လေ့ကျင့်ပါမည်။ (တစ်တန်းလုံး၊ နှစ်ယောက်တစ်တွဲ၊ တစ်ဦးချင်း)

  ဥပမာ ။ ။ ကလေးအရေအတွက်၊ ငှက်ပျောခိုင်ထမ်းလာသူ နဲ့ ကလေးများရဲ့အပြောစကား၊ ငှက်ပျောသီးအများဆုံးရတာ ဘယ်သူလဲ။ အများဆုံးရတဲ့သူက ဘာလုပ်သလဲ။

**နိဂုံးချုပ်ခြင်း**

- ♦ ပုံပြင်ထဲမှာ 'ဘာတွေသိခဲ့ကြသလဲ အခုကစပြီး ကလေးတို့လည်း ဘယ်လိုစကားမျိုးကို ပြောကြမလဲ' စသည်ဖြင့် ဆရာကမေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါရုပ်ပုံများကိုကြည့်ပြီး ပြန်လည်ပြောပြနိုင်ခြင်း ရှိ မရှိကို စစ်ဆေးအကဲဖြတ်ပါမည်။




### အဓိကအချက်များ
- ♦ ပထမဆုံးပုံပြင် ပထမဆုံး စကားပြောဟူသည့် အချက်သည် ဤသင်ခန်းစာ၏ အဓိကအချက်ဖြစ်ပါသည်။ ထို့နောက် မည်သည့် အကြောင်းအရာများ ဆက်လက်သင်မည်ကို အသိပေးပါမည်။
- ♦ အကြောင်းအရာကို အလွတ်ကျက်မှတ်ခြင်းထက် ပျော်ရွှင်စွာ စကားပြောစေခြင်းကို အလေးပေးပါမည်။
- ♦ နှုတ်ဆက်ခြင်း၏အရေးပါပုံကို စဉ်းစားတတ်လာစေပါမည်။

### ပုံပြင်အကျဉ်းချုပ်
၁။ မောင်စ၊ မောင်ဘ၊ မောင်မြ၊ မောင်လုတို့ဟာ အလွန်ချစ်ခင်တဲ့ သူငယ်ချင်းတွေဖြစ်ကြတယ်။ သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားဖို့ သွားကြတယ်။

၂။ ကစားနေရင်းနဲ့ သူတို့ဟာ ဗိုက်ဆာလာကြတယ်။

၃။ အဲဒီအချိန်မှာ ငှက်ပျောခိုင်ထမ်းလာတဲ့ ဦးလေးကြီး ရောက်လာတယ်။ သူတို့ဟာ ဗိုက်ဆာနေတဲ့အတွက် ငှက်ပျောသီးနည်းနည်း ရနိုင် မလားလို့ မေးကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

၄။ အဲဒါနဲ့သူတို့အားလုံးဟာ ငှက်ပျောခိုင် ထမ်းလာတဲ့ ဦးလေးကြီးကို ငှက်ပျောသီးနည်းနည်း ရနိုင်မလားလို့ မေးကြည့်ကြတယ်။ မေးပုံမေးနည်းမတူကြတဲ့အတွက် ရတဲ့ငှက်ပျောသီး အရေအတွက်က လည်း မတူညီကြဘူး။

၅။ မောင်လုက သူပိုရတဲ့ ငှက်ပျောသီးတွေကို သူငယ်ချင်းတွေကိုလည်း ခွဲပေးလိုက်တယ်။

၆။ အားလုံးဟာ ဗိုက်ပြည့်ပြီး ပျော်ပျော်ပါးပါးနဲ့ အိမ်ပြန်ခဲ့ကြတယ်။

## ၁ ယဉ်ယဉ်ကျေးကျေး ပြောကြပါစို့




ယဉ်ကျေးတာကို (✔)အမှန်ခြစ်လို့ မယဉ်ကျေးတာကို (✘)အမှားခြစ်မယ်။

**၂**

| | | |
|---|---|---|
|  | တို့တွေ အတူတူ ကျောင်းသွားကြရအောင်။ | |
|  | ငါ့ကို စာအုပ်ပေးစမ်း။ | |
|  | ညီလေး စာကြိုးစားနော်။ | |

## ၃ ဘယ်လိုပြောကြမလဲ။

- သူငယ်ချင်းနဲ့အတူ ကစားချင်ရင်
- မိဘတွေဆီက မုန့်လိုချင်ရင်
- ဆရာမကို စာမေးချင်ရင်

၆

## ဖြေဆိုချက်နမူနာများ

၁။ ယဉ်ယဉ်ကျေးကျေး ပြောကြပါစို့
- ဆရာကို ပြောကြားရာတွင် ယဉ်ကျေးသော အသုံးအနှုန်းများကို အသုံးပြု၍ သင်ကြားပေးရန်ဖြစ်သည်။

၂။ ယဉ်ကျေးတာကို အမှန်ခြစ်လို့ မယဉ်ကျေးတာကို အမှားခြစ်မယ်။
- တို့တွေ အတူတူ ကျောင်းသွားကြရအောင်။ (မှန်)
- ငါ့ကို စာအုပ်ပေးစမ်း။ (မှား)
- ညီလေး စာကြိုးစားနော်။ (မှန်)

၃။ လေ့ကျင့်ကြပါစို့
- သူငယ်ချင်းနှင့်အတူ ကစားချင်ရင်
  **အတူတူ ကစားကြရအောင်။**
- မိဘတွေဆီက မုန့်လိုချင်ရင်
  **မေမေ ဗိုက်ဆာနေလို့ မုန့်ဝယ်ပေးပါ။**
- ဆရာမကို စာမေးချင်ရင်
  **ဆရာမ သမီးနားမလည်လို့ ပြန်ရှင်းပြပါဦး။**

## အခန်း (၁–က) စကားချိုချိုပြောရအောင်
## အကြံပြုစာသင်ချိန် – ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- စကားကို ချိုသာစွာ ပြောဆိုခြင်းသည် မည်မျှအရေးကြီးကြောင်းကို ပြန်လည်ပြောပြကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ❶ ဆရာကို နှုတ်ဆက်ရာတွင် အသုံးပြုသော အသုံးအနှုန်းသည် ယဉ်ကျေးသော အသုံးအနှုန်းဖြစ်ကြောင်းကို ပြောပြပါမည်။ ကလေးများကို ကျောင်းသုံးစာအုပ်ပါ အပြောစကားများအတိုင်း ပြောစေပါမည်။ အခြားအပြောစကားများကိုလည်း ပြောစေမည်။
- ❷ ယဉ်ကျေးသော အသုံးအနှုန်းနှင့် မယဉ်ကျေးသော အသုံးအနှုန်းအား ဆရာဖတ်ပြသော ကျောင်းသုံးစာအုပ်ပါ သာဓကကို အသုံးပြု၍ ခွဲခြားစေမည်။ မယဉ်ကျေးသော အသုံးအနှုန်းကို ယဉ်ကျေးသော အသုံးအနှုန်း ဖြစ်စေရန် မည်သို့ပြောရမည်ဟု စဉ်းစားစေမည်။
- ❸ မည်သည့်အခြေအနေတွင် မည်သို့ ပြောရမည်ကို စဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ပြောဆိုစေမည်။

### နိဂုံးချုပ်ခြင်း

- ❶ မှ ❸ အထိ ကလေးများကို အသံထွက် ပြောဆိုစေမည်။ စကားပြောဆိုရာတွင် အသံအတိုးအကျယ်ကို သတိပြုရမည်ဖြစ်ကြောင်း ပြောပြပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ❷ နှင့် ❸ ပေါ်တွင် မူတည်၍ အကဲဖြတ်ပါမည်။

**အခန်း (၁-ခ) မင်္ဂလာပါ(ကဗျာ)**
**အကြံပြုစာသင်ချိန် - ၂ချိန်**

## သင်ယူမှုဦးတည်ချက်

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကလေးများ ကြည့်ရှုစေပြီး မေးခွန်းများမေး၍ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာဘာတွေ တွေ့ရသလဲ။
(၂) သူတို့ဘာတွေ လုပ်နေကြတာလဲ။
စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

### နိဂုံးချုပ်ခြင်း

- 'စာသင်ခန်းထဲမှာ ဒီလို ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ကြသလို အပြင်မှာလည်း ဒီလို နှုတ်ဆက်ကြရမယ်နော်' ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန်ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်

(ခ) မင်္ဂလာပါ (ကဗျာ)



မင်္ဂလာပါ

မောင်တို့မယ်တို့ ကျောင်းခန်းဝင်
အပြုံးပန်းကိုဆင်၊
မင်္ဂလာပါ ဆရာမ
ညီညီညာညာ နှုတ်ဆက်ကြ။

ပျဉ်းမနားမောင်နီသင်း



7

## အဓိကအချက်များ

- ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပါမည်။
- ကဗျာပါပုံကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ပျော်ရွှင်ရဲဝံ့စွာ ပြောစေပါမည်။

## အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်

## (ဂ) အချင်းချင်း မိတ်ဆက်ကြရအောင်




### အဓိကအချက်များ

- ကလေးများကိုယ်တိုင် မိမိ၏အမည်နှင့် မိမိကြိုက်နှစ်သက်ရာများကို အခြားသူများအား မိတ်ဆက်ပြောကြားတတ်ရပါမည်။

### အရေးကြီးသောအချက်များ

- သင်ခန်းစာ မစတင်မီ ဆရာက 'မိတ်ဆက်'ဟူသော စကားကို ရှင်းပြရပါမည်။
- ဆရာက ကလေးများအားလုံး ရဲရဲဝံ့ဝံ့ ပြောလိုစိတ် ဖြစ်လာအောင် လှုံ့ဆော်ပေးရပါမည်။
- အတန်းထဲတွင် ကလေးအားလုံး အတန်းတွင်း လှည့်လည်ပြီး မိတ်ဆက်စေရပါမည်။
- ကျွန်တော် ကျွန်မ အသုံး၊ ရှင့် ခင်ဗျ အသုံးကိုပါ ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

## အခန်း (၁-ဂ) အချင်းချင်းမိတ်ဆက်ကြရအောင်
## အကြံပြုစာသင်ချိန် - ၂ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- အတန်းသူ အတန်းသား အချင်းချင်း ရင်းနှီးစွာ ပြောဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

'မိတ်ဆက်စကားကို ဆရာမက အရင်ဆုံး နမူနာပြောပြမယ်၊ ပြီးရင် ကလေးတို့လည်း ကိုယ်တိုင် မိတ်ဆက်ရမယ်နော်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဦးစွာ ဆရာက ကျောင်းသုံးစာအုပ်ပါ ဆရာမ၏ရုပ်ပုံကို ပြ၍ ကလေးတို့အား ဆရာမ၏ မိတ်ဆက်စကားကို ပြောပြပါမည်။
- ထို့နောက် ကျောင်းသုံးစာအုပ်ပါ ဒေါ်ဆွေဆွေအမည်နေရာတွင် သင်ကြားသူဆရာက မိမိနာမည် အစားသွင်းကာ ပြောပြရပါမည်။ ပြောလိုသော ကလေးများကိုလည်း အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- ထို့နောက် ကလေးအချင်းချင်း နှစ်ယောက်တစ်တွဲ မိတ်ဆက်စေပါမည်။
- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ အနည်းဆုံး ၅ ဦးပါဝင်သော အုပ်စုများဖွဲ့ကာ မိတ်ဆက်စေပါမည်။
- ဆရာက 'အခုချိန်ကစပြီး ကလေးတို့အချင်းချင်း မိတ်ဆက်ကြရမယ်။ ကိုယ်ဘယ်သူတွေနဲ့ မိတ်ဆက်ခဲ့လဲဆိုတာ ပြန်ပြောရမယ်နော်' ဟု ပြောပြီး အတန်းသားအချင်းချင်း ပြောစေပါမည်။
- အတန်းထဲတွင် ကလေးအချင်းချင်း မိတ်ဆက်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက 'ကိုယ်ဘယ်သူနဲ့ မိတ်ဆက်ခဲ့သလဲ'ဆိုသည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။ 'ဘယ်နှယောက် မိတ်ဆက်နိုင်ခဲ့သလဲ'ဆိုတာကို မေးပါမည်။
- 'ယောကျ်ားလေးနဲ့ မိန်းကလေးက မိတ်ဆက်တဲ့အခါမှာ ဘယ်လိုနေရာမျိုးက မတူညီတာလဲ'ဟု မေးမြန်းပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးအချင်းချင်း ရင်းရင်းနှီးနှီး မိတ်ဆက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-၈) အချင်းချင်းမိတ်ဆက်ကြရအောင်
## အကြံပြုစာသင်ချိန် - ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ 'မနေ့က ကလေးတို့ အချင်းချင်း မိတ်ဆက်ပြီးကြပြီ မဟုတ်လား' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ 'ကလေးတို့မှာရှိတဲ့ ပစ္စည်းတွေအကြောင်းကို သူငယ်ချင်းတွေနဲ့ ပြောကြည့်ကြရအောင်'ဟု ဦးစွာပြောပါမည်။

♦ ထို့နောက် ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို ပြ၍ ကလေးများတွင်ရှိသော ပစ္စည်းများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ထို့နောက် ကစားနည်းများနှင့် အစားအစာများကိုလည်း အထက်ပါနည်းအတိုင်း နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ပြီးလျှင် အုပ်စုဖွဲ့ပြီး အထက်ပါ အကြောင်းအရာများကို အုပ်စုလိုက် ပြောစေပါမည်။


### နိဂုံးချုပ်ခြင်း

♦ ဆရာက ' သူငယ်ချင်းတွေနဲ့ အချင်းချင်းပြောပြီးကြပြီးမဟုတ်လား၊ သူငယ်ချင်းတွေ ပြောတဲ့စကားတွေထဲက မှတ်မိတာတွေကို နှစ်ယောက်တစ်တွဲ ပြောကြည့်ကြရအောင်'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် မိတ်ဆက် ပြောကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်




**သူငယ်ချင်းတွေနဲ့ မိတ်ဆက်ကြရအောင်**


ကလေးတို့မှာရှိတဲ့ ပစ္စည်းကလေးတွေကို ပြောကြည့်ကြရအောင်။


ကလေးတို့ ကြိုက်တဲ့ ကစားနည်းတွေကို ပြောကြည့်ကြရအောင်။


ကလေးတို့ ကြိုက်တဲ့ အစားအစာတွေကို ပြောကြည့်ကြရအောင်။

၉

### အရေးကြီးသောအချက်များ

♦ ဆရာက ကလေးများအားလုံး ရဲရဲဝံ့ဝံ့ပြောလိုစိတ် ဖြစ်လာအောင် လှုံ့ဆော်ပေးရပါမည်။


### မှတ်ချက်

♦ ကျောင်းသုံးစာအုပ်ပါ လုပ်ငန်းစဉ်အတိုင်း မိတ်ဆက် ပြောကြားခြင်းမျိုး သာမကဘဲ ကျောင်းတွင်းစာသင်ခန်း အခြေအနေပေါ် မူတည်၍ ပြောင်းလဲသင်ကြားနိုင်ပါသည်။

♦ ကလေးများ အုပ်စုဖွဲ့ မိတ်ဆက်ပြီးချိန်တွင် အတန်းတွင်းအနေအထားအရ အချိန်အနည်းငယ်ပိုနေပါက အတန်းတွင်း လှည့်လည်ပြီး ပြောစေပါမည်။

၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်

## (ဃ) မိသားစုနဲ့ မိတ်ဆက်စို့




## အခန်း (၁-ဃ) မိသားစုနဲ့ မိတ်ဆက်စို့
## အကြံပြုစာသင်ချိန် - ၂ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- လူတိုင်းတွင် မိသားစုရှိကြောင်းနှင့် မိသားစု အကြောင်းကို ယဉ်ကျေးစွာ ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့ ကိုယ့်မိသားစုအကြောင်းကို မိတ်ဆက်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်များကို ပြောစေပါမည်။
- ဆရာက မိမိ မိသားစုအကြောင်းကို စတင် မိတ်ဆက်ပါမည်။

  ဥပမာ။ ။ မိသားစုဝင် ဘယ်နှယောက်ရှိတယ်၊ ဘယ်သူတွေဖြစ်တယ် ဆိုတာကို ပြောပြပါမည်။
- ဆရာပြောသည့်အတိုင်း မိမိ မိသားစုအကြောင်းပြောနိုင်သည့် ကလေးနှစ်ဦးခန့်ကို အတန်းရှေ့ထွက်ကာပြောစေပါမည်။
- ကျန်ကလေးများကိုလည်း ဆရာပြောသည့်အတိုင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးစေကာ ကလေးအချင်းချင်း ပြောစေပါမည်။
- ပြောလိုသော ကလေးများကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက 'ကိုယ့် မိသားစုအကြောင်းကို သူငယ်ချင်းများနဲ့ မိတ်ဆက်နိုင်ပြီ မဟုတ်လား'ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးနှစ်ယောက်တစ်တွဲ ပြောကြားနိုင်ခြင်း ရှိ မရှိကို အခြေခံ၍ အောက်ပါအတိုင်း အကဲဖြတ်ပါမည်။

  (၁) ဆရာပြောသည့်အတိုင်းမဟုတ်ဘဲ မိမိ မိသားစုဦးရေ အမှန်ကို ပြောနိုင်ခြင်း ရှိ မရှိ၊

  (၂) သူတစ်ပါး နားလည်အောင် ရှင်းလင်းစွာ ပြောနိုင်ခြင်း ရှိ မရှိ။

### အထွေထွေအချက်များ

- ဆရာပြောပြသော ဆရာ့မိသားစု အကြောင်းအတိုင်း ထပ်တူညီ ပြောဆိုခြင်းမျိုးမဟုတ်ဘဲ မိမိပြောလိုသော အကြောင်းအရာကို ကလေးကိုယ်တိုင် ရဲဝံ့ယဉ်ကျေးစွာ ပြောစေရပါမည်။
- အတန်းရှေ့တွင် အမေးအဖြေ ပြုလုပ်ခြင်းဖြင့် လူအများရှေ့တွင် ပြောဆိုနိုင်မှု စွမ်းရည်များ ရရှိလာနိုင်အောင် ပြုစု ပျိုးထောင်ပေးရမည် ဖြစ်ပါသည်။

### အရေးကြီးသောအချက်များ

- ဆရာက မိတ်ဆက်ဟူသော စကားလုံးကို ရှင်းပြပြီးမှ သင်ကြားခြင်းကို စတင်ရပါမည်။
- ကလေးများကို မိတ်ဆက်စေရာတွင် သွက်လက်သော ကလေးများကို မေးမြန်းခြင်းပြု၍ ချီးကျူးစကား ပြောခြင်းဖြင့် ကျန်ကလေးများကို ပြောလိုစိတ်ဖြစ်အောင် လှုံ့ဆော်ပေးရပါမည်။
- အခြေအနေမတူသော ပတ်ဝန်းကျင်မှလာသည့် ကလေးများဖြစ်ကြ၍ မိမိ မိသားစု အကြောင်းပြောရာတွင် မိဘမရှိသော၊ မိဘမပြည့်စုံသော ကလေးများရှိပါက အားငယ်မှု မဖြစ်ပေါ်စေရန်ဆရာက ထိန်းမတ်ပေးရပါမည်။

## အခန်း (၁-ဃ) မိသားစုနဲ့ မိတ်ဆက်စို့
## အကြံပြုစာသင်ချိန် - ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- မနေ့က 'မိသားစုဝင်တွေ ဘယ်နှယောက်ရှိတယ်၊ ဘယ်သူတွေ ဖြစ်တယ်ဆိုတာကို ပြောခဲ့ကြတယ် မဟုတ်လား။ ဒီနေ့ မိသားစုဝင် တစ်ဦးချင်းစီရဲ့ အကြောင်းကို ပြောပြမယ်' ဟုပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ဆရာက မိမိ မိသားစုဝင် တစ်ဦးချင်းစီ၏ အကြောင်းကို စတင် မိတ်ဆက်ပါမည်။

  ဥပမာ ။ ။ အမည်၊ အလုပ်အကိုင်၊ ကြိုက်နှစ်သက်သောအရာများ

- ဆရာပြောသည့်အတိုင်း မိမိ မိသားစုဝင်အကြောင်း ပြောနိုင်သည့် ကလေးနှစ်ယောက်ခန့်ကို အတန်းရှေ့ ထွက်၍ ပြောစေပါမည်။
- ကျန်ကလေးများကလည်း မိမိတို့သိလိုသော အကြောင်းအရာများကို မေးခွန်းများ မေးစေပါမည်။
- ကျန်ကလေးများကိုလည်း ဆရာပြောသည့် အတိုင်း မိသားစုဝင် ဘယ်နှယောက်ရှိတယ်၊ ဘယ်သူတွေ ဖြစ်တယ် ဆိုတာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေကာ ကလေးအချင်းချင်း ပြောစေပါမည်။

#### နိဂုံးချုပ်ခြင်း

- 'ကိုယ့်မိသားစုဝင်တွေ အကြောင်းကို အချင်းချင်း နားလည်အောင် ပြောပြတတ်ကြပြီလား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများအချင်းချင်း ပြောနေချိန်နှင့် အတန်းရှေ့ထွက်ပြီး ပြောနေချိန်တွင် အောက်ပါအချက်များအပေါ် မူတည်၍ အကဲဖြတ်ရပါမည်။

(၁) ဆရာပြောသည့်အတိုင်း မဟုတ်ဘဲ မိမိ မိသားစုဝင်များ အကြောင်းကို ပြောနိုင်ခြင်း ရှိ မရှိ၊

(၂) ယဉ်ကျေးစွာ ပြောဆိုနိုင်ခြင်း ရှိ မရှိ။




### အရေးကြီးသောအချက်များ

- အတန်းတွင်းတွင် အခြေအနေမတူသော မိသားစုများ ရှိကြောင်း ဆရာက သိရှိပြီး ကလေးများအားလုံး နွေးထွေးသော အတူနေမိသားစုများ ပိုင်ဆိုင်ထားကြောင်းနှင့် မိတ်ဆက် ပြောပြလိုစိတ်ဖြစ်အောင် လှုံ့ဆော်ပေးရပါမည်။
- ယခင်သင်ကြားပြီးသော သင်ခန်းစာများအတိုင်း ဆရာက ကလေးများ စကားပြောရာတွင် ယဉ်ကျေးစွာ ပြောဆိုတတ်စေရန် ပြန်လည်လေ့ကျင့်ပေးပါမည်။
- ဆရာက ကလေးများ၏ ပြောဆိုနိုင်မှုစွမ်းရည် (အားနည်းချက်၊ အားသာချက်) များကို သိရှိထားပြီး ပြောဆိုနိုင်မှု အားနည်းသော ကလေးကို ဖေးမပေးရပါမည်။
- မိဘမပြည့်စုံသော ကလေးများအတွက် အတူနေမိသားစု များကို ပြောပြနိုင်ရန် ဆရာက ပံ့ပိုးကူညီပေးရပါမည်။

## အခန်း ၂ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁)

### (က) ဖိုးစလုံး (ကဗျာ)




**ဖိုးစလုံး**

စလုံး စလုံး ဖိုးစလုံး
စောစောစီးစီး စားဆိုတုန်း။
စားဆိုတုန်းမှာ ဗိုက်ကဆာ
ဆီဆမ်းစားဖို့ ထမင်းရှာ။
အောက်ဆင့်မှာလား
စင်ပေါ်လား။
ဆ ဆာ ဆာ့ ဆား။
စ စာ စာ့ စား။

တက္ကသိုလ်မြတ်စိုး






စ နှင့် ဆ အသံကို ခွဲခြား ဆိုကြည့်ကြရအောင်။ ပီပီသသ ရွတ်ဆိုနိုင်ရင် အကွက်ထဲမှာ (✔) အမှန်ခြစ်ကြမယ်။

| | | | | | |
|---|---|---|---|---|---|
| စ | | | | | |
| ဆ | | | | | |

### အဓိကအချက်များ

◆ ကဗျာကို ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုပြီး စနှင့် ဆ အသံကို သေချာစွာ ခွဲခြားရွတ်ဆိုနိုင်ရပါမည်။

### အရေးကြီးသောအချက်များ

◆ ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ပြောကြားစေမည်။

◆ ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

◆ နှစ်ယောက်တစ်တွဲ သို့မဟုတ် တစ်ဦးချင်း စ နှင့် ဆ အသံကို သေချာစွာ ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ဂရုပြုရပါမည်။

## အခန်း (၂-က) ဖိုးစလုံး (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

◆ ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုပြီး စလုံး၊ ဆလိမ်၏ အသံကို ခွဲခြားသိရှိရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

◆ ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

◆ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးပြီး နိဒါန်းပျိုးပါမည်။

ဥပမာ ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂) သူတို့ဘာတွေ လုပ်နေကြတာလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

◆ ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

◆ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

◆ ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

◆ 'စ နှင့် ဆ အသံကို ခွဲခြားဆိုကြည့်ကြရအောင်' 'ခွဲခြားရွတ်ဆိုနိုင်ရင် အကွက်ထဲမှာ အမှန်ခြစ် ခြစ်ကြရမယ်နော်' ဟု ပြောပါမည်။

**နိဂုံးချုပ်ခြင်း**

◆ 'ကဗျာကို သေချာမှတ်မိကြပြီး စလုံး၊ ဆလိမ် အသံကလေးကို ခွဲခြားရွတ်ဆိုနိုင်ကြပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

◆ လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထား မှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် 'စ' နှင့် 'ဆ'အသံကို ခွဲခြား ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၂-ခ) ရေးခြစ်ကြရအောင်
## အကြံပြုစာသင်ချိန် − ၂ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ခဲတံကို စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ခဲတံ၊ ဗလာစာအုပ်

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ဒီနေ့ ခဲတံကလေးတွေ ဘယ်လိုကိုင်ရမလဲဆိုတာ လေ့ကျင့်ကြရအောင်' ဟုပြောပြီးနိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**


- ဆရာက ခဲတံကိုင်နည်း မသင်မီ ခဲတံကိုင်နည်း လင်္ကာလေးကို ဦးစွာရွတ်ပြရပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- 'လက်ညှိုးနဲ့လက်မ၊ ခဲတံလေးကိုမ၊ လက်ခလယ်က အောက်ကခံ ရေးဆွဲကြမှန်မှန်'ဟု ရွတ်ဆိုပြီး ခဲတံကိုင်ပုံကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းပြပါမည်။
- ညာလက်ဖြင့် ခဲတံကိုကိုင် လက်ညှိုးနှင့် လက်မက ခဲတံကိုမ၍ လက်ခလယ်ဖြင့် အောက်က ထိန်းမတ်ပေးမည်။ လက်သူကြွယ်နှင့် လက်သန်းက ထောက်ပံ့ပေးထားပုံကို သရုပ်ပြ ရေးသားပြမည်။
- ခဲတံကိုင်ပုံကို ပြုလုပ်လိုသော ကလေးများကိုလည်း အတန်းရှေ့ထွက်ပြီး သရုပ်ပြစေပါမည်။
- ကလေးများ၏ ကိုယ်နေဟန်ထား မှန်ကန်မှု ရှိ မရှိ၊ ခဲတံကိုင်ပုံ မှန်ကန်မှု ရှိ မရှိကို ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်ပါက ပြသပေးရပါမည်။
- ဆရာက လေထဲတွင် ကျောင်းသုံးစာအုပ်ပါနံပါတ်၁ (အလျားလိုက်မျဉ်း)ကို နမူနာ ရေးဆွဲပြပါမည်။ 'ဘေးက သူငယ်ချင်းကို ထိခိုက်မိမှာစိုးလို့ ခဲတံ မကိုင်ရ သေးဘူးနော်'ဟု ပြောပြီး ကလေးများကို လေထဲတွင် ရေးဆွဲစေပါမည်။
- ပြီးလျှင် ကျောင်းသုံးစာအုပ်တွင် ရေးဆွဲစေပါမည်။
- နံပါတ် ၂ (မျဉ်းစောင်း) နှင့် ၃ (ဒေါင်လိုက်မျဉ်း)ကို လည်း အထက်ပါနည်းအတိုင်း သင်ကြားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ခဲတံကို သေသေချာချာကိုင်ပြီး မျဉ်းလေးတွေကို ရေးခြစ်တတ်ကြပြီလား'ဟု ပြော၍ လင်္ကာကို ပြန်လည် ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ခဲတံကို စနစ်တကျ ကိုင်တွယ်နိုင်မှု ရှိ မရှိနှင့် ကိုယ်နေဟန်ထား မှန်ကန်မှု ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။





### အဓိကအချက်များ

- ကလေးများ ခဲတံကို စနစ်တကျကိုင်တွယ် အသုံးပြုလာတတ်ရပါမည်။

### အရေးကြီးသောအချက်များ

- မျဉ်းကြောင်းများကို နမူနာဆွဲပြချိန်တွင် သင်ပုန်းဘက်သို့ လှည့်ဆွဲပြီး ကလေးများ ရေးဆွဲချိန်တွင် ဆရာက ကလေးများဘက် ကိုလှည့်ကာ ကြည့်ရှုစစ်ဆေးပေးရပါမည်။
- ကလေးများ ခဲတံကိုစနစ်တကျကိုင်တွယ်အသုံးပြုနိုင်ခြင်း ရှိ မရှိ၊ ကိုယ်နေဟန်ထား မှန်ကန်မှု ရှိ မရှိကိုပါ ဆရာက သေချာစွာ ကြည့်ရှုပေးရပါမည်။
- ကလေးများ လေထဲတွင် ဆွဲရာ၌ ဦးတည်ရာလမ်းကြောင်း မှန် မမှန်ကို သတိပြုရပါမည်။
- အချိန်ရပါက ကလေးများ၏ ဗလာစာအုပ်တွင် ရေးဆွဲစေရပါမည်။
- လေထဲတွင် ရေးသောအချိန်တွင် ကလေးအချင်းချင်း ထိခိုက်မှု မရှိစေရန် ခဲတံမကိုင်ဘဲ လေ့ကျင့်ရပါမည်။
- ခဲတံကိုင်ပုံမှားနေပါက ဆရာက ကလေး၏ လက်ကို ကိုင်တွယ် ပေးပြီး ပြုပြင်ပေးရပါမည်။




## အခန်း (၂-ခ) ရေးခြစ်ကြရအောင်
## အကြံပြုစာသင်ချိန် - ၂ချိန် (ဒုတိယအချိန်)

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- 'ပထမစာသင်ချိန်က ရွတ်ဆိုခဲ့သော ခဲတံကိုင်နည်းလင်္ကာလေးကို ဆရာနဲ့အတူ ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ နံပါတ် ၁ မှ ၃ အထိကို လေထဲတွင် ပြန်လည် လေ့ကျင့် ရေးခြစ်စေပါမည်။
- နံပါတ် ၄ (မျဉ်းကွေး) နှင့် နံပါတ် ၅ (စက်ဝိုင်း) စသည်တို့ကိုလည်း နံပါတ် ၁ မှ ၃ အထိ သင်ကြားပုံသင်ကြားနည်းအတိုင်း ဆက်လက် လေ့ကျင့်ရေးခြစ်စေမည်။
- ကလေးများ ရေးခြစ်နေစဉ် ဆရာက လိုက်လံကြည့်ရှုပေးရပါမည်။
- လိုအပ်မှုရှိသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကျောင်းသုံးစာအုပ်ပါ လေးကြောင်းမျဉ်းတွင် 'ဝ' လုံးလေးများကို ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'အလျားလိုက်မျဉ်း၊ မျဉ်းစောင်း၊ ဒေါင်လိုက်မျဉ်း၊ မျဉ်းကွေး၊ စက်ဝိုင်းနဲ့ ဝလုံးလေးတွေကို ရေးခြစ်နိုင်ကြပြီမဟုတ်လား'
- 'ကလေးတို့ ရေးသားထားတာကို ကလေးအချင်းချင်း လဲလှယ်စစ်ဆေးကြရအောင်'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ လုပ်ငန်းများကို ကလေးများ ရေးခြစ်နိုင်မှု ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အရေးကြီးသောအချက်များ**

- လိုအပ်ချက်ရှိလျှင် ဆရာက ထပ်မံလေ့ကျင့်ပေးရပါမည်။
- 'ဝ' ကို ရေးရာတွင် လက်ယာရစ်ရေးဆွဲရမည်ကို ဆရာက သတိပြုရပါမည်။
- နံပါတ် ၅ စက်ဝိုင်းပုံကို ရေးဆွဲရာ၌ သင်ပုန်းတွင် ပထမဦးစွာ သေချာရေးဆွဲပြသပြီးမှသာ ကလေးများကို လေထဲတွင် ရေးခြစ်စေရပါမည်။
- ဘယ်သန်ကလေးများရှိလျှင် ဆရာက အရစ်အဆွဲမှန်စွာ ရေးဆွဲခြင်း ရှိ မရှိကို သေချာဂရုစိုက်ပေးရပါမည်။

## အခန်း (၂-ဂ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၁)
## အကြံပြုစာသင်ချိန် – ၁၀ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းအသံ၊ ဗျည်းအမည်များကို ရွတ်ဆိုတတ်ပြီး မှန်ကန်စွာ ရေးသားတတ်ရန်
- ရုပ်ပုံများကိုကြည့်၍ ကလေးများ ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ဆရာပြုလုပ်ထားသော ဗျည်းအက္ခရာကားချပ် (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'က ခ ဗျည်းလက်ဘလေးတွေ ရွတ်ဆိုကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာ ချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ဘကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'က' ကို ထောက်ပြပြီး အသံအနေဖြင့် 'က' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- အက္ခရာ 'က' ကို ထောက်ပြပြီး အမည်အနေဖြင့် 'ကကြီး'ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'က' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ဗျည်းအမည် 'ကကြီး' ကိုလိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'က'ဗျည်းရှိ ရုပ်ပုံများကိုကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက 'က' ဗျည်းဖြင့်စသော စကားလုံးများ ဖြစ်ကြောင်းပြောကာ ရွတ်ဆိုပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ရုပ်ပုံတွင်ပါဝင်သော အသံများကို လက်ခုပ်တီး၍ ခွဲခြားသိစေပါမည်။
- လေထဲတွင် 'က' ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။




### အဓိကအချက်များ

- ဗျည်းများ၏ အသံနှင့် အမည်ကို မှန်ကန်စွာ ခွဲခြားတတ်ပြီး သေချာစွာ ရေးသားတတ်ရန်။

### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံများသာမကဘဲ 'က' 'ခ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများကို အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- ရုပ်ပုံများကို ကြည့်၍ ရွတ်ဆိုရာတွင် ရုပ်ပုံ၏ အမည်ကို အသံထွက်ရာ၌ ကလေးများကို လက်ခုပ်တီးစေပြီး အသံထွက်စေရပါမည်။

၂။ ဗျည်းကဗျာလက်ခုပ်များ ရွတ်ဖတ်ရေးစို့လား (၁)

ဂ ဂဏန်းသင် ပြုံးရွှင်ရွှင်။

ဂ

အမည် ဂငယ်

ဂ










င ငချိပ်ပေါင်း စားလို့ကောင်း။

င

အမည် င

င










## အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံ မှန်ကန်စေရန် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံများသာမကဘဲ 'ဂ' 'င' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- ရုပ်ပုံများကို ကြည့်၍ ရွတ်ဆိုရာတွင် ရုပ်ပုံ၏ အမည်ကို အသံထွက်ရာ၌ ကလေးများကို လက်ခုပ်တီးစေပြီး အသံထွက်စေရပါမည်။

## အခန်း (၂-ဂ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုရို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၁)

**အကြံပြုစာသင်ချိန် – ၁၀ မိနစ် (တတိယ မှ စတုတ္ထအချိန်)**

- အက္ခရာ 'ခ'ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက် သင်ကြားပါမည်။

### နိဂုံးချုပ်ခြင်း

- 'က' 'ခ' ဗျည်းအမည်နဲ့ ဗျည်းအသံကို ရွတ်ဆို ရေးသား တတ်ပြီလား ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'က' 'ခ' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြား ရွတ်ဆို စေခြင်း။
- 'က' 'ခ' ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### တတိယအချိန်၊ စတုတ္ထအချိန်

- အက္ခရာ 'ဂ' 'င' ဗျည်းများကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက် သင်ကြားပါမည်။

## အခန်း (၂-ဂ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုရို ဗျည်းသံရုပ်ပုံ ရွေးချယ်ရို(၁)

အကြံပြုစာသင်ချိန် - ၁၀ချိန်
(ပဥ္စမအချိန် မှ ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- သင်ကြားပြီး ဗျည်းများကို ရွတ်ဆိုစေကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ကလေးများကို "လေ့ကျင့်ကြရအောင်" တွင် ပါရှိသော ရုပ်ပုံများပြပြီး အမည်ကို ပြောစေပါမည်။
- ထိုနောက် ထိုအမည်များသည် မည်သည့်အသံနှင့် စသော ဗျည်းများဖြစ်သလဲဟု မေးပါမည်။
- ပေးထားသော ပုံများသာမကဘဲ 'က' မှ 'င' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုပြပြီး ကလေးများကို မေးပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လိုအပ်ပါက ဆရာက အသေးစိတ် ပြန်လည်ရှင်းပြရပါမည်။
- အချိန်ရပါက 'က' မှ 'င' အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ပြန်လည်ရွတ်ဆိုရေးသားခြင်းများ ပြုလုပ်ရပါမည်။
- အက္ခရာ 'စ'ကိုလည်း ဗျည်းအက္ခရာသင်ကြားနည်းများ အတိုင်း ဆက်လက်သင်ကြားပါမည်။

#### နိဂုံးချုပ်ခြင်း

- 'က' မှ 'စ' အထိ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြုလေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'က' မှ 'င' ဗျည်းများ၏အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် 'စ' ဗျည်း၏အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်းရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




#### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံများသာ မကဘဲ 'က' မှ 'စ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကို လည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရ ပါမည်။
- ရုပ်ပုံများကို ကြည့်၍ ရွတ်ဆိုရာတွင် ရုပ်ပုံ၏ အမည်ကို အသံထွက်ရာ၌ ကလေးများကို လက်ခုပ်တီးစေပြီး အသံထွက်စေရပါမည်။

ဆ ဆရာမ ရှိသေကြ။

ဆ

အမည် ဆလိမ်

ဆ ဆ










ဇ ဇလပ်ဖြူ သင်းကြူကြူ။

ဇ

အမည် ဇကွဲ

ဇ ဇ










## အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'ဆ' 'ဇ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကို လည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- ရုပ်ပုံများကို ကြည့်၍ ရွတ်ဆိုရာတွင် ရုပ်ပုံ၏ အမည်ကို အသံထွက်ရာ၌ ကလေးများကို လက်ခုပ်တီးစေပြီး အသံထွက်စေရပါမည်။

## အခန်း (၂-ဂ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုရို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၁)

**အကြံပြုစာသင်ချိန် – ၁၀မိနစ် (သတ္တမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ဆ၊ ဇ ဗျည်းလက်ာလေးတွေ ရွတ်ဆိုကြရအောင်' ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာ ချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ာကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဆ' ကို ပြပြီး အသံအနေဖြင့် 'ဆ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ဆ'ကို လိုက်၍ ရွတ်ဆိုစေပါမည် (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဆ' ကို ပြပြီး အမည်အနေဖြင့် 'ဆလိမ်'ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ဆလိမ်' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'ဆ'ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက 'ဆ'ဗျည်းဖြင့်စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ရုပ်ပုံတွင်ပါဝင်သော အသံများကို လက်ခုပ်တီး၍ ခွဲခြားသိစေပါမည်။
- လေထဲတွင် 'ဆ'၏ ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ 'ဇ'ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက် သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**


- 'ဆ' 'ဇ' ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ဆ' 'ဇ' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် 'ဆ' 'ဇ' ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း (၂-ဂ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၁)

**အကြံပြုစာသင်ချိန် - ၁၀ မိနစ် (နဝမအချိန် မှ ဒသမအချိန်)**




### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ သင်ကြားပြီး ဗျည်းများကို ရွတ်ဆိုစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ အက္ခရာ 'ည' ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- ♦ ကလေးများကို 'လေ့ကျင့်ကြရအောင်' တွင်ပါရှိသော ရုပ်ပုံများပြပြီး အမည်ကို ပြောစေပါမည်။
- ♦ ထို့နောက် ထိုအမည်များသည် 'မည်သည့်အသံနှင့်စသော ဗျည်းများဖြစ်သလဲ' ဟု မေးပါမည်။
- ♦ ပေးထားသော ပုံများသာမကဘဲ 'စ' မှ 'ည' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုပြပြီး ကလေးများကို မေးပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ♦ အချိန်ရပါက 'က' မှ 'င' အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ပြန်လည်ရွတ်ဆို ရေးသားခြင်းများ ပြုလုပ်ရပါမည်။
- ♦ လိုအပ်ပါက ဆရာက အသေးစိတ် ပြန်လည်ရှင်းပြရပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ 'စ' မှ 'ည' အထိ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း 'စ' မှ 'ည' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြား ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ♦ ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ♦ ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ♦ ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံများသာ မကဘဲ 'စ' မှ 'ည' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ♦ ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ♦ ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- ♦ လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- ♦ လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- ♦ ရုပ်ပုံများကို ကြည့်၍ ရွတ်ဆိုရာတွင် ရုပ်ပုံ၏ အမည်ကို အသံထွက်ရာ၌ ကလေးများကို လက်ခုပ်တီးစေပြီး အသံထွက်စေရပါမည်။

၃။ ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၂)

**အခန်း ၃** ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)

**(က) တို့ကျောင်း (ကဗျာ)**

**တို့ကျောင်း**

ပန်းကလေးများ ပွင့်တော့မည်
ဖူးတံ ဝင့်လို့ချို၊
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း။

မျိုးမနားမောင်နီသင်း




### အဓိကအချက်များ

- ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲရဲတင့်တင့် ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

## အခန်း (၃-က) တို့ကျောင်း (ကဗျာ)
## အကြိမ်ပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကလေးများ ကြည့်ရှုစေပြီး မေးခွန်းများမေး၍ နိဒါန်းပျိုးပါမည်။
  ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
  (၂) သူတို့ဘာတွေ လုပ်နေကြတာလဲ
  စသဖြင့်ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာကဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို သေချာမှတ်မိကြပြီလား၊ ဟန်အမူအရာနဲ့ ရွတ်ဆိုနိုင်ကြပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုစေခြင်းဖြင့် စစ်ဆေး အကဲဖြတ်ပါမည်။

## အခန်း (၃-ခ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့(၂)

## အကြံပြုစာသင်ချိန် - ၁၂ချိန် (ပထမ မှ ဒုတိယ အချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းအသံ၊ ဗျည်းအမည်များကို ရွတ်ဆိုတတ်ပြီး မှန်ကန်စွာ ရေးသားတတ်ရန်
- ရုပ်ပုံများကို ကြည့်၍ ကလေးများ ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ဆရာပြုလုပ်ထားသော ဗျည်းအက္ခရာကားချပ် (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်။ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်။)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'တ ထ ဗျည်းလက်ာလေးတွေ ရွတ်ဆိုကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ာကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'တ' ကိုထောက်ပြပြီး အသံအနေဖြင့် 'တ'ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- အက္ခရာ 'တ' ကိုထောက်ပြပြီး အမည်အနေဖြင့် 'တ ဝမ်းပူ' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'တ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ဗျည်းအမည် 'တဝမ်းပူ'ကိုလိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'တ'ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက 'တ'ဗျည်းဖြင့်စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည် (အနည်းဆုံး ၃ ကြိမ်ခန့်)
- လေထဲတွင် 'တ' ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ'ထ'ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။




### အဓိကအချက်များ

- ဗျည်းများ၏ အသံနှင့် အမည်ကို မှန်ကန်စွာ ခွဲခြား ရွတ်ဆိုတတ်ပြီး သေချာစွာ ရေးသားတတ်ရပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရ ပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'တ' 'ထ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင် ပေးရပါမည်။

၃။ ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၂)

ဒ ဒရယ် ယုန် သားမျိုးစုံ။

ဒ

အမည် ဒထွေး

ဒ










ဓ ဓနိတန်း ပင်လယ်ကမ်း။

ဓ

အမည် ဓအောက်ခြိုက်

ဓ










## အခန်း (၃-စ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့(၂)

## အကြံပြုစာသင်ချိန် - ၁၂ ချိန် (တတိယ မှ စတုတ္ထအချိန်)

### နိဂုံးချုပ်ခြင်း

- 'တ' 'ထ' ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'တ' 'ထ' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆို နိုင်ခြင်း ရှိ မရှိ၊ 'တ' 'ထ' ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။


### တတိယအချိန်၊ စတုတ္ထအချိန်

- အက္ခရာ 'ဒ' 'ဓ' ဗျည်းများကိုလည်း အထက်ပါ နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြား ပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရ ပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'တ' 'ထ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင် ပါသည်။
- လေထဲတွင် ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရမည်။
- လိုအပ်ပါက ကလေး၏ လက်ကို ကိုင်တွယ်ပြီး ပြပြင်ပေးရပါမည်။

## အခန်း (၃-၈)   ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့(၂)
## အကြံပြုစာသင်ချိန် - ၁၂ ချိန် (၁၃၉ မှ ၁၅၀ အချိန်)




### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- 'သင်ကြားပြီး ဗျည်းများကို ရွတ်ဆိုကြမယ်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- အက္ခရာ 'န' ကိုလည်း ဗျည်းအက္ခရာသင်ကြားပုံ သင်ကြားနည်းများအတိုင်း ဆက်လက်သင်ကြားပါမည်။
- ကလေးများကို 'လေ့ကျင့်ကြရအောင်' တွင်ပါရှိသော ရုပ်ပုံများပြပြီး အမည်ကို ပြောစေပါမည်။
- ထို့နောက် ထိုအမည်များသည် 'မည်သည့်အသံနှင့် စသော ဗျည်းများဖြစ်သလဲ'ဟု မေးပါမည်။
- ပေးထားသော ပုံများသာမကဘဲ 'တ' မှ 'န' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကို ပြပြီး ကလေးများကို မေးပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လိုအပ်ပါက ဆရာက အသေးစိတ် ပြန်လည်ရှင်းပြရပါမည်။
- အချိန်ရပါက 'တ'မှ 'န'အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ပြန်လည်ရွတ်ဆိုရေးသားခြင်းများ ပြုလုပ်ရပါမည်။

### နိဂုံးချုပ်ခြင်း

- 'တ' မှ 'န' အထိ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြုလေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- 'န'ဗျည်း၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ၊ 'တ' မှ 'န' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြား ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'တ' မှ 'န' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြပြင် ပေးရပါမည်။

၃။ ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၂)


ပ ပလွေမှုတ် ကိုဖိုးတုတ်။

ပ

အမည် ပစောက်

ပ







ဖ ဖရုံယို အလွန်ချို။


ဖ

အမည် ဖဦးထုပ်

ဖ







## အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရ ပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'ပ' 'ဖ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြပြင်ပေးရပါမည်။

## အခန်း (၃-စ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုရို့ ဗျည်းသံရုပ်ပုံရွေးချယ်ရို့(၂)

အကြံပြုစာသင်ချိန် - ၁၂မိနစ်

(သတ္တမ မှ အဋ္ဌမ အချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ပ' 'ဖ' ဗျည်းလက်ာလေးတွေ ရွတ်ဆိုကြရအောင်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ာကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ပ'ကိုပြပြီး အသံအနေဖြင့် 'ပ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ပ'ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ပ' ကိုပြပြီး အမည်အနေဖြင့် 'ပစောက်' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ပစောက်'ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'ပ' ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက 'ပ'ဗျည်းဖြင့် စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- လေထဲတွင် 'ပ' ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ 'ဖ' ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ပ' 'ဖ' ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ပ' 'ဖ' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ 'ပ' 'ဖ' ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၃-၈) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့**
**ဗျည်းသံရုပ်ပုံရွေးချယ်စို့(၂)**
**အကြံပြုစာသင်ချိန် - ၁၂ချိန်**
**(နဝမ မှ ဒသမ အချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ‘ဗ’ ‘ဘ’ ဗျည်းလက်ာလေးတွေ ရွတ်ဆိုကြရအောင်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဗျည်းကားချပ်ကို ဦးစွာချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ာကို ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ ‘ဗ’ ကိုပြပြီး အသံအနေဖြင့် ‘ဗ’ ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ ‘ဗ’ ကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ ‘ဗ’ ကိုပြပြီး အမည်အနေဖြင့် ‘ဗထက်ခြိုက်’ ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် ‘ဗထက်ခြိုက်’ကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ‘ဗ’ ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက ‘ဗ’ ဗျည်းဖြင့်စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- လေထဲတွင် ‘ဗ’ ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ ‘ဘ’ ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

### နိဂုံးချုပ်ခြင်း

- ‘ဗ’ ‘ဘ’ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ‘ဗ’ ‘ဘ’ ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြား ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




## အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ ‘ဗ’ ‘ဘ’ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြပြင် ပေးရပါမည်။

၃။ ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၂)



မ မမလေး ဝလုံးရေး။



မ



အမည် မ



မ










**လေ့ကျင့်ကြရအောင်**











## အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'ပ' မှ 'မ' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်တွင် စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင် ပေးရပါမည်။

## အခန်း (၃-၈) ရုပ်ပုံကြည့်ကာ ရွတ်ဆိုရို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၂)

အကြံပြုစာသင်ချိန် - ၁၂ချိန်
(ကေဒသမ မှ ခွာဒသမ အချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- သင်ကြားပြီးဗျည်းများကို ရွတ်ဆိုစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အက္ခရာ 'မ' ကိုလည်း ဗျည်းအက္ခရာသင်ကြားပုံ သင်ကြားနည်းများအတိုင်း ဆက်လက်သင်ကြားပါမည်။
- ကလေးများကို 'လေ့ကျင့်ကြရအောင်' တွင်ပါရှိသော ရုပ်ပုံများပြပြီး အမည်ကို ပြောစေပါမည်။
- ထို့နောက် ထိုအမည်များသည် 'မည်သည့်အသံနှင့် စသော ဗျည်းများဖြစ်သလဲ' ဟု မေးပါမည်။
- ပေးထားသော ပုံများသာမကဘဲ 'ပ မှ မ' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကို ပြပြီး ကလေးများကို မေးပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လိုအပ်ပါက ဆရာက အသေးစိတ် ပြန်လည်ရှင်းပြရပါမည်။
- အချိန်ရပါက 'ပ'မှ'မ'အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ပြန်လည်ရွတ်ဆို ရေးသားခြင်းများ ပြုလုပ်ရပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ပ' မှ 'မ'အထိ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ပ' မှ 'မ'အထိဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ 'ပ' မှ 'မ' အထိ ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-ဂ) တစ်နှစ် စာကိုချစ် (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ဒီနေ့ တစ် နှစ် စာကိုချစ် ကဗျာလေးကို ရွတ်ဆိုကြမယ်။ ဒါကြောင့် ၁ မှ ၁၀ အထိ ဂဏန်းလေးတွေကို ပြန်ပြီး ရွတ်ဆိုကြည့်ရအောင်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကလေးများကို လေထဲတွင် ကိန်းဂဏန်းများ ရေးဆွဲစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကဗျာကို ပြန်လည်ရွတ်ဆိုပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာပါကိန်းဂဏန်းများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက်အသံနေအသံထား မှန်မှန် ရွတ်ဆိုခြင်းရှိ မရှိ၊ မှန်ကန်ခြင်း ရှိ မရှိကို ကြည့်ရှုခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါမည်။


၃။ ဗျည်းကဗျာလက်သများ ရွတ်ဖတ်ရေးစို့လား (၂)

(ဂ) တစ် နှစ် စာကိုချစ်

၁ ၂
တစ် နှစ်၊ စာကို ချစ်။
၃ ၄
သုံး လေး၊ မသိတာ မေး။
၅ ၆
ငါး ခြောက်၊ နှစ်ချင်းပေါက်။
၇ ၈
ခုနစ် ရှစ်၊ တပည့် ချစ်။
၉ ၁၀
ကိုး တစ်ဆယ်၊ ကြိုးစားမယ်။
တင်မိုး

၂၆

### အဓိကအချက်များ

- ကိန်းဂဏန်းများရေးသားခြင်းထက် ကဗျာကို ပျော်ရွှင်စွာရွတ်ဆိုခြင်းသည်သာလျှင် အဓိကဖြစ်ပါသည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ပြောကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

၄။ ဖျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

## အခန်း ၄ ဖျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

### (က) တောင်တောရယ်သာ (ကဗျာ)




### အစိကအချက်များ

- ကဗျာကို ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲဝံ့စွာ ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- ကျေးငှက်သည် ငှက်အမျိုးမျိုးကို ခြုံခေါ်သော အမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။

## အခန်း (၄-က) တောင်တောရယ်သာ (ကဗျာ) အကြံပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို အသံနေ အသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကလေးများ ကြည့်ရှုစေပြီး မေးခွန်းများမေး၍ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁)ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂)ဘယ်နေရာလေး ဖြစ်မယ်ထင်သလဲ
စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေအသံထား မှန်မှန် ရွတ်ဆို ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- ကဗျာကို ပြန်လည်ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေ အသံထားမှန်မှန်ဖြင့် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၄-ခ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၃)**
**အကြံပြုစာသင်ချိန် -စချိန်(ပထမ မှ ဒုတိယအချိန်)**

**သင်ယူမှုဦးတည်ချက်**

- ဗျည်းအသံ၊ ဗျည်းအမည်များကို ရွတ်ဆိုတတ်ပြီး မှန်ကန်စွာ ရေးသားတတ်ရန်
- ရုပ်ပုံများကို ကြည့်၍ ကလေးများ ပြောပြတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**


- ဆရာပြုလုပ်ထားသော ဗျည်းအက္ခရာ ကားချပ် (ပစ္စည်း စစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

**သင်ကြားသင်ယူမှုလုပ်ငန်း**
**နိဒါန်း**

- 'ယ' 'ရ' ဗျည်းလက်ခလေးတွေ ရွတ်ဆိုကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ခကို ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ယ' ကိုထောက်ပြပြီး အသံအနေဖြင့် 'ယ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ယ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ယ' ကိုထောက်ပြပြီး အမည်အနေဖြင့် 'ယပက်လက်' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ယပက်လက်' ကိုလိုက်၍ ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'ယ' ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက 'ယ' ဗျည်းဖြင့်စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- လေထဲတွင် 'ယ' ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ'ရ'ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်း အတိုင်း ဆက်လက်သင်ကြားပါမည်။




(ခ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၃)

ယ ယမင်းခင် ကကြိုးဆင်။

ယ

အမည် ယပက်လက်



ရ ရထားကြီး ပျော်ပျော်စီး။

ရ

အမည် ရကောက်





**အဓိကအချက်များ**

- ဗျည်းများ၏ အသံနှင့် အမည်ကို မှန်ကန်စွာ ခွဲခြားရွတ်ဆို ရေးသားတတ်ရပါမည်။

**အရေးကြီးသောအချက်များ**

- ရထားကို မီးရထားဟုလည်း ခေါ်နိုင်ကြောင်း၊ ရထားအမျိုးမျိုး ရှိကြောင်းကို ရှင်းပြရမည်။
- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'ယ' 'ရ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်အတွင်း စိတ်ဝင်စားစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။

၄။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

လ လဝါဝါ ထိန်ထိန်သာ။

လ


အမည် လ

လ










ဝ ဝတုတ်တုတ် ဖိုးဝရုပ်။

ဝ

အမည် ဝ

ဝ










## အခန်း (၄-စ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၃)
## အကြံပြုစာသင်ချိန် -စချိန်(တတိယ မှ စတုတ္ထအချိန်)

**နိဂုံးချုပ်ခြင်း (ပထမအချိန်၊ ဒုတိယအချိန်)**

- 'ယ' 'ရ' ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ယ' 'ရ' ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် 'ယ' 'ရ' ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**တတိယအချိန်၊ စတုတ္ထအချိန်**

- အက္ခရာ 'လ' 'ဝ' ဗျည်းများကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

**အရေးကြီးသောအချက်များ**

- ဗျည်းအသံနှင့် အမည် ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'လ' 'ဝ' ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်အတွင်း စိတ်ဝင်စားမှုရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရမည်။

## အခန်း (၄-စ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုနို့ ဗျည်းသံရုပ်ပုံရွေးချယ်နို့ (၃)
**အကြံပြုစာသင်ချိန် - ၈ချိန်(ပဥ္စမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ‘သ’ ‘ဟ’ဗျည်းလက်ဘလေးတွေ ရွတ်ဆိုကြရအောင်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်းကားချပ်ကို ဦးစွာချိတ်ဆွဲပြပါမည်။
- ဗျည်းလက်ဘကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ ‘သ’ ကိုပြပြီး အသံအနေဖြင့် ‘သ’ ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ ‘သ’ ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ ‘သ’ ကိုပြပြီး အမည်အနေဖြင့် ‘သ’ ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် ‘သ’ ကိုလိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ‘သ’ ဗျည်းရှိ ရုပ်ပုံများကို ကြည့်စေကာ မေးခွန်းများကို မေးပါမည်။
- ဆရာက ‘သ’ ဗျည်းဖြင့်စသော စကားလုံးများဖြစ်ကြောင်း ပြောကာ ရွတ်ဆိုပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- လေထဲတွင် ‘သ’ ရေးသားပုံကို ပြသကာ ကျောင်းသားများကိုလည်း လေထဲတွင် ရေးသားစေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- အက္ခရာ ‘ဟ’ ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- ‘သ’ ‘ဟ’ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ‘သ’ ‘ဟ’ ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ ‘သ’ ‘ဟ’ ဗျည်းများကို လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ အကဲဖြတ်ပါမည်။




### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ ‘သ’ ‘ဟ’ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်အတွင်း စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရပါမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- သပြေသည် အရွက်နုကို ပန်းအဖြစ် ပူဇော်ရသော အပင်တစ်မျိုး ဖြစ်ကြောင်း ရှင်းပြရပါမည်။

၄။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

အ အမိမြေ တို့တိုင်းပြည်
ငါတို့ ချစ်တဲ့မြေ။




အ




အမည် အ




အ အ

**လေ့ကျင့်ကြရအောင်**



# အခန်း (၄-၈) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၃)
## အကြံပြုစာသင်ချိန် -၂ချိန် (သတ္တမ မှ အဋ္ဌမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- သင်ကြားပြီး ဗျည်းများကို ရွတ်ဆိုစေကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- အက္ခရာ 'အ'ကိုလည်း ဗျည်းအက္ခရာသင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- ကလေးများကို 'လေ့ကျင့်ကြရအောင်' တွင်ပါရှိသော ရုပ်ပုံများပြပြီး အမည်ကို ပြောစေပါမည်။
- ထို့နောက် ထိုအမည်များသည် 'မည်သည့်အသံနှင့် စသော ဗျည်းများဖြစ်သလဲ' ဟု မေးပါမည်။
- ပေးထားသော ပုံများသာမကဘဲ 'ယ' မှ 'အ' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုပြပြီး ကလေးများကို မေးပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လိုအပ်ပါက ဆရာက အသေးစိတ် ပြန်လည် ရှင်းပြရပါမည်။
- အချိန်ရပါက 'ယ' မှ 'အ' အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ပြန်လည်ရွတ်ဆိုရေးသားခြင်းများ ပြုလုပ်ရပါမည်။

### နိဂုံးချုပ်ခြင်း

- 'ယ' မှ 'အ' အထိ ဗျည်းကတ်ပြားနှင့် ရုပ်ပုံများကို အသုံးပြု လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'ယ' မှ 'အ' အထိ ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြား ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းအသံနှင့် အမည်ခြားနားပုံကို ဆရာက သေချာစွာ သင်ကြားပေးရပါမည်။
- ရေးသားပုံမှန်ကန်စေရန်အတွက် ဆရာက တည့်မတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံများသာမကဘဲ 'ယ' မှ 'အ' အထိ ဗျည်းများနှင့် သက်ဆိုင်သော ပုံများကိုလည်း ဆရာက ရှာဖွေပြီး မေးမြန်းရပါမည်။
- ဗျည်းအက္ခရာများကို သင်ကြားနေစဉ်အတွင်း စိတ်ဝင်စားမှု ရှိစေရန် ဂရုပြုရပါမည်။
- ရုပ်ပုံကတ်ပြားများ အသုံးပြု၍ အသံထွက်ပုံကို လေ့ကျင့်ပေးနိုင်ပါသည်။
- လေထဲတွင်ရေးသားရာ၌ ဆရာက သင်ပုန်းဘက်ကို မျက်နှာမူပြီး ရေးသားပြရမည်။
- လိုအပ်ပါက ကလေး၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရမည်။
- ဗျည်းကဗျာလင်္ကာကို ဆရာတင်မိုး ရေးဖွဲ့ထားကြောင်း ဆရာများ သိရှိရပါမည်။

## အခန်း (၅-က) အပျော်မီးရထား (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

♦ ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း
### နိဒါန်း

♦ ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကလေးများ ကြည့်ရှုစေပြီး မေးခွန်းများမေး၍ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေ တွေ့ရသလဲ။

(၂) သူတို့ဘာတွေ လုပ်နေကြတာလဲ။

(၃) ရထားကြီးခုတ်မောင်းသွားရင် ဘယ်လို အသံတွေကြားရမယ် ထင်သလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

### လုပ်ငန်းစဉ်

♦ ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ဆရာကဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

### နိဂုံးချုပ်ခြင်း

♦ 'ကဗျာကို ဟန်အမူအရာနဲ့ ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုနိုင်ကြပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၅ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)

### (က) အပျော်မီးရထား (ကဗျာ)

**အပျော်မီးရထား**

မီးရထားကြီး တဂျုတ်ဂျုတ်
သွားတော့ တလှုပ်လှုပ်။
ရှေ့တိုးနောက်ဆုတ် လမ်းပြောင်းယူ
ရှန်တိန် လုပ်နည်းတူ။
နောက်ကလိုက်သူ ရထားထိန်း
လှုပ်ပြ အလံစိမ်း။
ဘယ်ညာယိမ်းတဲ့ ခေါင်းတွဲဟာ
အင်ဂျင် မဟုတ်ပါ။
ပိုင်းစက်မျက်နှာ ကိုယ်မှာလုံး
အစ်ကို အကြီးဆုံး။
ဂျုန်းဂျုန်းဂျက်ဂျက် အော်ကာကွယ်
ညီလေး ညီမငယ်။
တွဲများသဖွယ် ချိတ်ကာသွား
အပျော် မီးရထား။
ဇဝန






### အဓိကအချက်များ

♦ ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ ထင်မြင်ချက်များကို ရဲရဲတင်းတင်း ပြောစေပါမည်။


### အရေးကြီးသောအချက်များ

♦ ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။

♦ ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

♦ အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

## (ခ) အသုံးနည်းသောဗျည်းများ သင်ကြားကြစို့လား







## အစိကအချက်များ

- ရေးသားပုံခက်ခဲသော ဗျည်းများဖြစ်သည့်အတွက် ဆရာက ရေးဆွဲပုံကို သေချာစွာ ပြသရပါမည်။

## အရေးကြီးသောအချက်များ

- ကလေးများ 'ဃ' နှင့် 'ဈ' ဗျည်းအသံနှင့် အမည်များကို သေချာစွာ သိရှိစေရပါမည်။
- 'ဃ' နှင့် 'ဂ' ဗျည်းသံတူပုံ
- 'ဈ' နှင့် 'ဇ' ဗျည်းသံတူပုံ တို့ကို ကလေးများကို ရှင်းပြပါမည်။
- ဗျည်းသံတူသော်လည်း ဗျည်းအမည် ကွဲပြားကြောင်း ရှင်းပြရပါမည်။
- ဥပမာ။ ။ 'ဃ' ၏အမည် 'ဃကြီး'
  'ဂ' ၏အမည် 'ဂငယ်'
  'ဈ' ၏အမည် 'ဈမျဉ်းဆွဲ'
  'ဇ' ၏အမည် 'ဇကွဲ'

## အခန်း (၅–ခ) အသုံးနည်းသော ဗျည်းများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- အသုံးနည်းသော ဗျည်းများကို မှန်ကန်စွာ ဖတ်တတ်၊ ရေးတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ဗျည်းစာလုံးကတ်ပြားများကို ပြုလုပ်အသုံးပြုရန်

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဒီနေ့ အသုံးနည်းတဲ့ ဗျည်းတွေထဲက 'ဃ' 'ဈ' ဗျည်းတွေကို သင်ယူကြမယ်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အက္ခရာ 'ဃ' ကို ပြပြီး အသံအနေနဲ့ 'ဃ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ဃ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဃ' ကို ပြပြီး အမည်အနေဖြင့် 'ဃကြီး' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ဃကြီး' ကိုလိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လေထဲတွင် 'ဃ' ၏ရေးသားပုံကို ပြသကာ ကျောင်းသားများကို လေထဲတွင် ရေးသားစေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးဆွဲပုံရေးဆွဲနည်း မှန်ကန်စွာ ရေးသားစေပါမည်။
- အက္ခရာ 'ဈ'ကိုလည်း အထက်ပါနည်းအတိုင်း ဆက်လက် သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- အက္ခရာ 'ဃ' 'ဈ' ဗျည်းကတ်ပြားကို အသုံးပြု၍ လေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-ခ) အသုံးနည်းသော ဗျည်းများသင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန်(တတိယမှ စတုတ္ထအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဒီနေ့ အသုံးနည်းတဲ့ ဗျည်းတွေထဲက 'ဋ' 'ဌ' ဗျည်းတွေကို သင်ယူကြမယ် ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အက္ခရာ 'ဋ' ကို ပြပြီး အသံအနေနဲ့ 'ဋ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ဋ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဋ' ကို ပြပြီး အမည်အနေနဲ့ 'ဋသန်လျင်းချိတ်' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ဋသန်လျင်းချိတ်' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လေထဲတွင် 'ဋ'၏ရေးသားပုံကို ပြသကာ ကျောင်းသားများကို လေထဲတွင် ရေးသားစေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးဆွဲပုံရေးဆွဲနည်း မှန်ကန်စွာ ရေးသားစေပါမည်။
- အက္ခရာ 'ဌ' ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- အက္ခရာ 'ဋ' 'ဌ' ဗျည်းကတ်ပြားကို အသုံးပြုလေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



၅။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)


(ခ) အသုံးနည်းသောဗျည်းများ သင်ကြားကြစို့လား



၃၃

### အရေးကြီးသောအချက်များ

- ကလေးများ 'ဋ'နှင့် 'ဌ' ဗျည်းအမည်နှင့် အသံများကို သေချာစွာ သိရှိစေရပါမည်။
- 'ဋ' နှင့် 'တ' ဗျည်းသံတူပုံ
- 'ဌ' နှင့် 'ထ' ဗျည်းသံတူပုံတို့ကို ကလေးများကို ရှင်းပြရပါမည်။
- ဗျည်းသံတူသော်လည်း ဗျည်းအမည်ကွဲပြားကြောင်း ရှင်းပြရပါမည်။
- ဥပမာ။ ။'ဋ' ၏အမည် 'ဋသန်လျင်းချိတ်'
  'တ' ၏အမည် 'တဝမ်းပူ'
  'ဌ' ၏အမည် 'ဌဝမ်းဘဲ'
  'ထ' ၏အမည် 'ထဆင်ထူး'




**အရေးကြီးသောအချက်များ**

- ကလေးများ 'ဍ' နှင့် 'ဎ' ဗျည်းအမည်များကို သေချာစွာ သိရှိစေရပါမည်။
- 'ဍ' နှင့် 'ဒ' ဗျည်းသံတူပုံ
- 'ဎ' နှင့် 'ဓ' ဗျည်းသံတူပုံ တို့ကို ကလေးများအား ရှင်းပြရပါမည်။
- ဗျည်းသံတူသော်လည်း ဗျည်းအမည်ကွဲပြားကြောင်း ရှင်းပြရပါမည်။
- ဥပမာ။ ။ 'ဍ' ၏အမည် 'ဍရင်ကောက်'
  'ဒ' ၏အမည် 'ဒထွေး'
  'ဎ' ၏အမည် 'ဎ ရေမှုတ်'
  'ဓ' ၏ အမည် 'ဓအောက်ခြိုက်'

## အခန်း (၅-၈) အသုံးနည်းသော ဗျည်းများသင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် - ၈ချိန် (ပဥ္စမ မှ ဆဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဒီနေ့ အသုံးနည်းတဲ့ ဗျည်းတွေထဲက 'ဍ' 'ဎ' ဗျည်းတွေကို သင်ယူကြမယ်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အက္ခရာ 'ဍ' ကို ပြပြီး အသံအနေနဲ့ 'ဍ' ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ဍ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဍ' ကို ပြပြီး အမည်အနေနဲ့ 'ဍရင်ကောက်' ဟု ခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ဍရင်ကောက်' ကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လေထဲတွင် 'ဍ'၏ ရေးသားပုံကို ပြသကာ ကျောင်းသားများကို လေထဲတွင် ရေးသားစေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးဆွဲပုံ ရေးဆွဲနည်း မှန်ကန်စွာ ရေးသားစေပါမည်။
- အက္ခရာ 'ဎ' ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်း အတိုင်း ဆက်လက်သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- အက္ခရာ 'ဍ' 'ဎ' ဗျည်းကတ်ပြားကို အသုံးပြုလေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းများ၏ အသံနှင့်အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

**အခန်း (၅-ခ) အသုံးနည်းသော ဗျည်းများသင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် - ၈ချိန် (သတ္တမ မှ အဋ္ဌမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဒီနေ့ အသုံးနည်းတဲ့ ဗျည်းတွေထဲက 'ဏ' 'ဠ' ဗျည်းတွေကို သင်ယူကြမယ် ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်


- အက္ခရာ 'ဏ'ကိုပြပြီး အသံအနေနဲ့ 'ဏ'ဟု အသံထွက်ကြောင်း ပြောပြပါမည်။
- ဗျည်းသံ 'ဏ' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အက္ခရာ 'ဏ' ကို ပြပြီး အမည်အနေနဲ့ 'ဏကြီး' ဟုခေါ်ကြောင်း ပြောပြပါမည်။
- ဗျည်းအမည် 'ဏကြီး' ကို လိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- လေထဲတွင် 'ဏ' ၏ ရေးသားပုံကို ပြသကာ ကျောင်းသားများကို လေထဲတွင် ရေးသားစေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးဆွဲပုံရေးဆွဲနည်း မှန်ကန်စွာ ရေးသားစေပါမည်။
- အက္ခရာ 'ဠ' ကိုလည်း ဗျည်းအက္ခရာ သင်ကြားနည်းအတိုင်း ဆက်လက်သင်ကြားပါမည်။

### နိဂုံးချုပ်ခြင်း

- အက္ခရာ 'ဏ' 'ဠ' ဗျည်းကတ်ပြားကို အသုံးပြုလေ့ကျင့်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်းများ၏ အသံနှင့် အမည်ကို ခွဲခြားရွတ်ဆိုနိုင်ခြင်း ရှိ မရှိ လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။




## အရေးကြီးသောအချက်များ

- ကလေးများ 'ဏ' နှင့် 'ဠ' ဗျည်းအမည်များကို သေချာစွာ သိရှိစေရပါမည်။
- 'ဏ' နှင့် 'န' ဗျည်းသံတူပုံ
- 'ဠ' နှင့် 'လ' ဗျည်းသံတူပုံတို့ကို ကလေးများအား ရှင်းပြရ ပါမည်။
- ဗျည်းသံတူသော်လည်း ဗျည်းအမည် ကွဲပြားကြောင်း ရှင်းပြရပါမည်။
- ဥပမာ။ ။'ဏ' ၏အမည် 'ဏကြီး'
  'န' ၏အမည် 'နငယ်'
  'ဠ' ၏အမည် 'ဠကြီး'
  'လ' ၏အမည် 'လ'

## (ဂ) အသံမှန်မှန် ရွတ်ဆိုရန်

ဗျည်းအသံလေးတွေ ရွတ်ဆိုကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |



### အဓိကအချက်များ

- ဗျည်းများကို ရွတ်ဆိုရာတွင် ဗျည်းတစ်လုံးချင်း၏ အသံထွက် မှန်ကန်မှု ရှိ မရှိကို ဆရာက ဂရုပြုရပါမည်။
- ကလေးများ က မှ အ အထိ ပိုမိုမှတ်မိစေရန် နည်းလမ်းအမျိုးမျိုး ကို သုံး၍ သင်ကြားနိုင်ပါသည်။

### အရေးကြီးသော အချက်များ

- ဗျည်း ၃၃လုံး၏ အသံထွက် မှန်ကန်မှု ရှိ မရှိကို ဆရာက သေချာစွာ နားထောင်ပြီး လိုအပ်ပါက အသံထွက်အမှန်ကို ပြုပြင်ပေးရပါမည်။

## အခန်း (၅-ဂ) အသံမှန်မှန်ရွတ်ဆိုရန်
## အကြံပြုစာသင်ချိန် - ၃ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်း ၃၃ လုံး၏အသံနှင့်အမည်ကို သေချာစွာ သိရှိ၍ မှန်မှန်ကန်ကန် အစဉ်လိုက် ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ဗျည်း ၃၃လုံးပါ ကားချပ်

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ဒီနေ့ ကလေးတို့ သင်ပြီးတဲ့ ဗျည်း ၃၃ လုံးရဲ့ အသံတွေကို ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ဗျည်းကားချပ်ကို အသုံးပြု၍ ဗျည်းသံများကို ဦးစွာရွတ်ဆိုပြရပါမည်။ ရွတ်ဆိုရာတွင် ကဝဂ်ကို ဦးစွာ ရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း ကဝဂ်ဗျည်းများကို လိုက်၍ ရွတ်ဆိုစေပါမည်။
- ထို့နောက် ကလေးတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် ရွတ်ဆိုစေပါမည်။
- ကျန်ရှိသော ဝဂ်ဗျည်းများကိုလည်း အထက်ပါနည်း အတိုင်း သင်ကြားရွတ်ဆိုစေပါမည်။
- က မှ အ အထိ ကလေးများကို ရွတ်ဆိုစေပါမည်။
- နှစ်ယောက်တစ်တွဲ အသံထွက် ရွတ်ဆိုစေပါမည်။
- ကလေးတစ်ဦးချင်းကို အသံထွက် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'က မှ အ' အထိ ဗျည်းအစဉ်လိုက်မဟုတ်ဘဲ ဆရာ ထောက်ပြသော ဗျည်းကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ဗျည်း ၃၃ လုံးကို ဝဂ် အလိုက် အသံထွက် မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ အစဉ်လိုက်မဟုတ်ဘဲ မေးသောဗျည်းများကိုလည်း ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း (၅-ဂ) အသံမှန်မှန်ရွတ်ဆိုရန်
## အကြံပြုစာသင်ချိန် - ၁ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ကလေးတို့ သင်ပြီးတဲ့ ဗျည်း ၃၃ လုံးရဲ့ အသံတွေကို အစဉ်လိုက် ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ဗျည်းကားချပ်ကို အသုံးပြု၍ ဗျည်းအမည်များကို ဦးစွာရွတ်ဆိုပြရပါမည်။ ရွတ်ဆိုရာတွင် ကဝဂ် ဗျည်းများကို ဦးစွာရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း ကဝဂ်ဗျည်းများကို လိုက်၍ ရွတ်ဆိုစေပါမည်။
- ထို့နောက် ကလေးတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် ရွတ်ဆိုစေပါမည်။
- ကျန်ရှိသော ဝဂ်ဗျည်းအမည်များကိုလည်း အထက်ပါနည်းအတိုင်း သင်ကြားရွတ်ဆိုစေပါမည်။
- က မှ အ အထိ ကလေးများကို ရွတ်ဆိုစေပါမည်။
- နှစ်ယောက်တစ်တွဲ အသံထွက် ရွတ်ဆိုစေပါမည်။
- ကလေးတစ်ဦးချင်းကို အသံထွက် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'က မှ အ' အထိ ဗျည်းတွေရဲ့ အမည်ကို အစဉ်လိုက် ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ဗျည်း ၃၃ လုံး၏ အမည်များကို မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



ဗျည်းအမည်လေးတွေ ပြောကြရအောင်။


| | | | | |
|---|---|---|---|---|
| က (ကကြီး) | ခ (ခခွေး) | ဂ (ဂငယ်) | ဃ (ဃကြီး) | င (င) |
| စ (စလုံး) | ဆ (ဆလိမ်) | ဇ (ဇကွဲ) | ဈ (ဈမျဉ်းဆွဲ) | ည (ည) |
| ဋ (ဋသန်လျင်းချိတ်) | ဌ (ဌဝမ်းဘဲ) | ဍ (ဍရင်ကောက်) | ဎ (ဎရေမှုတ်) | ဏ (ဏကြီး) |
| တ (တဝမ်းပူ) | ထ (ထဆင်ထူး) | ဒ (ဒထွေး) | ဓ (ဓအောက်ခြိုက်) | န (နငယ်) |
| ပ (ပစောက်) | ဖ (ဖဦးထုပ်) | ဗ (ဗထက်ခြိုက်) | ဘ (ဘကုန်း) | မ (မ) |
| ယ (ယပက်လက်) | ရ (ရကောက်) | လ (လ) | ဝ (ဝ) | သ (သ) |
| | ဟ (ဟ) | ဠ (ဠကြီး) | အ (အ) | |





### အရေးကြီးသောအချက်များ

- ဗျည်း ၃၃ လုံး၏ အမည် ရွတ်ဆိုမှု မှန်ကန်ခြင်း ရှိ မရှိကို ဆရာက သေချာစွာ နားထောင်ပြီး လိုအပ်ပါက ဗျည်းအမည် အမှန်ကို ပြုပြင်ပေးရပါမည်။




## အခန်း (၅-ဂ) အသံမှန်မှန်ရွတ်ဆိုရန်
## အကြံပြုစာသင်ချိန် - ၃ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ကလေးတို့ သင်ပြီးတဲ့ ဗျည်း ၃၃ လုံးရဲ့ အသံနဲ့အမည်တွေကို အစဉ်လိုက် ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ➊ ရှိ 'က' နှင့် 'ယ' ဗျည်းကို သင်ပုန်းပေါ်တွင် ရေး၍ အသံနှင့် အမည်ကို ဖတ်ပြပါမည်။
- ကလေးများကို လိုက်၍ဖတ်စေပါမည်။
- ထို့နောက် ➊ ရှိ ကျန်ဗျည်းများ၏ အသံနှင့် အမည်ကို အထက်ပါ နည်းအတိုင်း နှစ်ယောက်တစ်တွဲ ရွတ်ဆိုစေပါမည်။
- ➋ ➌ ကို ဗျည်းအကွာရာ သင်ကြားနည်းအတိုင်း အဖတ်အရွတ် လေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဗျည်းအသံများကို ရွတ်ဆိုရာတွင် ပုံသဏ္ဌာန်ဆင်တူသော ဗျည်းများကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ဗျည်းများ၏ အသံနှင့် အမည်များကို မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းများ၏ အသံနှင့်အမည်များ ရွတ်ဆိုမှုနှင့် ရေးသားမှု မှန်ကန်ခြင်း ရှိ မရှိကို ဆရာက သေချာစွာ စစ်ဆေးရပါမည်။ လိုအပ်လျှင် ဆရာက ပြုပြင်ပေးရပါမည်။
- အိမ်တွင် ပြန်လည် ဖတ်ရွတ်ရန် ပြောကြားရပါမည်။

# အခန်း (၅-ဃ)ဗျည်းကလေးတွေကိုကြည့်ကာရယ် သိမှတ်ဖို့ကိုလေ့ကျင့်မယ်

## အကြံပြုစာသင်ချိန် - ၃ချိန် (ပထမအချိန်)

**သင်ယူမှုဦးတည်ချက်**

- ဗျည်း ၃၃ လုံးကို ပိုမိုမှတ်မိသိရှိရန် (ပြန်လည်လေ့ကျင့်ခြင်း)

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါဗျည်းကားချပ်

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- 'က' မှ 'အ'အထိ ဗျည်းအမည်များကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ ဗျည်းကားချပ်ကို သေသေချာချာ ကြည့်စေပြီး ဆရာနှင့်အတူရွတ်ဆိုပါမည်။
- ဗျည်းကားချပ်ကို ကြည့်၍ ဗျည်းအမည်များကို အသံမှန်မှန် ရွတ်ဆိုစေပါမည်။
- ဗျည်းကားချပ်ရှိ ကွက်လပ်ဖြစ်နေသော နေရာတွင် ထည့်ရမည့် ဗျည်းစာလုံးများကို ကလေးတစ်ဦးစီ စဉ်းစားစေမည်။
- ဗျည်းကားချပ်ရှိ ကွက်လပ်ဖြစ်နေသော ဗျည်းများကို ကွက်လပ်ဖြည့် ရေးသားစေပါမည်။
- ကွက်လပ်ဖြည့်ပြီးသော ဗျည်းများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စစ်ဆေးစေပါမည်။
- ကွက်လပ်တွင်ဖြည့်ပြီးသော ဗျည်းစာလုံးများကို တစ်တန်းလုံး မှန် မမှန် မေးပါမည်။ အခြား ဗျည်းများကိုလည်း ကွက်လပ်အဖြစ် ပြုလုပ်၍ မေးနိုင်ပါသည်။
- ဠ၊ ဋ၊ ဍ၊ ဎ၊ ဏ စသည်တို့ကို ဖြည့်သွင်းရာတွင် မှားယွင်းနေပါက လေထဲတွင် ပြန်လည်ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'က မှ အ အထိဗျည်းများကို ပြန်လည်ရွတ်ဆိုပြီး ကွက်လပ်ဖြစ်နေသော ဗျည်းများကို ပြောကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။


**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ရမည့် ဗျည်းစာလုံးများကို ကလေးများ မှန်ကန်စွာ ဖြည့်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးပါမည်။

၅။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)

### (ဃ) ဗျည်းကလေးတွေကို ကြည့်ကာရယ် သိမှတ်ဖို့ကို လေ့ကျင့်မယ်

က မှ အ အထိ အောက်ပါဗျည်းများကို ပြည့်စုံအောင်ဖြည့်ပါ။




၃၈

**အဓိကအချက်များ**

- ဗျည်း(၃၃)လုံး၏အမည်များကို ရွတ်ဖတ်တတ်ရပါမည်။
- ကွက်လပ်တွင် လိုအပ်သော ဗျည်းစာလုံးများကို ဖြည့်သွင်း ရေးသားတတ်ရပါမည်။

**အရေးကြီးသောအချက်များ**

- ကလေးများ ဗျည်း(၃၃)လုံးကို အရစ်အဆွဲမှန်ကန်စွာဖြင့် ရေးသားတတ်ရပါမည်။
- လိုအပ်သောနေရာများတွင် ဗျည်းစာလုံးများကို မှန်ကန်စွာ ဖြည့်တတ်ရပါမည်။
- ဗျည်းစာလုံးအမှန်ကို မဖြည့်နိုင်သော ကလေးများအတွက် လေထဲတွင် ရေးသားကြည့်စေပြီး ကွက်လပ်ကို ဖြည့်စွက်စေရပါမည်။

၅။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)

တူတဲ့ဗျည်းတွေကို ရွေးကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ဝ | ထ | က | င |
| ဂ | ထ | ဂ | စ | ဓ |
| ခ | က | ဃ | ည | ခ |
| ည | ဂ | က | ည | ဋ |
| တ | ဈ | တ | ခ | ဃ |
| ဃ | ဃ | ခ | ဂ | င |
| င | ဆ | င | စ | ဓ |
| ဈ | က | ဓ | ဈ | ည |
| ထ | ည | ပ | က | ထ |
| ပ | ဋ | ဍ | ပ | ထ |
| ဓ | ဠ | ဓ | ဏ | စ |

## အရေးကြီးသောအချက်များ

- ကလေးများ ထပ်မံလေ့ကျင့်နိုင်ရန် အခြားဗျည်းစာလုံးတန်းများကိုလည်း စီစဉ်ထားရပါမည်။

## အခန်း (၅-ဃ)ဗျည်းကလေးတွေကိုကြည့်ကာရယ် သိမှတ်ဖို့ကိုလေ့ကျင့်မယ် အကြံပြုစာသင်ချိန် - ၃ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- 'က' မှ 'အ'အထိ ဗျည်းအမည်လေးတွေကို ပြန်လည်ရွတ်ကြရအောင်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- 'တူတဲ့ဗျည်းတွေကို ရွေးကြရအောင်' ရှိ ပထမဆုံးဗျည်းစာလုံးတန်းများကို ရွတ်ဆိုစေပါမည်။
- မည်သည့်ဗျည်းကို ဝိုင်းထားသလဲ၊ ဘာလို့ ဝိုင်းထားသလဲစသဖြင့် မေးပြီး ကလေးများကို ဖြေစေပါမည်။
- 'ကဲ ကျန်တဲ့ ဗျည်းစာလုံးတန်းတွေထဲက တူတဲ့ ဗျည်းကလေးတွေကိုလည်း ဝိုင်းကြည့်ကြရအောင်'ဟု ပြောပြီး အထက်ပါနည်းအတိုင်း ဝိုင်းစေပါမည်။
- ပြီးလျှင် ကလေး နှစ်ယောက်တစ်တွဲ အပြန်အလှန် စစ်ဆေးစေပါမည်။
- ဝိုင်းထားသော စာလုံးများကို ကလေးတစ်ဦးချင်းစီ အတန်းသားများအား ပြောစေပါမည်။

#### နိဂုံးချုပ်ခြင်း

- 'ဒီဗျည်းလေးတွေအပြင် အခြားတူတဲ့ ဗျည်းလေးတွေကိုလည်း ဝိုင်းကြည့်ကြရအောင်' ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ ဗျည်းစာလုံးများကို မှန်ကန်စွာ ပြောဆိုရွေးချယ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-ဃ)ဗျည်းကလေးတွေကိုကြည့်ကာရယ် သိမှတ်ဖို့ကိုလေ့ကျင့်မယ်
## အကြံပြုစာသင်ချိန် - ၃ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကိုကြည့်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**


- ကျောင်းသုံးစာအုပ်ပါ တိရစ္ဆာန်ကလေးများ၏ ရုပ်ပုံများကို ဆရာက ကလေးများအား ကြိုတင်ဝေငှ ပေးပါမည်။
- ဝေငှထားသော ရုပ်ပုံများထဲမှ မိမိတို့ရရှိထားသော တိရစ္ဆာန်ကလေးများ၏ အမည်များကို တစ်ဦးချင်း ပြောစေပါမည်။
- ကလေးများ ရရှိထားသော တိရစ္ဆာန်ကလေးများ၏ အမည်များကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပါမည်။
- ကလေးများ အုပ်စုဖွဲ့၍ တစ်ဦးနှင့်တစ်ဦး တိုင်ပင်စေမည်။
- မိမိတို့ရရှိထားသော တိရစ္ဆာန်လေးတွေရဲ့အမည်ကို ပြောစေပါမည်။
- မိမိရရှိထားသော တိရစ္ဆာန်ကလေးများ၏ အမည်ကို ပြောစေပြီး အမည်တွင် ပါဝင်သော ဗျည်းစာလုံးများကို ဝိုင်းစေပါမည်။ ဥပမာ ။ ။ (ဆ)င်
- ထို့နောက် ကျောင်းသုံးစာအုပ်ထဲရှိ ရုပ်ပုံများကို ကြည့်၍ ပြောစေကာ ထပ်မံလေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ တိရစ္ဆာန်ရုပ်ပုံလေးတွေ အမည်ကို ပြန်လည် ပြောစေပြီး အမည်မှာပါဝင်တဲ့ ဗျည်းစာလုံးများကို ဝိုင်းကြရအောင်ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိတို့ရရှိထားသော တိရစ္ဆာန်ကလေးများ၏ အမည်ကို ပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် ဗျည်းလေးတွေကို ရွေးနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။





### အရေးကြီးသောအချက်များ

- ဗျည်း(၃၃)လုံး၏ အမည်နှင့်အသံကို မှန်ကန်စွာပြောဆိုရမည်။
- လိုအပ်မှုရှိပါက ဆရာကကူညီပံ့ပိုးပေးရပါမည်။

## အခန်း ၆ ဆိုမယ် ရေးမယ် ပုံပြောမယ်

### (က) မမ ဝဝ (ကဗျာ)




**အဓိကအချက်များ**

- ကဗျာကို ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲဝံ့စွာ ပြောစေပါမည်။

**အရေးကြီးသောအချက်များ**

- ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

**အခန်း (၆–က) မမ ဝဝ (ကဗျာ)**
**အကြံပြုစာသင်ချိန် – ၂ချိန်**

**သင်ယူမှုဦးတည်ချက်**

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။(၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂) သူတို့ ဘာတွေလုပ်နေကြတာလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ဟန်အမူအရာနဲ့ ပြန်လည် ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆–ခ) အရေးအဖတ်လေ့ကျင့်ကြရအောင်
## အကြံပြုစာသင်ချိန် – ၃ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

♦ သင်ကြားပြီးသော ဗျည်းများကို တွဲဆက်၍ ရွတ်ဆို ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ကလေးတို့ က မှ အ အထိ ဗျည်း ၃၃ လုံးကို သင်ပြီးကြပြီမဟုတ်လား။

♦ 'ကလေးတို့ သိပြီးတဲ့ ဗျည်းတွေထဲက 'မ' 'ည' 'ဘ' ဗျည်းတွေကို ဗျည်းတူချင်း ဆက်ကြည့်ရအောင် ' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ 'မ' ဗျည်းကို သင်ပုန်းပေါ်တွင် ရေးပြပြီး ကလေးများကို အသံထွက်ရွတ်ဆိုစေပါမည်။

♦ 'မ' ဗျည်း၏ အဓိပ္ပာယ်ကို မေးပါမည်။

♦ ကလေးများ၏ အဖြေပေါ်မူတည်၍ ဆရာက အဓိပ္ပာယ် အမှန်ကို ပြောပြပါမည်။

♦ ထို့နောက် 'မ' ဗျည်းနှစ်လုံးကို တွဲဆက်၍ 'မမ' ဟု ရေးပြပါမည်။

♦ ကလေးများကို 'မမ' ဟု အသံထွက် ရွတ်ဆိုစေပြီး 'မမ' အဓိပ္ပာယ်ကို ပြောပြပါမည်။

♦ ထို့နောက် 'မမ' ဗျည်းတူနှစ်လုံးနှင့် 'ဝ' ဟူသော ဗျည်းတစ်လုံး တွဲဆက်ရေးပြပါမည်။

♦ ကလေးများကို 'မမဝ' ဟု အသံထွက်ရွတ်ဆိုစေပြီး ဗျည်းသုံးလုံးတွဲ၏ အဓိပ္ပာယ်ကို ပြောပြပါမည်။

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုလည်း ကြည့်စေပါမည်။ ထို့နောက် 'မမဝ' ဟု အသံထွက် ရွတ်ဖတ်စေပါမည်။ ဗျည်းစာလုံးများကိုထောက်ကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။ အချိန်ပိုပါက ကလေးတစ်ဦးချင်းစီကို အတန်းရှေ့ထွက်၍ လက်ခုပ်တီးကာ အသံထွက်စေပါမည်။

♦ ကျန်သော 'ည' ဗျည်း နှင့် 'ဘ' ဗျည်း ကိုလည်း ဗျည်းအက္ခရာ တွဲဆက်သင်ကြားနည်းအတိုင်း သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

♦ တွဲဆက်ထားသော ဗျည်းစာလုံးများကို ကလေးများ ရွတ်ဆိုပြီး လေထဲတွင် ရေးသားစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရွတ်ဆိုရေးသားစေရာတွင် ရေးသားပုံ မှန်ကန်မှု ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်မည်။





### (ခ) အရေးအဖတ် လေ့ကျင့်ကြရအောင်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

မ မမ မမဝ



ည ညည ညညက



ဘ ဘဘ ဘဘထ





### အဓိကအချက်များ

♦ ဗျည်းတစ်လုံးချင်း၊ ဗျည်းတူများဆက်၍ ရွတ်ဆိုခြင်း၊ မတူသော ဗျည်းများ တွဲဆက်၍ ရွတ်ဆိုရာတွင် အဓိပ္ပာယ်ရှိသော စကားလုံးများ ဖြစ်လာကြောင်း ကလေးများ သိရှိလာအောင် ပြောပြရပါမည်။

### အရေးကြီးသောအချက်များ

♦ ကလေးများ အားလုံးကို ဗျည်းတစ်လုံးချင်းစီ၌ အဓိပ္ပာယ်ရှိကြောင်း ပြောပြရပါမည်။

♦ ကလေးများအားလုံး၏ ရေးသားမှုကို သေချာစစ်ဆေး ပေးရပါမည်။

♦ ဗျည်းစာလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြရပါမည်။

♦ ဥပမာ။ ။ ကလေးတို့ထက် အသက်ပိုကြီးတဲ့ ဒါမှမဟုတ် အတန်းပိုကြီးတဲ့သူကို 'အစ်မ' လို့ ခေါ်သလို 'မမ' လို့လဲ ခေါ်ရတယ်။

♦ ကျောင်းသုံးစာအုပ်ပါ လေးကြောင်းမျဉ်းတွင်သာမကဘဲ အိမ်စာ လေ့ကျင့်ခန်းကိုပါ ပေးရပါမည်။

၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

က

အက



ဘ

အဘ



ဝ

အဝ



## အရေးကြီးသောအချက်များ

- ကလေးများအားလုံးကို ဗျည်းတစ်လုံးချင်းစီ၌ အဓိပ္ပာယ်ရှိကြောင်း ပြောပြရပါမည်။
- ကလေးများအားလုံး၏ ရေးသားမှုကို သေချာစစ်ဆေးပေးရပါမည်။

## အခန်း (၆-၈) အရေးအဖတ်လေ့ကျင့်ကြရအောင်
## အကြံပြုစာသင်ချိန် – ၃ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ‘ကလေးတို့ရေ ‘က’ ‘ဘ’ ‘ဝ’ ဗျည်းတွေနဲ့ ရှေ့က‘အ’ ဗျည်း ဆက်ကြည့်ရအောင်’ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက သင်ပုန်းပေါ်တွင် ‘က’ ဗျည်းကို ဦးစွာ ရေးပြပြီး အသံထွက်ရွတ်ဆိုစေပါမည်။
- ‘က’ ဗျည်းရှေ့တွင် ‘အ’ ဗျည်းကို ရေးပြီး ‘အက’ ဟု အသံထွက်ရွတ်ဆိုစေပါမည်။
- ကျောင်းသုံးစာအုပ်ပါ ကနေသော ရုပ်ပုံကို ပြ၍ ‘အက’ ၏ အဓိပ္ပာယ်ကို သိစေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ကျန်သော ဘ၊ အဘ၊ ဝ၊ အဝ ဗျည်းများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ‘က’ ‘ဘ’ ‘ဝ’ ဗျည်းများရှေ့တွင် ‘အ’ နှင့်တွဲဆက်ပြီး ပြန်လည်ရွတ်ဆိုကြည့်ကြရအောင်ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းတစ်လုံးရှေ့မှ ‘အ’ ဗျည်းတွဲ၍ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

## အခန်း (၆–ခ) အရေးအဖတ်လေ့ကျင့်ကြရအောင်
## အကြံပြုစာသင်ချိန် – ၃ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

- ‘ကလေးတို့သင်ပြီးတဲ့ ဗျည်းတွေထဲက မတူတဲ့ဗျည်းတွေ တွဲဆက်ကြည့်ရအောင်’ ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- သင်ပုန်းပေါ်တွင် ‘ဗ’ နှင့် ‘လ’ ပေါင်း၍ ‘ဗလ’ ဟု ရေးပြပါမည်။
- ‘ဗလ’ ဟု အသံထွက်ရွတ်ဆိုစေပါမည်။
- ‘ဗလ’ ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ပြောပြပါမည်။ လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ထို့နောက် ‘ပ’ ‘ထ’ ‘မ’ ဗျည်းများကို တွဲဆက်၍ သင်ပုန်းပေါ်တွင် ရေးပြပါမည်။
- ‘ပထမ’ ဟု ရွတ်ဆိုစေပြီး လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ‘ပထမ’ ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ပြောပြပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ‘မ’ ‘ထ’ ‘ရ’ မတူသော ဗျည်းသုံးလုံးကိုလည်း ‘ပထမ’ စကားလုံးသင်ကြားနည်းအတိုင်း သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- ‘ဗလ၊ ပထမ၊ မထရ’ ဗျည်းတွေရဲ့ အဓိပ္ပာယ်ကို ပြန်ပြောကြရအောင်’ ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မတူသောဗျည်းများ တွဲဆက်၍ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်

ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

ဗလ

ပထမ

မထရ

၄၄

### အရေးကြီးသောအချက်များ

- ကလေးများအားလုံးကို ဗျည်းတစ်လုံးချင်းစီ၌ အဓိပ္ပာယ်ရှိကြောင်း ပြောပြရပါမည်။
- ကလေးများအားလုံး၏ ရေးသားမှုကို သေချာစစ်ဆေး ပေးရပါမည်။




## အခန်း (၆–ဂ) နွေ မိုး ဆောင်း အကြောင်း ပြောကာရယ် ယှဉ်တွဲကြည့်ကြမယ်
**အကြံပြုစာသင်ချိန် – ၁ချိန်**

### သင်ယူမှုဦးတည်ချက်

- ဥတုသုံးပါး၏ ထူးခြားချက်များ၊ ရာသီဥတုနှင့် သက်ဆိုင်သော ဝေါဟာရများကို ပြောတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို တစ်ခုချင်းစီပြကာ ဘယ်ရာသီဥတုလဲ။ ဘာကြောင့် အဲဒီလိုထင်သလဲ အစရှိသဖြင့် မေးခွန်းများမေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရာသီဥတုအလိုက် ဘယ်လိုထူးခြားချက်တွေ ရှိတယ်၊ ဘာတွေလုပ်ကြသလဲ စသဖြင့် ကလေးများသိသမျှကို မေးပါမည်။
- ကလေးများ မည်သည့်ရာသီဥတုတွင် မည်ကဲ့သို့သော ထူးခြားချက်များရှိကြောင်း ကလေးများ၏ အတွေ့အကြုံများကို ပြောစေပါမည်။
- လိုအပ်ပါက ဆရာက ဖြည့်စွက်ပေးမည်။
- ကျောင်းသုံးစာအုပ်တွင် ရေးသားထားသော စကားလုံးများကို ရုပ်ပုံနှင့်တွဲ၍ ပြောစေပါမည်။
- ကလေးများကို နွေ၊ မိုး၊ ဆောင်းနှင့် ပတ်သက်သော ရုပ်ပုံနှင့် စကားလုံး ၉ ခုကို မှန်ကန်အောင် တွဲစေပါမည်။
- မိမိတို့ ယှဉ်တွဲထားသည်များကို ကလေးများ တစ်ဦးနှင့်တစ်ဦး စာအုပ်ချင်းလဲကာ စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- 'ရာသီဥတုနှင့် ပတ်သက်ပြီး ပြောနိုင်ကြတယ် မဟုတ်လား'ဟု မေးကာနိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရာသီဥတုနှင့် သက်ဆိုင်ရာ ရုပ်ပုံများကို မှန်ကန်စွာ ယှဉ်တွဲပြောဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ရာသီဥတုနှင့် သက်ဆိုင်သော ဝေါဟာရ၏ အဓိပ္ပာယ်ကို သိရှိပြီး ပြောပြနိုင်ရမည်။
- နွေဥတုမှာ ပူအိုက်တဲ့အတွက် ချွေးထွက်တယ်။ မိုးဥတုမှာ မိုးရွာတယ် အစရှိသဖြင့် ရာသီဥတုနှင့် ပတ်သက်သည့် ထူးခြားချက်များကို ပြောပြခြင်းဖြင့် မှတ်သားစေပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများ၏ အဖြေကို သင်ပုန်းမှတ်ချက် ရေးသားထားရပါမည်။
- နွေဥတု။ ။ ပူသည်၊ အိုက်သည်၊ ခြောက်သွေ့သည်၊ မီးလောင်တတ်သည်၊ သင်္ကြန်၊ နွေရာသီကျောင်းပိတ်ရက်။
- မိုးဥတု။ ။ မိုးရွာသည်၊ စိုစွတ်သည်၊ ကောက်စိုက်သည်၊ ထီး၊ မိုးကာကို အသုံးပြုသည်၊ ကျောင်းစဖွင့်သည်၊ ဝါတွင်း။
- ဆောင်းဥတု။ ။ ချမ်းသည်၊ တောင်ပေါ်တွင် နှင်းကျသည်၊ မီးလှုံသည်၊ ဒီဇင်ဘာကျောင်းပိတ်ရက်၊ ဟင်းသီးဟင်းရွက်ပေါများသည်၊ အားကစားလုပ်ကြသည်။

## အခန်း (၆–ဃ) ကြက်ကလေး (ပုံပြင်)
## အကြံပြုစာသင်ချိန် – ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ရုပ်ပုံပါအဖြစ်အပျက်များကို ကြည့်ရှုပြီး ပြောပြတတ်ရန်
- ရုပ်ပုံကို ကြည့်၍ ကလေးများ၏ စဉ်းစားတွေးခေါ်မှု မှတစ်ဆင့် ထင်မြင်ချက်များ ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံပန်းချီကား

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကိုကြည့်ပြီး 'ဘာအကောင်လေးတွေ တွေ့သလဲ' 'ဘယ်လိုပုံပြင်ကလေး ဖြစ်မလဲ' ဟု မေးခွန်းမေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ ရုပ်ပုံတစ်ပုံချင်းစီကို ကြည့်စေပြီး မေးခွန်းများကို မေးပါမည်။

  ဥပမာ။ ။ ကြက်မကြီးမှာ သားကလေးတွေ ဘယ်နှကောင်ရှိသလဲ။
  တစ်ခြားလမ်းကနေ ဘာကောင်ကလေး လာနေတာ တွေ့သလဲ စသဖြင့် ရုပ်ပုံပါ အချက်အလက်များကို မေးခွန်းများ မေးပါမည်။
- ပုံပြင်ပါ အစီအစဉ်ကို အုပ်စုဖွဲ့ကာ ပြောစေပါမည်။
- ရုပ်ပုံစီစဉ်ရာတွင် လိုအပ်ပါက နိမိတ်ပြ မေးခွန်းမေးကာ ကူညီပေးပါမည်။
- ရုပ်ပုံ၏ အစီအစဉ်နှင့် ဘာကြောင့် ဒီလိုစီစဉ်ခဲ့ကြသလဲ ဆိုသည်ကို ကလေးတွေကို ပြောစေပါမည်။ (အနည်းဆုံး ၅ ယောက်ခန့်)

**နိဂုံးချုပ်ခြင်း**


- 'ရုပ်ပုံကလေးများကို အစီအစဉ်တကျ စီတတ်ကြပြီလား'
- 'သူငယ်ချင်းတွေ စီထားတာနဲ့ကော တူရဲ့လား'
  'မတူတာမျိုးကော ရှိသလား'
- 'နောက်တစ်ချိန်မှာ ပုံပြင်လေးရဲ့ အကြောင်းအရာကို ပြောပြမယ်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အချက်အလက်များကို သေချာစွာ သိရှိ၍ အစီအစဉ်တကျ စီစဉ်နိုင်ခြင်း ရှိ မရှိ တက်ကြွစွာ ပါဝင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်

(ဃ) ကြက်ကလေး (ပုံပြင်)



၄၆

### အဓိကအချက်များ

- ရုပ်ပုံများကို ကလေးများ ကိုယ်တိုင် အစီအစဉ်တကျ စီစဉ်စေပါမည်။
- ရုပ်ပုံများကို ကြည့်၍ မည်ကဲ့သို့စဉ်းစားပြီး စီစဉ်ခဲ့ပုံကို ကလေးများကို ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများကို အကောင်ကလေးများ၏ နေရာနှင့် သူတို့၏ လှုပ်ရှားမှုများကို ခန့်မှန်းပြောစေပါမည်။
- ရုပ်ပုံစီစဉ်ရာတွင် ကလေးများအားလုံး ပါဝင်အောင် ဆရာက လှုံ့ဆော်ပေးရပါမည်။

## အခန်း (၆–ဃ) ကြက်ကလေး (ပုံပြင်)
## အကြံပြုစာသင်ချိန် – ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- သင်ကြားပြီးသောပုံပြင်ကို မှတ်မိခြင်း ရှိ မရှိ မေးခွန်းများ မေးခြင်းဖြင့် နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ၁ မှ ၄ အထိ မေးခွန်းများကို ဖြေဆိုနိုင်ရန် ရုပ်ပုံများကို နှစ်ယောက်တစ်တွဲ ပြန်လည်ဆွေးနွေးစေပါမည်။
- ပြီးလျှင် တစ်ဦးချင်းစီ လွတ်လပ်စွာ ပြောစေပါမည်။
- ဆရာက ကလေးများ၏ အဖြေအမျိုးမျိုးကို လက်ခံပေးပါမည်။
- ဆရာက ပုံပြင်ကို ပြောပြရာတွင် ပုံပြင်၏ အဆုံးသတ်ကို မပြောဘဲ ကလေးများကို ပြောစေပါမည်။


**နိဂုံးချုပ်ခြင်း**

- ကလေးတို့ပြောတဲ့ ပုံပြင်လေးက နားထောင်လို့ ကောင်းတယ်၊ ဘယ်သူပြောတဲ့ပုံပြင်ကို အကြိုက်ဆုံးလဲ ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ ပုံပြင်ကို အဆုံးသတ်ပြောကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်



**မေးခွန်း**

၁။ ကြက်မိသားစု အစာရှာနေတုန်း ဘယ်သူ့ကို တွေ့သလဲ။
၂။ ကြက်အမေကြီးက ကြက်ကလေးတွေကို ဘာပြောမယ်ထင်သလဲ။
၃။ ကြက်ကလေး တစ်ကောင်က ကြက်အမေကြီးကို ဘာပြန်ပြောလဲ။
၄။ ကြောင်ကြီး ဘာဖြစ်လို့ လန့်သွားတာလဲ။




### အရေးကြီးသောအချက်များ

- အုပ်စုတွင်း ရရှိထားသော ပုံများကို အုပ်စုတွင်း သေချာ ဆွေးနွေးစေရပါမည်။
- ပုံပြင်၏အဆုံးသတ်ကို ဆရာက အဆုံးသတ်မပေးဘဲ ကလေးများအား အဆုံးသတ်ပြောခိုင်းစေရပါမည်။

## အခန်း (၇-က) ဆန်းသစ်စ(ကဗျာ)
## အကြံပြုစာသင်ချိန် -၂ချိန် (ပထမအချိန်)

**သင်ယူမှုဦးတည်ချက်**

- ကဗျာပါ သင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည် အသုံးပြုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ဆရာပြုလုပ်ထားသော သင်္ကေတပုံ သင်ထောက်ကူ ကတ်ပြားများ။

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- 'သရသင်္ကေတနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကဗျာတွင် ပါဝင်သော သင်္ကေတများကို ကဗျာမရွတ်ဆိုမီ ဆရာက ရေးဆွဲပြသပါမည်။
- သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ပြောပြပါမည်။
- ဆရာက ကဗျာကို အသံနေအသံထား မှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ဆရာရွတ်ဆိုပြီးနောက် ကလေးများကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာပါသင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထား မှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ စစ်ဆေးအကဲဖြတ်ပါမည်။



**အခန်း ၇** သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)






**အဓိကအချက်များ**

- ကဗျာကို ရွတ်ဆိုရင်း သရသင်္ကေတများကို မှတ်မိသိရှိလာသည်အထိ သင်ကြားပေးပါမည်။

**အရေးကြီးသောအချက်များ**

- ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သားစေပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ချည်းနဲ့ တွဲကြမှာ (၁)

– ၁ | ၆ – | ၀ | ၉




**အရေးကြီးသောအချက်များ**

♦ ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သားစေပါမည်။

## အခန်း (၇–က) ဆန်းသစ်စ(ကဗျာ)
## အကြံပြုစာသင်ချိန် –၂ချိန် (ဒုတိယအချိန်)

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

♦ 'သရသင်္ကေတနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ကဗျာတွင်ပါဝင်သော သင်္ကေတများကို ကဗျာမရွတ်ဆိုမီ ဆရာက ပြန်လည်ရေးဆွဲပြသမည်။

♦ သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ကလေးများကို ပြောစေမည်။

♦ ကလေးများ ကဗျာကို ပြန်လည်ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

♦ 'သင်္ကေတများပါတဲ့ ကဗျာကလေးကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြည့်ကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကဗျာပါသင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၇-၈) အ အာ အား သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

♦ ဗျည်းနှင့် အ အာ အား သရပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆန်းသစ်စ ကဗျာကို ဦးစွာရွတ်ဆိုစေပြီး 'ကဗျာမှာ ပါတဲ့ – ာ သင်္ကေတနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်' ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ –(အ) – ာ(အာ) – ား(အား) သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ သင်္ကေတ၏ အမည်ကိုရှင်းပြပါမည်။
– ာ = ဝိုက်ချ၊ –ါ = မောက်ချ

♦ ❶ ရှိ သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။

♦ ဗျည်းနှင့် – ာ (ဝိုက်ချ) သရတွဲဖက်၍ ❷ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။

♦ ဗျည်းနှင့် – ာ (ဝိုက်ချ) သရတွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။

♦ ဗျည်းနှင့် – ာ (ဝိုက်ချ) အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။

♦ ကူးရေးစေရာတွင် ❺ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ကလေးများသင်ကြားပြီးသော ဗျည်းနှင့် – ာ (ဝိုက်ချ) အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် – ာ (ဝိုက်ချ) အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) အ အာ အား သရများ သင်ကြားကြစို့လား



❶

| | | |
|---|---|---|
| အ | အာ | အား |
| – | – ာ | – ား |
| – | –ါ | –ါး |



❷ ❹

| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကား | ခ | ခါ | ခါး |
| စ | စာ | စား | ဂ | ဂါ | ဂါး |
| ဆ | ဆာ | ဆား | င | ငါ | ငါး |
| ထ | ထာ | ထား | ဒ | ဒါ | ဒါး |
| နှ | နှာ | နှား | ပ | ပါ | ပါး |
| ရ | ရာ | ရား | ဝ | ဝါ | ဝါး |

❸ ခ၊ ဂ၊ င နဲ့ ဒ၊ ပ၊ ဝ ခြောက်လုံးကို မောက်ချ၊ ကျန်ကျန်သမျှ ဗျည်းအက္ခရာ ဝိုက်ချ ရေးကြပါ။



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

❺

လ လာ လား

ဝ ဝါ ဝါး



### အဓိကအချက်များ

♦ သရသင်္ကေတ –၊ – ာ၊ – ား၊ –၊ –ါ၊ –ါးကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည် အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

♦ – ာ (ဝိုက်ချ) အသုံးကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။

♦ ❷ ဗျည်း + ဝိုက်ချ အတွဲ

က + – (အ) = က

က + – ာ (အာ) = ကာ (ကရေးချကာ)

က + – ား (အား) = ကား (ကရေးချ ဝစ္စနစ်လုံးပေါက်ကား)

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)

## (ခ) အ အာ အား သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အ | အာ | အား |
| – | –ာ | –ား |
| – | –ါ | –ါး |



၂ ၄

| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကား | ခ | ခါ | ခါး |
| စ | စာ | စား | ဂ | ဂါ | ဂါး |
| ဆ | ဆာ | ဆား | င | ငါ | ငါး |
| ထ | ထာ | ထား | ဒ | ဒါ | ဒါး |
| န | နာ | နား | ပ | ပါ | ပါး |
| ရ | ရာ | ရား | ဝ | ဝါ | ဝါး |

၃

ခ၊ ဂ၊ င နဲ့ ဒ၊ ပ၊ ဝ ခြောက်လုံးကို မောက်ချ၊
ကျန်ကျန်သမျှ ဗျည်းအက္ခရာ ဝိုက်ချ ရေးကြပါ။



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

၅

လ လာ လား

ဝ ဝါ ဝါး

### အရေးကြီးသောအချက်များ

- – (အ)၊ –ာ (အာ)၊ –ား (အား)၊ – (အ)၊ –ါ (အာ)၊ –ါး (အား)ဝိုက်ချ၊ မောက်ချ အသုံးကို ခွဲခြားသိရှိ၍ ရွတ်ဖတ်၊ ရေးသားတတ်ရပါမည်။
- သင်္ကေတပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ၃ ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ တွင် –ါ (မောက်ချ) ကို အသုံးပြုပါမည်။
- ၄ ဗျည်း + မောက်ချ အတွဲ

ဝ + – (အ) = ဝ

ဝ + –ါ (အာ) = ဝါ

ဝ + –ါး (အား) = ဝါး

## အခန်း (၇–ခ) အ အာ အား သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဗျည်းနဲ့ –ာ (ဝိုက်ချ) အတွဲကို ပြန်လည်ရွတ်ဆိုစေပြီး ‘ဗျည်းနဲ့ –ါ (မောက်ချ) အတွဲကို ဆက်လက်သင်ကြားမယ်’ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- –ာ (ဝိုက်ချ) နှင့် –ါ (မောက်ချ) သရ သင်္ကေတ ၂ မျိုး၏ အသုံးပြုပုံကို ရှင်းလင်းပြပါမည်။
- သင်္ကေတပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ်ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ပြီးလျှင် ဆရာက ၃ ‘ခ၊ ဂ၊ ငနဲ့ ဒ၊ ပ၊ ဝ ခြောက်လုံးကို မောက်ချ၊ ကျန်ကျန်သမျှ ဗျည်းအက္ခရာ ဝိုက်ချ ရေးကြပါ’ ဟူသော စာကြောင်းကို ရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
- ၄ ဗျည်းနှင့် –ါ (မောက်ချ) သရတွဲဖက်၍ ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ ဗျည်း (၆) လုံးကို အစားသွင်းကာ ရွတ်ဖတ်စေပါမည်။
- ဗျည်းနှင့် –ါ (မောက်ချ) သရတွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ၄ –ါ (မောက်ချ)အတွဲကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၅ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်း (၆)လုံးနှင့် –ါ (မောက်ချ) အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့်–ါ(မောက်ချ)အတွဲကို ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၇-၈) အ အာ အား သရများ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် - ၈ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ❾ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ရုပ်ပုံများကို ဦးစွာကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်းနှင့်သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ဆရာမ

  ဆ + - = ဆ

  ရ + -ာ = ရာ

  မ + - = မ

  ဆရာမ ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


ဆရာမ


စပါး


ဝါး


ငါး


ကစားစရာ


ဖလား


ရထား


ပဝါ


နဂါး


ကစား


အစားအစာ

၅၁

---

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ။ ။ခရာ၊ စကား၊ စာ၊ မာလကာ၊ သဘော၊ အဝါ၊ နွား၊ သွားသွား၊ ခါး
- နဂါးသည် ကျမ်းဂန်လာ မြွေကြီးတစ်မျိုးဖြစ်ကြောင်း ရှင်းပြရပါမည်။



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

(၆)

ညအခါ
လသာသာ
ကစားမလား
နားမလား။





(၇)

အစားအစာ
ဝါးစားပါ
အသား ပါသလား
ငါးပါသလား။

(၈)

ကစားစရာ
ကစားပါ
အားထားစရာ
သားသား လာ။





(၉)

စာရ သလား
ခဏ လာပါ
ဆရာမ အနား
လာသာ လာပါ။

## အခန်း (၇-၈) အ အာ အား သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန် (စတုတ္ထ မှ သတ္တမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- (၂) (၅) ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- (၆) ကိုဆရာကရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက (၆) စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- (၆) စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- '(၆) စာပိုဒ်ကို ရွတ်ဆို ရေးသားနိုင်ပြီလား' ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း (၆) စာပိုဒ်ရှိ စာကြောင်းများကို အသံထွက်မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် လေးကြောင်းမျဉ်းတွင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းနှင့်သရတွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲမှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ်၊ ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် (၇) (၈) (၉) ကိုလည်း စာပိုဒ် (၆) သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၇-၈) အ အာ အား သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❻ ❼ ❽ ❾ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အ အာ အား နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ ထင်မြင်သည့်အတိုင်း ရုပ်ပုံနှင့် စကားလုံးကို ယှဉ်တွဲကာ လက်ထောက်၍ ပြောစေပါမည်။
- 'ရုပ်ပုံကလေးတွေကြည့်ကာရယ် ယှဉ်တွဲရေး ကြည့်မယ်' ရှိ စကားလုံးများကို ဖတ်စေပါမည်။
- ပြီးလျှင် ရုပ်ပုံ အောက်ရှိ လေးကြောင်းမျဉ်းတွင် စကားလုံးအမှန်ကို ရေးသားစေပါမည်။
- မိမိရေးသားထားသည်များကို အလှည့်ကျ ပြောစေပါမည်။
- ဆရာက သံတူမျဉ်းသားရွေးပါလား စာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- သရသင်္ကေတနှင့် ယှဉ်တွဲဖော်ပြထားသော စာကြောင်းရှိ တူညီသော သရသံနှင့် သင်္ကေတအမှန်ကို ရွေးချယ်ကာ မျဉ်းသားစေပါမည်။
- ကလေးများ မျဉ်းသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ❻ မှ ❾ အထိ ထပ်မံရွတ်ဆိုစေကာ 'အ အာ အား သရကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိ နှင့် 'သံတူမျဉ်းသား ရွေးပါလား' ရှိ သရသင်္ကေတများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ အကဲဖြတ်ပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ရေးကြည့်မယ်။

| | | | | | |
|---|---|---|---|---|---|
| လာ | ဝါး | က | ကား | လ | ငါး |









သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| –ာ ၊ –ါ | ဆရာ လာပါ။ |
| –ား ၊ –ါး | အသား ဝါးစားပါ။ |
| –ာ ၊ –ါ | ဝါဝါ စာရသလား။ |
| –ာ ၊ –ါ | ရထား မလာပါ။ |
| –ား ၊ –ါး | အားရပါးရ စားပါ။ |

၅၃

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။

  ဥပမာ ။ ။ ဆား

- သရသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ဖော်ပြထားသော စာကြောင်းများအပြင် ကျန်စာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## (ဂ) အသုံးများတဲ့ အထူးအက္ခရာများ သင်ကြားကြစို့လား

၏၊ ဤ၊ ၍၊ ၌



ပုံကလေးတွေကို ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




### အစီကအချက်များ

- ကျောင်းသားများ '၏ ဤ ၍ ၌' အက္ခရာများ အရစ်အဆွဲ မှန်ကန်စွာ ရေးသားနိုင်ရပါမည်။

### အရေးကြီးသောအချက်များ

- လိုအပ်ပါက ကလေးများ၏လက်ကို ကိုင်တွယ်ပြီး ပြုပြင်ပေးရပါမည်။
- ကလေးများ '၏ ဤ ၍ ၌' အက္ခရာများကို သေချာစွာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ၊ ရေးသားနိုင်ခြင်း ရှိ မရှိကို သတိပြုနိုင်ရပါမည်။

## အခန်း (၇-ဂ) အသုံးများတဲ့အထူးအက္ခရာများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် - ၃ချိန်(ပထမ မှ ဒုတိယ အချိန်)**

### သင်ယူမှုဦးတည်ချက်

- ၏ ဤ ၍ ၌ အသုံးကို သိရှိနားလည်ရန်
- ၏ ဤ ၍ ၌ သုံး၍ရေးသားထားသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ၏၊ ဤ၊ ၍၊ ၌ ရေးထားသော ကတ်ပြားများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ကလေးတို့ 'ကကြီး' 'ခခွေး'လို့ခေါ်တဲ့ အက္ခရာလေးတွေ ရှိသလို အခြားထူးခြားတဲ့နာမည်နဲ့ အက္ခရာလေးတွေလည်းရှိတယ်။ အဲ့ဒီအက္ခရာလေးတွေကိုလည်း သင်ကြားရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက အက္ခရာ '၏' ကို သင်ပုန်းပေါ်တွင်ရေး၍ ရွတ်ဆိုပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- 'အက္ခရာ '၏' ကို ပုံပါအတိုင်း လေးချက်ရေးဆွဲရတယ်' ဟု ပြောပြီး သင်ပုန်းတွင် ရေးဆွဲပြပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးဆွဲနည်းမှန်ကန်စွာ ရေးသားစေပါမည်။
- ကလေးများ ရေးသားနေချိန်တွင် ရေးဆွဲပုံ မှန်ကန်ခြင်း ရှိ မရှိကို ကြည့်ရှုပေးရပါမည်။
- ရေးသားထားသည်များကို ကလေးအချင်းချင်း စစ်ဆေးစေပါမည်။
- ဤ ၍ ၌ တို့ကိုလည်း အထက်ပါနည်းအတိုင်း ဆက်လက် သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- ၏ ဤ ၍ ၌ ကတ်ပြားများကို အသုံးပြု၍ ရွတ်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ၏ ဤ ၍ ၌ အရေးအသား မှန်ကန်မှု ရှိ မရှိ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ ပေါ် မူတည်၍ စစ်ဆေးပါမည်။

## အခန်း (၇–ဂ) အသုံးများတဲ့အထူးအက္ခရာများ သင်ကြားကြရအောင်

## အကြံပြုစာသင်ချိန် – ၃ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဒီနေ့ 'ဏ ဤ ၍ ၌' အက္ခရာလေးတွေပါတဲ့ စာကြောင်းလေးတွေကို ဖတ်ကြရအောင် ဟုပြောပြီးနိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ကျောင်းသုံးစာအုပ်ပါ စာကြောင်းများကို ဦးစွာဖတ်ပြပါမည်။

♦ ကလေးများကိုလည်း နောက်မှလိုက်၍ ထိုစာကြောင်းကိုလည်း ဖတ်စေပါမည်။
(အနည်းဆုံး ကလေး ၄ ယောက်ခန့်)

♦ ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း သင်ကြားရပါမည်။

♦ ဆရာက စာကြောင်းများအားလုံးကို တစ်ခေါက်ဖတ်ပြပါမည်။

♦ ကလေးအချင်းချင်း ဝါကျတစ်ကြောင်းစီအလိုက် နှစ်ယောက်တစ်တွဲ အပြန်အလှန် ရွတ်ဖတ်စေရပါမည်။

♦ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း မရှိပါက အချင်းချင်း ကူညီပေးရပါမည်။

♦ ထို့နောက် ကလေးများကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

♦ ကလေးများရေးသားနေချိန်တွင် ရေးဆွဲပုံ မှန်ကန်ခြင်း ရှိမရှိကို ကြည့်ရှုပေးရပါမည်။

**နိဂုံးချုပ်ခြင်း**

♦ 'ဒီနေ့သင်သွားတဲ့ သင်ခန်းစာထဲက 'ဏ ဤ ၍ ၌' အက္ခရာတွေပါတာကို သိကြပြီးလား၊ ဒါဆိုရင် စာကြောင်းတွေမှာပါတဲ့ 'ဏ ဤ ၍ ၌' အက္ခရာတွေအောက်မှာ မျဉ်းသားကြရအောင်'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ 'ဏ ဤ ၍ ၌'အသုံးပါသော စာကြောင်းများကို ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ဤဆရာ လာသလား။

အားရပါးရ စားဏ်။

ဘဘ တရားနာဏ်။

ကားအနား၌ မကစားရ။

နားနာ၍ သနားစရာ။

ဤရထား မလာပါ။

ညအခါ၌ လသာ၏။



၅၅

**အရေးကြီးသောအချက်များ**

♦ လိုအပ်ချက်ရှိသော ကလေးများရှိပါက ပြုပြင်ပေးရပါမည်။

## (ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား

၁

| | | |
|---|---|---|
| အိ | အီ | အီး |
| ိ | ီ | ီး |
| ဣ | ဤ | |
| ၏ | သည် | |

၂

| | | | | | |
|---|---|---|---|---|---|
| စိ | စီ | စီး | ပိ | ပီ | ပီး |
| ဆိ | ဆီ | ဆီး | မိ | မီ | မီး |
| ညိ | ညီ | ညီး | စည့် | စည် | စည်း |
| တိ | တီ | တီး | မည့် | မည် | မည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

၃

ဝိ ဝီ ဝီး

ထိ ထီ ထီး

# အခန်း (၇-ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန်(ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် အိ၊ အီ၊ အီး သရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
  (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ် အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆန်းသစ်စ ကဗျာကို ဦးစွာရွတ်ဆိုစေပြီး 'ကဗျာမှာပါတဲ့ အိ အီ အီး သင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲပြီး သင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အိ အီ အီး သရသင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- အိ အီ အီး သရသင်္ကေတများသာမကဘဲ 'ဣ ၏ ဤ သည်' အမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- အိ၊ အီ၊ အီး အသုံးနှင့် 'ဣ ၏ ဤ သည်'အသုံးမတူညီကြောင်းကို ရှင်းပြပါမည်။
- ဗျည်းနှင့် အိ၊ အီ၊ အီး သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ဗျည်းနှင့် အိ၊ အီ၊ အီး သရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် အိ၊ အီ၊ အီး သရသင်္ကေတများ ၂ ကိုနှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

### အဓိကအချက်များ

- သရသင်္ကေတ အိ၊ အီ၊ အီး ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- အိ၊ အီ၊ အီး သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းလဲသွားသည်နှင့် အသံ၊ အဓိပ္ပာယ်ပါ ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + အိ
  က + ိ(အိ) = ကိ
- ဗျည်း + အီ
  က + ီ(အီ) = ကီ
- ဗျည်း + အီး
  က + ီး(အီး)= ကီး

### မှတ်ချက်

သရသင်္ကေတ အိ အီ အသုံးရှိသကဲ့သို့ သရအက္ခရာ 'ဣ' '၏' 'ဤ'အသုံးလည်းရှိကြောင်း ကလေးများကို ရှင်းပြရပါမည်။

## အခန်း (၇–ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ ချိန်(ပထမ မှ ဒုတိယအချိန်)

### နိဂုံးချုပ်ခြင်း

♦ သင်ကြားပြီးသော ဗျည်းနှင့် အိ၊ အီ၊ အီး သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အိ၊ အီ၊ အီး သရများ တွဲဖက်ရာတွင် ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အိ | အီ | အီး |
| ◌ိ | ◌ီ | ◌ီး |
| ဣ | ဤ | |
| ၏ | သည် | |



၂

| | | | | | |
|---|---|---|---|---|---|
| စိ | စီ | စီး | ပိ | ပီ | ပီး |
| ဆိ | ဆီ | ဆီး | မိ | မီ | မီး |
| ညိ | ညီ | ညီး | စည့် | စည် | စည်း |
| တိ | တီ | တီး | မည့် | မည် | မည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

၃

ပိ ပီ ပီး

ထိ ထီ ထီး



### အရေးကြီးသောအချက်များ

♦ '◌ိ (အိ)' နှင့် အသံတူသော 'ဣ' သည် ပါဠိ စကားလုံးများတွင်သာ အသုံးများပြီး ကလေးများ အသံကို သိစေရန်သာ ဖြစ်ပါသည်။

♦ '◌ိ (အိ)' ဟူသော စကားလုံးကို စာကြောင်း၏ အဆုံးတွင် ရေးသား၍ မရကြောင်း၊ အသံတူသော '၏' ဟူသော စကားလုံးကိုသာ စာကြောင်း၏ အဆုံးတွင် ရေးသားရမည်ဖြစ်ကြောင်း ပြောပြရပါမည်။

ဥပမာ။ ။ ငါးနာရီလာရအိ ဟု ရေးသား၍ မရကြောင်း
ငါးနာရီလာရ၏ ဟု ရေးသားရမည်ဖြစ်ကြောင်း ထို့အပြင် '၏' ကို ပိုင်ဆိုင်မှုဖော်ပြရာတွင် အသုံးပြုကြောင်း ပြောပြရပါမည်။

ဥပမာ။ ။ မနီ၏ သားကလေး။

♦ '◌ီ (အီ)' ဟူသော စကားလုံးကို စာကြောင်း၏ အစတွင် ရေးသား၍ မရကြောင်း၊ အသံတူသော ဤ ဟူသော စကားလုံးကိုသာ စာကြောင်း၏ အစတွင် ရေးသားရမည် ဖြစ်ကြောင်း ပြောပြရပါမည်။

ဥပမာ။ ။ အီခရီးနီးသလား ဟု ရေးသား၍ မရကြောင်း
ဤခရီးနီးသလား ဟု ရေးသားရမည်ဖြစ်ကြောင်း

♦ '◌ိ (သိ)' ဟူသော စကားလုံးကို စာကြောင်း၏ အဆုံးတွင် ရေးသား၍ မရကြောင်း၊ အသံတူသော သည် ဟူသော စကားလုံးကိုသာ စာကြောင်း၏ အဆုံးတွင် ရေးသားရမည် ဖြစ်ကြောင်း ပြောပြရပါမည်။

ဥပမာ။ ။ ညီညီစီထားသိဟု ရေးသား၍ မရကြောင်း၊
ညီညီစီထားသည် ဟု ရေးသားရမည်ဖြစ်ကြောင်း သေချာစွာပြောပြရပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



နာရီ



ထီး



ဖားစည်



ဆီးသီး



ဆီမီး



မီးနီ



မိဘ

| | | | | |
|---|---|---|---|---|
| သတိ | ညီညီစီ | သမီး သား | ပီပီသသ | |
| ညီမ | မထိရ | ခရီး | ထိမိ | အနီအဝါ |

## အစရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။
  ဥပမာ။ ။ ငါးပိ၊ အနီးအနား၊ မီးရထား
- ဖားစည်သည် ကယား၊ ကရင်၊ မွန်တို့ သုံးသော ကြေးသွန်းတစ်ဖက်ပိတ်စည် ဖြစ်ကြောင်းရှင်းပြရပါမည်။

## အခန်း (၇-ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ❶ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း နှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ နာရီ

  န + ာ = နာ

  ရ + ီ = ရီ

  နာရီ ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ် ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၇–ဃ) အီ အီ အီး သရများ**
**သင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် – စချိန်**
**(စတုတ္ထ မှ သတ္တမ အချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ➋ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ➍ ကို ဆရာက ရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ➍ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ➍ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '➍ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ➍ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (ခ)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



➍
ညီညီ ညာညာ
အနီးလာ
ဆရာ မိဘ
သတိရ။

➎
ဆီမီး ဝါဝါ
ညီညီ စီထားသည်။
အနီးအနား
သမီး သား လာပါ။





➏
အရီး လာသည်။
ဆီးသီး ပါသလား။
အဆီ မစား။
အသီး စားပါ။

➐
ဤခရီး နီးသလား။
ငါးနာရီ လာရ၏။
မီးရထား စီးလာပါ။
အလကား မစီးရ။



၅၈

### အရေးကြီးသောအချက်များ

- ဗျည်း သရတွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ➎ ➏ ➐ ကိုလည်း စာပိုဒ် ➍ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ကြည့်ကြမယ်။

ညီမလေး



ဆီးသီး



ဂီတာ



မိဘ



ထီး





သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| ဝိ | သတိရသည်။ |
| ဓိ | အသား နီသည်။ |
| ဓီး | အသီး စားပါ။ |
| ဤ | ဤလူ ဝသည်။ |
| ဓီး | မီး မကစားရ။ |

## အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကိုပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- သရသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ဆရာက ကူညီပေးရပါမည်။

## အခန်း (၇–ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၁ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၄ ၅ ၆ ၇ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အိ၊ အီ၊ အီးနဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ရေးကြည့်မယ်' တွင် ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဦးစွာရှင်းပြပေးပါမည်။
- ကလေးများ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ ထင်မြင်သည့်အတိုင်း ရုပ်ပုံနှင့် စကားလုံးကို ယှဉ်တွဲကာ လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံနှင့် ယှဉ်တွဲရမည့် စကားလုံးများကို စဉ်းစားစေပါမည်။ ပြီးလျှင် အဖြေမှန်ကို ရုပ်ပုံနှင့် ယှဉ်တွဲစေပါမည်။
- ဆရာက 'သံတူမျဉ်းသားရွေးပါလား' စာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- သရသင်္ကေတနှင့် ယှဉ်တွဲဖော်ပြထားသော စာကြောင်းရှိ တူညီသော သရသံနှင့် သင်္ကေတအမှန်ကို ရွေးချယ်ကာ မျဉ်းသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေး စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၄ မှ ၇ အထိ ထပ်မံရွတ်ဆိုစေကာ 'အိ၊ အီ၊ အီး သရများကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲကြည့်ကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိ၊ 'သံတူမျဉ်းသားရွေးပါလား' ရှိ သရသင်္ကေတများကို မှန်ကန်စွာ ရွေးချယ်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း (၇-င) ပြေးပွဲ ပြိုင်ပွဲ (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ကဗျာပါ သရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'သရသင်္ကေတနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကဗျာတွင်ပါဝင်သော သင်္ကေတများကို ကဗျာ မရွတ်ဆိုမီ ဆရာက ရေးဆွဲပြသပါမည်။
- သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ပြောပြပါမည်။
- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ဆရာရွတ်ဆိုပြီးနောက် ကလေးများကို လိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်ဟု' ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာပါ သင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




### အဓိကအချက်များ

- ကဗျာကို ရွတ်ဆိုရင်း သင်္ကေတများကို မှတ်မိသိရှိလာသည် အထိ သင်ကြားပေးရပါမည်။

### အရေးကြီးသောအချက်များ

- ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သားစေပါမည်။




## အရေးကြီးသောအချက်များ

- ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သားရပါမည်။
- သင်္ကေတအသုံးကို ပိုမိုမှတ်မိစေရန် ဟန်အမူအရာဖြင့် ရွတ်ဆိုချိန်တွင် သင်္ကေတကို လေထဲတွင် ရေးသားပြပါမည်။

## အခန်း (၇-င) ပြေးပွဲ ပြိုင်ပွဲ (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ပြေးပွဲပြိုင်ပွဲကဗျာလေးကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကဗျာတွင်ပါဝင်သော သင်္ကေတများကို ကဗျာမရွတ်ဆိုမီ ဆရာက ပြန်လည်ရေးဆွဲပြသမည်။
- သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ကလေးများကို ပြောစေမည်။
- ကလေးများ ကဗျာကို ပြန်လည်ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'သင်္ကေတများပါတဲ့ ကဗျာကလေးကို ဟန်အမူအရာနဲ့ ရွတ်ဆိုတတ်ကြပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာပါ သင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ အကဲဖြတ်ပါမည်။

# အခန်း (၇-၈) အု အူ အူး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် အု၊ အူ၊ အူးသရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ် အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပြေးပွဲ ပြိုင်ပွဲကဗျာကို ဦးစွာရွတ်ဆိုစေပြီး 'ကဗျာမှာ ပါတဲ့ အု၊ အူ၊ အူး သင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အု၊ အူ၊ အူး သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ကလေးများ ➊ ရှိ သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- 'အု၊ အူ၊ အူး' အသုံးနှင့် 'ဥ၊ ဦ၊ ဦး' အသုံးမတူညီကြောင်းကို ရှင်းပြပါမည်။
- ဗျည်း နှင့် 'အု၊ အူ၊ အူး' သရတွဲဖက်၍ ➋ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ဗျည်းနှင့် အု၊ အူ၊ အူးသရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် အု၊ အူ၊ အူး သရသင်္ကေတများ ➋ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ➌ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် အု၊ အူ၊ အူး သရများအတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အု၊ အူ၊ အူး သရများအတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



(စ) အု အူ အူး သရများ သင်ကြားကြစို့လား



➊

| | | |
|---|---|---|
| အု | အူ | အူး |
| ု | ူ | ူး |
| ဥ | ဦ | ဦး |




➋

| | | | | | |
|---|---|---|---|---|---|
| ကု | ကူ | ကူး | ထု | ထူ | ထူး |
| ခု | ခူ | ခူး | ပု | ပူ | ပူး |
| စု | စူ | စူး | မု | မူ | မူး |
| ဆု | ဆူ | ဆူး | လု | လူ | လူး |
| တု | တူ | တူး | ဟု | ဟူ | ဟူး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

➌






### အဓိကအချက်များ

- သရသင်္ကေတ အု၊ အူ၊ အူး ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- အု၊ အူ၊ အူး သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းလဲသွားသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + အု
က + ု = ကု
- ဗျည်း + အူ
က + ူ = ကူ
- ဗျည်း + အူး
က + ူး = ကူး
- 'အု နှင့် ဥ'၊ 'အူ နှင့် ဦ'၊ 'အူး နှင့် ဦး'သည် အသံတူသော်လည်း အသုံးပြုပုံမတူကြောင်း ရှင်းပြရပါမည်။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။


ငုဝါ


တူ


ဘူးသီး


အာလူး


စာဥ


မီးပူ


ပု


ပွူး


မိသားစု

| | | | | |
|---|---|---|---|---|
| တူထု | စာကူး | အတူတူ | ဦးဦး | ဘုရားဖူး |
| ဆုယူ | အနားယူ | တူရိယာ | အမှုအရာ | |

# အခန်း (၇-၈) အု အူ အူ သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – (၈)ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်းနှင့်သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ။ ။ ငုဝါ

င + ု = ငု

ဝ + ါ = ဝါ

ငုဝါ ဟူ၍ ဖတ်ပြပါမည်။

- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

ဥပမာ။ ။ ဥတု၊ ကူညီ၊ ဒူး

## အခန်း (၇-၈) အု အူ အူး သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ ချိန် (စတုတ္ထ မှ သတ္တမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)


စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❹
သူ ပညာ ထူး၏။
ပထမဆု ရသည်။
ဆု ယူလာသည်။
အတု ယူစရာ။





❺
ရာသီဥတု ပူသည်။
ထီး ယူလာသလား။
ဦးဦး လာ၏။
အနားယူပါ။

❻
ဤမိသားစု
ဘုရားဖူး လာ၏။
လူစုလာသည်။
ဦးသာထူး ပါသလား။





❼
စားစရာ လာယူပါ။
ညီညီညာညာ လာပါ။
လုမယူရ။
အတူတူ စားပါ။

၆၄

### အရေးကြီးသောအချက်များ

- ဗျည်းနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်။

| | | | |
|---|---|---|---|
| စဘူး | တူ | ဥ | အာလူး |
| ခူ | | ငုဝါ | ရေကူး |















## အခန်း (၇-ဓ) အု အူ အူး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - (၈)ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ❹ ❺ ❻ ❼ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အု၊ အူ၊ အူးနဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်'ရှိ စကားလုံးများကို ဖတ်စေပါမည်။
- ကလေးများ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ ထင်မြင်သည့်အတိုင်း ရုပ်ပုံနှင့် စကားလုံးကို ယှဉ်တွဲကာ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံ၏အောက်ရှိ လေးကြောင်းမျဉ်းတွင် စကားလုံးအမှန်ကို ရေးသားစေပါမည်။
- မိမိရေးသားထားသည်များကို အလှည့်ကျ ပြောစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ❹ မှ ❼ အထိ ထပ်မံ ရွတ်ဆိုစေကာ 'အု၊ အူ၊ အူး သရများကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်'ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကိုပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။
- သင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ဆရာက ကူညီပေးရပါမည်။

**အခန်း (၈–က)　　ဖိုးသာထူး (ကဗျာ)**

**အကြံပြုစာသင်ချိန် – ၂ချိန်**

### သင်ယူမှုဦးတည်ချက်

♦ ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်း ပျိုးပါမည်။

ဥပမာ။ ။(၁)ပုံထဲမှာ ဘာတွေတွေ့ရသလဲ။

(၂)ဘာပုံလေးတွေ ဖြစ်မယ်ထင်သလဲ စသဖြင့် ကလေးများ၏ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆို ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် ရွတ်ဆို စေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေ ပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

♦ 'ကဗျာကို ဟန်အမူအရာနဲ့ ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထား မှန်မှန်ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

**အခန်း ၈**　သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

(က) ဖိုးသာထူး (ကဗျာ)




**ဖိုးသာထူး**

ဖိုးသာထူး ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူးက ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံငြား
သည်မှာ ကြည့်ပါလား။

မောင်ဖြူး




**အဓိကအချက်များ**

♦ ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပါမည်။

♦ ကဗျာပါ ပုံကိုကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ပျော်ရွှင်ရဲဝံ့စွာ ပြောနိုင်ရပါမည်။

**အရေးကြီးသောအချက်များ**

♦ ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။

♦ ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

♦ အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

## (ခ) အေ အေ့ အေး သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အေ | အေ့ | အေး |
| ေ – | ေ –့ | ေ – း |
| ဧ | ၏ | |



၂

| | | | | | |
|---|---|---|---|---|---|
| ကေ | ကေ့ | ကေး | ဖေ | ဖေ့ | ဖေး |
| ငေ | ငေ့ | ငေး | မေ | မေ့ | မေး |
| တေ | တေ့ | တေး | ရေ | ရေ့ | ရေး |
| နေ | နေ့ | နေး | လေ | လေ့ | လေး |
| ပေ | ပေ့ | ပေး | ဝေ | ဝေ့ | ဝေး |



၃ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

နေ နေ့ နေး

တေ တေ့ တေး

### အစီကအချက်များ

- သရသင်္ကေတ အေ၊ အေ့၊ အေး ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- အေ၊ အေ့၊ အေး သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းလဲသွားသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- အေ နှင့် ဧ သည် အသံတူသော်လည်း အသုံးမတူကြောင်း ရှင်းပြပါမည်။

  ဥပမာ ။ ။ အေရာဝတီမြစ်ဟု မသုံးကြောင်း

  ဧရာဝတီမြစ်ဟုသာ သုံးကြောင်း
- '၏'သည် အဓိပ္ပာယ်ဆက်စပ်၍ ရသော စာကြောင်းများ ဆက်ရာတွင် အသုံးပြုကြောင်း ရှင်းပြရပါမည်။

  ဥပမာ။ ။ လေမလာ၍ ပူသည်။

## အခန်း (၈–ခ) အေ အေ့ အေး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန်(ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် အေ၊ အေ့၊ အေး သရများပေါင်းစပ်၍ အဓိပ္ပာယ်ရှိသောစာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဆန်းသစ်စကဗျာနှင့် ပြေးပွဲပြိုင်ပွဲကဗျာကို ဦးစွာ ရွတ်ဆိုစေပြီး 'အေ၊ အေ့၊ အေး သရသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- အေ၊ အေ့၊ အေး သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- အေ၊ အေ့၊ အေး နှင့် 'ဧ' '၏' သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း နှင့် အေ၊ အေ့၊ အေး သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်းနှင့် အေ၊ အေ့၊ အေး သရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် အေ၊ အေ့၊ အေး သရသင်္ကေတများ ၂ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

#### နိဂုံးချုပ်ခြင်း

- သင်ကြားပြီးသော ဗျည်းနှင့် အေ၊ အေ့၊ အေး သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အေ၊ အေ့၊ အေး သရများ အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၈–၈) အေ အေ့ အေး သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန်(တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
### နိဒါန်း

- ➋ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်းနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ ရေဘူး

  ေ – + ရ = ရေ

  ဘ + ူး = ဘူး

  ရေဘူး ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ရွတ်ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါစကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ရေဘူး ဖေဖေ မေမေ နေ့အခါ

ညီလေး ဈေး ဆေးဆရာ

နေ ခရေ ပေးစာ

၆၉

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ။ ။ညနေ၊ ခရီးဝေး၊ ဒူးလေး၊ ဝေဝေဆာဆာ၊ လူကလေး၊ စနေနေ့၊ ဖားကလေး၊ အေးအေးဆေးဆေး။

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၄ သားကလေး တီတာတာ
မေမေ့ အနားလာ။
ဖေဖေ မေမေ သူ့စကား
တူတူရေ ဝါး။



၅ စာအရေးအသား
အလေးထားပါ။
ငေးမနေရ။
အားပေး ကူညီပါ။



၆ ယနေ့ နေသာ၏။
လေမလာ၍ ပူသည်။
ခရီးဝေးက လာရသည်။
ရေအေးအေး ပေးပါ။



၇ ဖေဖေ မေမေ
မာပါစေ။
မေမေ့ စကား
အရေးထား။
ဖေဖေ့ စကား
သား လေးစား။

## အခန်း (၈-၈) ဧအ ဧအ့ ဧအး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန်(၈တုတ္တ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား" ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်းနှင့်သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၁–၈) ေအ ေအ့ ေအး သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❹ ❺ ❻ ❼ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ေအ၊ ေအ့၊ ေအး သင်ခန်းစာနဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို ကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ကလေးများကို ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စကားလုံးများမှ မှန်ကန်သော အဖြေကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ရုပ်ပုံတစ်ပုံချင်းစီ၏ မှန်ကန်သောအဖြေကို ကလေးတစ်ဦးချင်းစီ စာလုံးပေါင်း၍ ပြောစေပါမည်။
- ပြီးလျှင် လေးကြောင်းမျဉ်းတွင် အဖြေမှန် စကားလုံးကို ရေးသားစေပါမည်။
- ဆရာက သံတူမျဉ်းသားရွေးပါလား စာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- သရသင်္ကေတနှင့် ယှဉ်တွဲဖော်ပြထားသော စာကြောင်းရှိ တူညီသော သရသံနှင့် သင်္ကေတအမှန်ကို ရွေးချယ်ကာ မျဉ်းသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**


- ❹ မှ ❼ ထိ ထပ်မံရွတ်ဆိုစေကာ ' ေအ၊ ေအ့၊ ေအး သရများကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံး အမှန်ကို ရွေးကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ စကားလုံးအမှန်ကို ရွေးချယ် နိုင်ခြင်းရှိ မရှိ၊ 'သံတူမျဉ်းသားရွေးပါလား' ရှိ သရ သင်္ကေတများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

| | | | |
|---|---|---|---|
| ရေဘူး | ရေ့ဘူး | ရေးဘူး |  |
| ခရေ | ခရေ့ | ခရေး |  |
| အမေ | အမေ့ | အမေး |  |
| စေးဝါး | ဆေးဝါး | ဈေးဝါး |  |
| ညီလေ | ညီလေ့ | ညီလေး |  |

သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| ေ – | ဖေဖေ လာ၏။ |
| ေ –့ | သူ မေ့နေသည်။ |
| ေ –း | ဖေးမကူညီပါ။ |
| ဧ | ဧရာဝတီ |

၇၁

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- သရသင်္ကေတ အမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများ အပြင်အခြား စာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန် ရအောင် ကူညီပေးရပါမည်။

## (ဂ) အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အဲ | အဲ့ | အယ် |
| -ဲ | -ဲ့ | -ယ် |
| | - ယ့် | |



၂

| | | | | | |
|---|---|---|---|---|---|
| ကဲ | ကဲ့ | ကယ် | ပဲ | ပဲ့ | ပယ် |
| ခဲ | ခဲ့ | ခယ် | ဖဲ | ဖဲ့ | ဖယ် |
| ငဲ | ငဲ့ | ငယ် | ဘဲ | ဘဲ့ | ဘယ် |
| ဆဲ | ဆဲ့ | ဆယ် | မဲ | မဲ့ | မယ် |
| နဲ | နဲ့ | နယ် | ရဲ | ရဲ့ | ရယ် |
| | | | လဲ | လဲ့ | လယ် |



၃

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ရဲ ရဲ့ ရယ်

ဘဲ ဘဲ့ ဘယ်

### အစိကအချက်များ

- သရသင်္ကေတ အဲ၊ အဲ့၊ အယ်ကို အသံထွက်ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- အဲ၊ အဲ့၊ အယ် သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းလဲသွားသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။

## အခန်း (၈-ဂ) အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – စချိန်(ပထမ မှ ဒုတိယအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပြေးပွဲ ပြိုင်ပွဲ ကဗျာကို ဦးစွာရွတ်ဆိုစေပြီး 'ကဗျာမှာပါတဲ့ အဲ၊ အဲ့၊ အယ် သရသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုး ပါမည်။

**လုပ်ငန်းစဉ်**

- အဲ၊ အဲ့၊ အယ် သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရများ တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရသင်္ကေတများ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အဲ၊ အဲ့၊ အယ် သရများ အတွဲကို ရွတ်ဆို ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၈–ဂ)   အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန်(တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်းနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ ဖရဲသီး

  ဖ + – = ဖ

  ရ + ဲ = ရဲ

  သ+ ီး = သီး


  ဖရဲသီး ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ရွတ်ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ဖရဲသီး   ရဲသား   လယ်တဲ

လူငယ်   ဒရယ်   လယ်သမား

ရေခဲ   ရေဘဝဲ   ဘဲကလေး

၇၃

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ။ ။ ဘဲဥ၊ ကယ်ဆယ်၊ ပုလဲပုတီး၊ သဲသဲမဲမဲ၊ ခဲဝဲသီး၊ ကဲ့ရဲ့။


စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၄
ဘယ်က လာသလဲ။
ဘယ်နယ်က လဲ။
အလယ်က လူ
စကားဝဲ၏။





၅
ကလေးငယ်ငယ်
ဘာစားခဲ့သလဲ။
အမဲသားငါး စားရဲ့လား။
ကုလားပဲ စားပါ။

၆
သူသည် နနယ်၏။
လဲနေသူ ထူပေးပါ။
အားငယ်သူ အားပေးပါ။
အတူတူ သယ်ယူပါ။





၇
လယ်သမား လူငယ်
စပါးနယ်နေသည်။
မမ စပါးသယ်၏။
မေမေ စားစရာ ဝယ်လာသည်။
ဖရဲသီး ပါသလား။

## အရေးကြီးသောအချက်များ

- ဗျည်း နှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ၅ ၆ ၇ ကိုလည်း စာပိုဒ် ၄ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၈–၇) အဲ အဲ့ အယ် သရများ သင်ကြားကြရို့လား

## အကြံပြုစာသင်ချိန် – ၈ချိန်(စတုတ္ထ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၄ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ၄ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်း ချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ၄ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေး စေမည်။

**နိဂုံးချုပ်ခြင်း**

- '၄ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ၄ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း (၈–ဂ) အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ❹ ❺ ❻ ❼ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အဲ၊ အဲ့၊ အယ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်


- ကျောင်းသုံးစာအုပ်ပါရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ကလေးများကို ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စကားလုံးများမှ မှန်ကန်သောအဖြေကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ရုပ်ပုံတစ်ပုံချင်းစီ၏ မှန်ကန်သောအဖြေကို ကလေးတစ်ဦးချင်းစီ စာလုံးပေါင်း၍ ပြောစေပါမည်။
- ပြီးလျှင် လေးကြောင်းမျဉ်းတွင် အဖြေမှန်စကားလုံးကို ရေးသားစေပါမည်။
- ဆရာက သံတူမျဉ်းသားရွေးပါလား စာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- သရသင်္ကေတနှင့် ယှဉ်တွဲဖော်ပြထားသော စာကြောင်းရှိ တူညီသော သရသံနှင့် သင်္ကေတအမှန်ကို ရွေးချယ်ကာ မျဉ်းသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ❹ မှ ❼ အထိ ထပ်မံ ရွတ်ဆိုစေကာ 'အဲ၊ အဲ့၊ အယ် သရများကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ စကားလုံးအမှန်ကို ရွေးချယ်နိုင်ခြင်း ရှိ မရှိ၊ 'သံတူမျဉ်းသားရွေးပါလား' ရှိ သရသင်္ကေတများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

| | | |
|---|---|---|
| ရဲရဲနီ | ရယ်ရယ်နီ | ရယ့်ရယ့်နီ |
| လယ်တဲ့ | လယ်တယ် | လယ်တဲ |
| ဘဲ့ကလေး | ဘဲကလေး | ဘယ်ကလေး |
| လယ်ယာ | လဲယာ | လဲ့ယာ |
| ဒရဲ့ | ဒရယ် | ဒရဲ |


သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| ဲ | ဘဲကလေး ရေကူးနေတယ်။ |
| ဲ့ | လယ်တဲနဲ့ မဝေးပါ။ |
| –ယ် | ဒရယ်လည်း ပါသလား။ |
| –ယ့် | တကယ့်လှူ ပါပဲ။ |

၇၅

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကိုပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- သရသင်္ကေတ အမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။




## အစီကအချက်များ

- ပုံများကို ကြည့်ပြီး ပုံပြင်ပါ အကြောင်းအရာများကို စဉ်းစားပြောပြတတ်ရပါမည်။
- သူငယ်ချင်းများနှင့် မည်ကဲ့သို့ ပေါင်းသင်းဆက်ဆံရမည်ကို စဉ်းစားပြောပြတတ်ရပါမည်။

## အရေးကြီးသော အချက်များ

- ပုံများကို တစ်ပုံချင်း သေချာစွာ ကြည့်ရှုစေခြင်းဖြင့် ကလေးများ လွတ်လပ်စွာ စဉ်းစားစေပါမည်။

## အခန်း (စ–ဃ) သူငယ်ချင်းသုံးယောက်(ပုံပြင်)
## အကြံပြုစာသင်ချိန် – ၃ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ကို နားထောင်တတ်ပြီး ပြန်လည်ပြောပြတတ်ရန်
- သူငယ်ချင်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကိုကြည့်ပြီး
  - 'အကောင်ကလေးတွေ ဘယ်နကောင်ရှိသလဲ'
  - 'သူတို့တွေ ဘာတွေစားကြသလဲ'
  - 'သူတို့စားတဲ့ အစားအစာတွေက ဘာတွေဖြစ်မယ်ထင်သလဲ' ဆိုတာကိုမေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်ပါ ရုပ်ပုံများကို အစအဆုံး တစ်ပုံချင်း ကြည့်စေပါမည်။
- ရုပ်ပုံများထဲမှာရှိတဲ့ တိရစ္ဆာန်လေးတွေ ဘာလုပ်နေသလဲဆိုသည်ကို တွေးတောပြီး ထင်မြင်ချက်ကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံများကို အစအဆုံးကြည့်စေပြီး ဘယ်လိုပုံပြင်လေးဖြစ်မလဲ ဆိုတာကို စဉ်းစားကြည့်ကြရအောင်ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံများကို ကြည့်ပြီး မိမိ၏ထင်မြင်ချက်များကို ပြောပြနိုင်ခြင်း ရှိ မရှိနှင့်စိတ်ပါဝင်စားခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (စ–ဃ) သူငယ်ချင်းသုံးယောက်(ပုံပြင်)
## အကြံပြုစာသင်ချိန် – ၃ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ရုပ်ပုံများကို အစအဆုံးကြည့်စေပြီး 'ဘယ်လို ပုံပြင်လေးဖြစ်မလဲ ဆိုတာကို စဉ်းစားထားပြီးပြီလား'
- 'ပုံပြင်ခေါင်းစဉ်လေးကရော ဘာဖြစ်မယ် ထင်သလဲ' မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- နှစ်ယောက်တစ်တွဲ တွဲစေပြီး မိမိစဉ်းစားထားသော ပုံပြင်ကို ပြောစေမည်။ ပြောကြားရာတွင် စဉ်းစားပုံ မတူညီသော ကလေးများကို ဦးစားပေး၍ တစ်ဦးချင်း ပြောစေပါမည်။


  (အနည်းဆုံး ၄ ယောက်ခန့်)
- ဆရာက ကျောင်းသုံးစာအုပ်ပါ ပုံပြင်ကို အစအဆုံး ပြောပြပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာပြောသော ပုံပြင်ကို နားထောင်ပြီးဖြစ်၍ မိမိပြောသောပုံပြင်နှင့် ဆရာပြောပြသောပုံပြင်၏ ကွာခြားမှုများကို ပြောစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲပြောချိန်နှင့် တစ်ဦးချင်းပြောချိန်တွင် မိမိစဉ်းစားထားသည့် ပုံပြင်ကို အချင်းချင်း နားလည်အောင် ပြောကြားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲ ပြောကြားရာတွင် စိတ်ပါဝင်စားမှု အားနည်းသော ကလေးများကို ဆရာက လှုံ့ဆော်ပေးရပါမည်။
- ကလေးတစ်ဦးချင်း ပြောစေရာတွင် စဉ်းစားပုံ မတူညီသော ကလေးများကို ပြောစေပါမည်။
- သူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ကူညီပေးလိုသော စိတ်ဖြစ်ပေါ်စေရန် ဆရာက လမ်းညွှန်ပေးရပါမည်။



၈။ သရလကၡဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



**မေးခွန်း**

၁။ ရုပ်ပုံထဲမှာ ဘာတွေတွေ့သလဲ။
၂။ ယုန်ကလေးအတွက် စားစရာရအောင် ရှဥ့်ကလေးနဲ့ မျောက်ကလေး ဘာလုပ်ကြသလဲ။
၃။ ယုန်ကလေးအတွက် မုန်လာဥတွေကို တွေ့တော့ ရှဥ့်ကလေးနဲ့ မျောက်ကလေး ဘယ်လို ဖြစ်သွားကြသလဲ။
၄။ သားတို့ သမီးတို့သာဆိုရင် ဒီရုပ်ပုံထဲက ဘယ်အကောင်ကလေး ဖြစ်ချင်သလဲ။



## အရေးကြီးသောအချက်များ

- မေးခွန်းနံပါတ် ၄ နှင့် ဆရာကမေးသော မေးခွန်းကို ဖြေဆိုရာတွင် အချိန်ရရှိမှုပေါ်မူတည်၍ ကလေးများကို ဖြေစေပါမည်။

## အခန်း (၈-ဃ) သူငယ်ချင်းသုံးယောက်(ပုံပြင်)
## အကြံပြုစာသင်ချိန် - ၃ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ပုံပြင်ကို နောက်တစ်ခေါက် ထပ်ဖတ်ပြတာကို သေချာနားထောင်ကြနော်၊ ပြီးရင် မေးခွန်းလေးတွေ မေးမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဥ်**

- ဆရာက ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ပုံပြင်ကို အစအဆုံး ဖတ်ပြပါမည်။
- ပုံပြင်ပါ မေးခွန်းနံပါတ် ၂ နှင့် ၃ ကို ဦးစွာဖြေစေမည်။
- ပြီးလျှင် မေးခွန်းနံပါတ် ၄ ကိုဖြေစေသည်။ ဘာကြောင့်လဲဆိုသည်ကို ဖြည့်စွက် ဖြေစေမည်။
- 'ကလေးတို့ရော သူငယ်ချင်းတွေကို ရှဥ့်ကလေးနဲ့ မျောက်ကလေးတွေလို ကူညီပေးဖူးသလား'
- 'ဘယ်လိုကူညီပေးဖူးသလဲ'
- 'သူငယ်ချင်းတွေဆီကရော အကူအညီရဖူးသလား'
- 'သူငယ်ချင်းက အကူအညီလိုနေရင် ဘယ်လို အကူအညီပေးမလဲ' ဟူသော မေးခွန်းများကို မေးကာ ဖြေဆိုစေပါမည်။

  (အနည်းဆုံး ၅ ယောက်ခန့်)

**နိဂုံးချုပ်ခြင်း**

- 'သူငယ်ချင်းဆိုတာ အခက်အခဲရှိရင် အတူတူ ရင်ဆိုင်ဖြေရှင်းကြရမယ်နော်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဥ်အတွင်း ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါမည်။
- မိမိကူညီပေးဖူးသော အတွေ့အကြုံကို ပြောနိုင်ခြင်းနှင့် သူတစ်ပါးအပေါ် ကူညီပေးလိုစိတ်ရှိကြောင်း ပြောလာခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၈–၄) အော အော့ အော် သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် အော အော့ အော်သရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'အော အော့ အော် သရသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အော အော့ အော် သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- အော၊ အော်နှင့် ဩ၊ ဪ အသံတူသော်လည်း အသုံးမတူညီကြောင်းကို ရှင်းပြပါမည်။
- ဗျည်း နှင့် အော အော့ အော် သရတွဲဖက်၍ ❷ ကို ရွတ်ဆို စေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်းနှင့် အော အော့ အော် သရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် အော အော့ အော် သရသင်္ကေတများ ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❸ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် အော အော့ အော် သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အော အော့ အော် သရများအတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (၄) အော အော့ အော် သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အော | အော့ | အော် |
| ော | ော့ | ော် |
| ဩ | | ဪ |



၂

| | | | | | |
|---|---|---|---|---|---|
| ကော | ကော့ | ကော် | ပေါ | ပေါ့ | ပေါ် |
| ခေါ | ခေါ့ | ခေါ် | ဖော | ဖော့ | ဖော် |
| ဇော | ဇော့ | ဇော် | ဘော | ဘော့ | ဘော် |
| တော | တော့ | တော် | မော | မော့ | မော် |
| ဒေါ | ဒေါ့ | ဒေါ် | ရော | ရော့ | ရော် |



၃ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

မော မော့ မော်

ကော ကော့ ကော်



### အဓိကအချက်များ

- သရသင်္ကေတ အော အော့ အော် ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- အော အော့ အော် သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ်ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- 'အော နှင့် ဩ'၊ 'အော် နှင့် ဪ' သည် အသံတူသော်လည်း အသုံးပြုပုံမတူကြောင်း ရှင်းပြရပါမည်။

## အခန်း (၈-င)　　ဘော ဘော့ ဘော် သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ချိန် (ဒုတိယအချိန်)

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။




ရဲဘော်



မော်တော်ကား



သော့




ကော်ဇော



သဇာသီး



တယော



ဘောလုံး



ကော်ဖီ



ဖော့ဘူး

| | | | | |
|---|---|---|---|---|
| ကော်ဘူး | လူတော် | ဥသြ | ဆော့ကစား | စားတော်ပဲ |
| ဆော်ဩ | တရားဟော | ပေါ့ပါး | မော့ထား | လယ်တော |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။
  ဥပမာ။ ။ စောစောထ၊ ခါးကော့၊ ကနဖော့၊ ဒေါ်ဒေါ်၊ မော်တာ၊ ရောဂါ။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်းနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ ရဲဘော်

  ရ + ဲ = ရဲ

  ဗ + ေ + ာ + ် = ဘော်

  ရဲဘော် ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိမရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၈–င) ဪ ဪ့ ဪ် သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန်(၈တုတ္တ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)


စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



❹
ဆီမီး ပူဇော်ပါ။
ဆရာတော် တရားဟော၏။
ဒေါသ မထားရ။
သာဓု ခေါ်ပါ။

❺
ဓာနည် ရဲဘော်
လူတော် လူမော်
အဖော်ရ၏။
တော်ပါပေသည်။





❻
ဇော်က ကနေသည်။
ခါးကော့ ထားပါ။
ရယ်ရယ်မောမော
ပေါ့ပေါ့ပါးပါး
တော်တော် မောသလား။

❼
ဒေါ်ဒေါ် ဘယ်က လာသလဲ။
ဈေးဈေး လာသလား။
အဖော် ခေါ်လာသည်။
ဩဇာသီး ပါ၏။



၈၆

### အရေးကြီးသောအချက်များ

- ဗျည်း နှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန် အသုံးပြုရပါမည်။

၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

| | | | |
|---|---|---|---|
| ဩဇာသီး | အော်ဇာသီး | အောဇာသီး |  |
| သော့် | သော် | သော့ |  |
| ဆော့်ကစား | ဆော့ကစား | ဆောကစား |  |
| ကော်ဖီ | ကော့ဖီ | ကောဖီ |  |
| ဘောလုံး | ဘော်လုံး | ဘော့လုံး |  |

သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| ော | လယ်တောက လာသည်။ |
| ော့ | ကနဖော့ ပါသလား။ |
| ော် | ဇော်ဇော်နဲ့ ကစားမယ်။ |
| ဩ | ဩဇာသီး ဝယ်လာသလား။ |
| ဪ | ဪ တကယ်လား။ |

## အခန်း (၈-င) ဪ ော ော့ ော် သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၄ ၅ ၆ ၇ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အော အော့ အော်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ကလေးများကို ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စကားလုံးများမှ မှန်ကန်သောအဖြေကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ရုပ်ပုံတစ်ပုံချင်းစီ၏ မှန်ကန်သောအဖြေကို ကလေးတစ်ဦးချင်းစီ စာလုံးပေါင်း၍ ပြောစေပါမည်။
- ပြီးလျှင် လေးကြောင်းမျဉ်းတွင် အဖြေမှန်စကားလုံးကို ရေးသားစေပါမည်။
- ဆရာက သံတူမျဉ်းသားရွေးပါလား စာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- သရသင်္ကေတနှင့် ယှဉ်တွဲဖော်ပြထားသော စာကြောင်းရှိ တူညီသော သရသံနှင့် သင်္ကေတအမှန်ကို ရွေးချယ်ကာ မျဉ်းသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၄ မှ ၇ အထိ ထပ်မံရွတ်ဆိုစေကာ 'အော အော့ အော် သရများကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ စကားလုံးအမှန်ကို ရွေးချယ်နိုင်ခြင်း ရှိ မရှိ၊ 'သံတူမျဉ်းသားရွေးပါလား' ရှိ သရသင်္ကေတများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- သရသင်္ကေတ အမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ဆရာက ကူညီပေးရပါမည်။

## အခန်း (၉-က) စံပယ်ပွင့်ကလေးများ(ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန်(ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

♦ ကဗျာပါ သရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ 'သရသင်္ကေတနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ကဗျာတွင် ပါဝင်သော ' ံ၊ း၊ ု' သင်္ကေတများကို ကဗျာမရွတ်ဆိုမီ ဆရာက ရေးဆွဲပြသပါမည်။

♦ သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ပြောပြပါမည်။

♦ ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ဆရာရွတ်ဆိုပြီးနောက် ကလေးများကို လိုက်၍ ရွတ်ဆိုစေပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

♦ 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကဗျာပါ သင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေ အသံထားမှန်မှန် ရွတ်ဆိုစေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါမည်။



**အခန်း ၉** သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၃)

**(က) စံပယ်ပွင့်ကလေးများ (ကဗျာ)**





### အဓိကအချက်များ

♦ ကဗျာကို ရွတ်ဆိုရင်း သရသင်္ကေတများကို မှတ်မိသိရှိလာသည်အထိ သင်ကြားပေးပါမည်။

### အရေးကြီးသောအချက်များ

♦ ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သား စေပါမည်။




**စံပယ်ပွင့်ကလေးများ**

စံပယ်ပွင့်ကလေး ခေါင်းပေါ်တင်
အဲဒါသေးသေးတင်။ –ံ

စံပယ်နှစ်ပွင့် ရှေ့မှာရောက်
ဝစ္စနှစ်လုံးပေါက်။ –း

အောက်နားဆီက တစ်ပွင့်ဟာ
အောက်ကမြစ် ကလေးပါ။ –့

သေသေချာချာ မှတ်လို့ထား
မောင်ညီမလေးများ။

**တင်မိုး**



## အရေးကြီးသောအချက်များ

- ကဗျာပါ သင်္ကေတအသုံးကို ကဗျာရွတ်ဆိုရင်း မှတ်သားစေပါမည်။

## အခန်း (၉–က) စံပယ်ပွင့်ကလေးများ(ကဗျာ)
## အကြံပြုစာသင်ချိန် – ၂ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ‘စံပယ်ပွင့်ကလေးများ ကဗျာကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြရအောင်’ ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ကဗျာတွင် ပါဝင်သော ‘ –ံ၊ –း ၊ –့ ’ သင်္ကေတများကို ကဗျာမရွတ်ဆိုမီ ဆရာက ပြန်လည်ရေးဆွဲပြသမည်။
- သင်္ကေတ အမည်များကို သင်္ကေတ တစ်ခုချင်းစီအလိုက် လက်ထောက်၍ ကလေးများကို ပြောစေမည်။
- ကလေးများ ကဗျာကို ပြန်လည် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆို စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

### နိဂုံးချုပ်ခြင်း

- ‘သင်္ကေတများ ပါတဲ့ ကဗျာကလေးကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြည့်ကြရအောင်’ ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာပါ သင်္ကေတများကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုစေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၉–ခ) အန် အန့် အန်း သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန် (ပထမ မှ ဒုတိယအချိန်)**

### သင်ယူမှုဦးတည်ချက်

♦ ဗျည်းနှင့် အန် အန့် အန်း သရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ် ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ စံပယ်ပွင့်ကလေး ကဗျာကို ဦးစွာရွတ်ဆိုစေပြီး 'အန် အန့် အန်း သရသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုး ပါမည်။

**လုပ်ငန်းစဉ်**

♦ အန် အန့် အန်း သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။

♦ ❶ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေ ပါမည်။

♦ ဗျည်းနှင့် အန် အန့် အန်း သရတွဲဖက်၍ ❷ ကို ရွတ်ဆို စေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။

♦ ဗျည်းနှင့် အန် အန့် အန်း သရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။

♦ ဗျည်းနှင့် အန် အန့် အန်း သရသင်္ကေတများ ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။

♦ ကူးရေးရာတွင် ❸ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ သင်ကြားပြီးသောဗျည်းနှင့် အန် အန့် အန်း သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အန် အန့် အန်း သရများ အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစား သွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) အန် အန့် အန်း သရများ သင်ကြားကြစို့လား



❶

| | | | | | |
|---|---|---|---|---|---|
| | | အံ | အံ့ | | |
| | | –ံ | –ံ့ | | |
| အန် | အန့် | အန်း | အမ် | အမ့် | အမ်း |
| –န် | –န့် | –န်း | –မ် | –မ့် | –မ်း |



❷

| | | | | | |
|---|---|---|---|---|---|
| ငံ | ငံ့ | | နန် | နန့် | နန်း |
| ညံ | ညံ့ | | ပန် | ပန့် | ပန်း |
| ကန် | ကန့် | ကန်း | ကမ် | ကမ့် | ကမ်း |
| ခန် | ခန့် | ခန်း | ခမ် | ခမ့် | ခမ်း |
| ငန် | ငန့် | ငန်း | လမ် | လမ့် | လမ်း |



❸

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ငန် ငန့် ငန်း

ကမ် ကမ့် ကမ်း

၉၀

### အဓိကအချက်များ

♦ သရသင်္ကေတ အန် အန့် အန်း ကို အသံထွက်ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

♦ အန် အန့် အန်း သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။

♦ ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။

♦ 'အံ' 'အန်' 'အမ်'၊ 'အံ့' 'အန့်' 'အမ့်'နှင့် 'အန်း' 'အမ်း'တို့သည် အသံတူသော်လည်း အဓိပ္ပာယ်နှင့် အသုံးမတူကြောင်း ပြောပြပါ မည်။



၉။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၃)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။

ရေကန် ခဲတံ အသံ

ကုံကော်ပန်း လမ်း အလံ

ငန်း ငါးမန်း ပန်ကာ

| | | | | |
|---|---|---|---|---|
| တူသံ | ပန်းကန် | ရေနံ | ထန်းသီး | သန်သန်မာမာ |
| ဆူညံ | ဝါးထရံ | ဆေးတံ | ခရမ်းသီး | အုံ့ညြ |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

ဥပမာ။ ။ ခုံညား၊ သံပရာပင်၊ ခမ်းနား၊ အုံ့အားသင့်၊ သံပုံး။

# အခန်း (၉-၈) အန် အန့် အန်း သရများ သင်ကြားကြစို့လား

# အကြံပြုစာသင်ချိန် - ၈ချိန်(တတိယအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံပါစကားလုံးများကို ဆရာက ဗျည်းနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ ရေကန်

  ေ–+ ရ = ရေ

  က+ –န် = ကန်

  ရေကန် ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၉–၈)    အန် အန့် အန်း သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် –၄ချိန် (စတုတ္ထ မှ သတ္တမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**


- '❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**


- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။


၉။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၃)


စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။


❹
ဘယ်အတန်းကလဲ။
ပထမတန်းကပါ။
ခဲတံ ပါသလား။
အခန်းထဲက ယူခဲ့ပါ။


❺
ဦးလေး ဘာထမ်း လာသလဲ။
ဘူးသီး ခရမ်းသီး ပါ၏။
တောလမ်းက လာခဲ့သည်။
မမောပန်းပါ။


❻
ငါး မဖမ်းရ။
ပန်း မခူးရ။
ရေကန်အနီး မဆော့ရ။
စည်းကမ်း လေးစားပါ။


❼
အလံတော် တလူလူ။
တေးသံ သာယာ၏။
စီတန်း၍ လာနေသည်။
အခမ်းအနား စတော့မည်။

၉၂

### အရေးကြီးသောအချက်များ

- ဗျည်းနှင့်သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၉-စ) အန် အန့် အန်း သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန်(အဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၄ ၅ ၆ ၇ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အန် အန့် အန်းနဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။ ပြီးလျှင် အဖြေမှန်ကို ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။
- စာကြောင်းတစ်ကြောင်းချင်းစီ၏ အဖြေမှန်ကို ကလေးတစ်ဦးချင်းကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၄ မှ ၇ အထိ ထပ်မံ ရွတ်ဆိုစေကာ 'အန် အန့် အန်း သရများကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'သံတူအမှန်ဖြည့်ကြမယ်' ရှိ မှန်ကန်သော သရသင်္ကေတများကို ရွေးချယ်နိုင်ခြင်းပေါ် မူတည်၍ အကဲဖြတ်ပါမည်။





သံတူအမှန်ဖြည့်ကြမယ်။

၁။ – မ် ၊ – န် ရေ (က)____ နားမသွားရ။



၂။ – န်း ၊ – မ်း စံပယ် (ပ) ____ ပန်လာပါ။



၃။ – န်း ၊ – မ်း ကား(လ)____ပေါ် မကစားရ။



၄။ –ံ၊ –န်၊ –မ် တူနဲ့ (သ) ____ ယူခဲ့ပါ။



၅။ –့ံ ၊ –န့် ၊ –မ့် မမ (န)____ သာ လူးနေတယ်။



### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ၊ ရေးစေပါမည်။
- သရသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- နံ့သာသည် အမွှေးနံ့၊ အမွှေးနံ့ရှိသော ဝတ္ထုပစ္စည်းဖြစ်ကြောင်းရှင်းပြရပါမည်။

## အခန်း (၉-ဂ) အို အို့ အိုး သရများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် -၈ချိန်(ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်
- ♦ ဗျည်းနှင့် အို အို့ အိုး သရများ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ♦ 'အို အို့ အိုး သရသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ♦ အို အို့ အိုး သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ♦ သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ♦ ၁ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ♦ ဗျည်းနှင့် အို အို့ အိုး သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ သရသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ♦ ဗျည်းနှင့် အို အို့ အိုး သရများ တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ♦ ဗျည်းနှင့် အို အို့ အိုး သရသင်္ကေတများ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ♦ ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**
- ♦ သင်ကြားပြီးသော ဗျည်းနှင့် အို အို့ အိုး သရများ အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အို အို့ အိုး သရများ အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---



### (ဂ) အို အို့ အိုး သရများ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အို | အို့ | အိုး |
| ို | ို့ | ိုး |
| ိုယ် | ိုယ့် | |



၂

| | | | | | |
|---|---|---|---|---|---|
| ကို | ကို့ | ကိုး | ဖို | ဖို့ | ဖိုး |
| ခို | ခို့ | ခိုး | မို | မို့ | မိုး |
| စို | စို့ | စိုး | သို | သို့ | သိုး |
| တို | တို့ | တိုး | ကိုယ် | ကိုယ့် | |
| ထို | ထို့ | ထိုး | | | |



၃ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

တို တို့ တိုး
ယို ယို့ ယိုး



---

### အဓိကအချက်များ
- ♦ သရသင်္ကေတ အို အို့ အိုး ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ
- ♦ အို အို့ အိုး သရများ အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ♦ ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ်ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ♦ 'ကို' နှင့်'ကိုယ်' 'ကို့' နှင့် 'ကိုယ့်' တို့သည် အသံတူသော်လည်း အသုံးမတူကြောင်း ရှင်းပြပါမည်။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ခို



အိုးစည်



စာပို့



သိုး



မုဆိုး



နို့ဆီဘူး



မိုး



ဘိုးဘိုး



အိုး

| | | | | |
|---|---|---|---|---|
| မိုးခို | မီးဖို | ဆီးယို | ကိုယ်ကာယ | ပုဆိုး |
| ရှိသေ | ရိုးသား | ထမနဲထိုး | အားကိုး | နို့စို့ကလေး |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။
  ဥပမာ။ ။ ကိုယ်စီ၊ ဖိုးသူတော်

## အခန်း (၉-ဂ) ခို ခို့ ခိုး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - စချိန်(တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံပါစကားလုံးများကို ဆရာက ဗျည်းနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ။ ။ ခို
  ခ+ ိုိ= ခို ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည်ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

## အခန်း (၉-ဂ) အို အို့ အိုး သရများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် -၄ချိန်(စတုတ္ထ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။


၉။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၃)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❹
လူကလေး နိုးလာသည်။
ကလေးကို မလန့်စေရ။
ငို မနေစေရ။
ရဲဖို့ လိုပါသည်။






❺
ဆရာမ အတန်းထဲသို့ လာသည်။
ရိုရိုသေသေ နေပါ။
စာ တိုးတိုး အံပါ။
ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။

❻
မိဘဆရာ ရှိသေပါ။
ရိုးရိုးသားသား နေပါ။
သာသာယာယာ စကားဆိုပါ။
အဘိုးအိုကို ကန်တော့ပါ။





❼
မိုးလရာသီ
အဘိုးတို့ လယ်တဲ
တဲကလေး မိုးယို နေသလား။
ကူညီ၍ မိုးပေးပါ။

၉၆

### အရေးကြီးသောအချက်များ

- ဗျည်းနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။



သံတူအမှန်ဖြည့်ကြမယ်။

၁။ ◌ိုး ဒီ ____ က အိုနေတယ်။



၂။ ◌ို ဆရာ ____ ရိုသေပါ။



၃။ ◌ို့ ဈေးက ____ ဆီ ဝယ်လာပါ။



၄။ ◌ိုး အ ____ အနားယူနေတယ်။



၅။ ◌ိုယ် မိမိ ____ သာအားကိုးပါ။



၆။ ◌ို ဒီခဲတံက ____ တယ်။



**အရေးကြီးသောအချက်များ**

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကိုပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- သရသင်္ကေတ အမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၉-ဂ) အို အို့ အိုး သရများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် - ၈ရှိန် (အဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- (၄) (၅) (၆) (၇) ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ အို အို့ အိုး နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ပေးထားသော သရနှင့် ရုပ်ပုံ၏ အဓိပ္ပာယ်ကိုက်ညီသော ဗျည်းကို ကွက်လပ်ဖြည့်စေပါမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။ ပြီးလျှင် အဖြေမှန်ပါသော စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။
- စာကြောင်းတစ်ကြောင်းချင်းစီ၏ အဖြေမှန်ကို ကလေးတစ်ဦးချင်းကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- (၄) မှ (၇) အထိ ထပ်မံရွတ်ဆိုစေကာ 'အို အို့ အိုး သရများကို ဖတ်နိုင်၊ ရေးနိုင်ပြီမဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'သံတူအမှန်ဖြည့်ကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ပေးထားသော သရနှင့် ကိုက်ညီသော ဗျည်းများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်းပေါ် မူတည်၍ အကဲဖြတ်ပါမည်။

**အခန်း (၁၀–က) သပြေသီးကောက် (ကဗျာ)**
**အကြံပြုစာသင်ချိန် – ၂ ချိန်**

**သင်ယူမှုဦးတည်ချက်**

♦ ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

♦ ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။

(၂) သူတို့ ဘာတွေ လုပ်နေကြတာလဲ။

(၃) ဘယ်ကိုသွားမယ်ထင်သလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။

(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။

(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။

(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ဆရာကဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။

(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါ မည်။

(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

♦ 'ကဗျာကို ပြန်လည် ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကဗျာကို အသံနေအသံထား မှန်ကန်စွာဖြင့် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် ဟန်အမူအရာဖြင့် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည် စစ်ဆေးအကဲဖြတ်ပေးရပါမည်။



**အခန်း ၁၀** ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)

**(က) သပြေသီးကောက် (ကဗျာ)**




**အဓိကအချက်များ**

♦ ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေမည်။

♦ ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ပျော်ရွှင်ရဲဝံ့စွာ ပြောနိုင်ရမည်။

**အရေးကြီးသောအချက်များ**

♦ ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။

♦ ကျေးလက်တောရွာများ၏ မိုးရာသီရှုခင်းကို ကလေးများ သိရှိစေရန် ဆရာက ပြောပြပေးရပါမည်။

♦ သပြေသီးမရနိုင်သော ဒေသများတွင် သပြေသီး၏ ပုံသဏ္ဍာန်၊ အရောင်အဆင်း၊ အရွယ်အစားကို ရေးဆွဲပြရပါမည်။

♦ ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

♦ အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

♦ ကလေးများ နားမလည်သော စကားလုံးများကို ဆရာက ရှင်းပြပေးရပါမည်။

ဥပမာ။ ။ ခရာဆူးချုံ၊ မျှော့နက်မည်း၊ မြွေနဂါး၊ အုန်းလက်နွား။

## (ခ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား

**၁**

ျ ြ

**၂**

| | | | | | |
|---|---|---|---|---|---|
| ကျ | ကျာ | ကျား | ပြ | ပြာ | ပြား |
| ကျိ | ကျီ | ကျီး | ပြိ | ပြီ | ပြီး |
| ကျု | ကျူ | ကျူး | ပြု | ပြူ | ပြူး |
| ကျေ | ကျေ့ | ကျေး | ပြေ | ပြေ့ | ပြေး |
| ကျဲ | ကျဲ့ | ကျယ် | ပြဲ | ပြဲ့ | ပြယ် |
| ကျော | ကျော့ | ကျော် | ပြော | ပြော့ | ပြော် |

**၃**

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

မ ြ မြား

ပ ျ ပျား

### အဓိကအချက်များ

- ဗျည်းတွဲသင်္ကေတ ျ(ယပင့်)၊ ြ(ရရစ်)ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ျ(ယပင့်)၊ ြ(ရရစ်) အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- သင်္ကေတ ပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ်ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း+ ျ(ယပင့်) + သရ

  က + –ျ = ကျ

  က+ ျ + – ာ = ကျာ

  က+ ျ + – ား = ကျား

## အခန်း (၁၀–ခ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ျ(ယပင့်) ြ(ရရစ်) ဗျည်းတွဲသင်္ကေတ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ျ (ယပင့်)၊ ြ (ရရစ်) ဗျည်းတွဲသင်္ကေတတွေနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ျ(ယပင့်)၊ ြ(ရရစ်) သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
  ျ = (ယပင့်)၊ ြ= (ရရစ်)
- ၁ ရှိသင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ျ (ယပင့်)နှင့် သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ သင်္ကေတနေရာတွင် အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ဗျည်း၊ ျ (ယပင့်) နှင့် သရတွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ျ (ယပင့်) အတွဲ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၄ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်းနှင့် ျ (ယပင့်) အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ျ (ယပင့်)အတွဲတွင် ဆရာမေးသော ဗျည်းများကို အစားသွင်းကာ ရွတ်ဆို ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၀–ခ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- 'ဗျည်းနဲ့ ျ (ယပင့်)အတွဲကို ပြန်လည်ရွတ်ဆိုပြီး ဗျည်းနဲ့ ြ (ရရစ်)အတွဲကို ဆက်လက်သင်ကြားမယ်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ❸ ျ (ယပင့်)နှင့် ြ (ရရစ်) သင်္ကေတ ၂ မျိုး၏ အသုံးပြုပုံကို ရှင်းလင်းပြပါမည်။
- သင်္ကေတ ပြောင်းသည်နှင့် အသံအဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း၊ ြ (ရရစ်) နှင့် သရတွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ❸ ြ (ရရစ်) အတွဲကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ❹ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

#### နိဂုံးချုပ်ခြင်း

- သင်ကြားပြီးသော ဗျည်းများနှင့် ြ (ရရစ်) အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ြ (ရရစ်) အတွဲကို ရွတ်ဆိုရေးသားနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



(ခ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား



❶

ျ ြ



❷

| | | | | | |
|---|---|---|---|---|---|
| ကျ | ကျာ | ကျား | ပြ | ပြာ | ပြား |
| ကျိ | ကျီ | ကျီး | ပြိ | ပြီ | ပြီး |
| ကျု | ကျူ | ကျူး | ပြု | ပြူ | ပြူး |
| ကျေ | ကျေ့ | ကျေး | ပြေ | ပြေ့ | ပြေး |
| ကျဲ | ကျဲ့ | ကျယ် | ပြဲ | ပြဲ့ | ပြယ် |
| ကျော | ကျော့ | ကျော် | ပြော | ပြော့ | ပြော် |



❸

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

မ ြ မြား

ပ ျ ပျား



### အရေးကြီးသောအချက်များ

- ျ (ယပင့်)၊ ြ (ရရစ်) အသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ်၊ ရေးတတ်ရပါမည်။
- ဗျည်း + ြ (ရရစ်) + သရ

  ပ + ြ = ပြ

  ပ + ြ + –ာ = ပြာ

  ပ + ြ + –ား = ပြား
- ဆရာက ငါးကြီးဆီ အသုံးကို ရှင်းလင်းပေးရန်။

  ဥပမာ ။ ။ ငါးကြီးဆီသည် ခန္ဓာကိုယ် ဖွံ့ဖြိုးရန်အတွက် စားသုံးသော ဆေးဝါးဖြစ်ကြောင်း ရှင်းပြပါမည်။

## အခန်း (၁၀–၈) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (တတိယအချိန်)



၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။

ကျား ကြာဖူး မြေပဲ

ကြယ် ကြိုးကြာ ဖျာ

မြေဖြူ ဖျံ ကျီးကန်း

| | | | | |
|---|---|---|---|---|
| ကျေးရွာ | ပျံသန်း | ပြီးစီး | ဖြေကြား | ချိုးကျူး |
| စပါးကျီ | မြို့တော် | များပြား | ကြံစည် | ကြိုးစား |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။
  ဥပမာ ။ ။ ပြာသိုလ၊ နေကြာ၊ ခြံ
- စပါးကျီသည် စပါးသိုလှောင်ရာ အဆောက်အအုံဖြစ်ကြောင်း ရှင်းပြရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ။ ။ ဖျာ
  ဖ+ ျ + – ာ = ဖျာ ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

## အခန်း (၁၀-၈)　ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန်(စတုတ္ထ မှ သတ္တမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❺ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❺ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ❺ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "❺ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❺ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❹
ဆရာမ စာပြမည်။
မြေဖြူ ယူလာသည်။
မိမိနေရာ နေကြပါ။
စကားကျယ်ကျယ် မပြောရ။






❺
နေကျဲကျဲ ပူသည်။
နေပူထဲ မပြေးရ။
အဖျားရောဂါ ရမည်။
နေအေးသောအခါ ပြေးကစားပါ။

❻
ပျားရည် ချိုသည်။
အစာကြေပါသည်။
ငါးကြီးဆီ စားပါ။
ကျန်းမာဝဖြိုးလာမည်။





❼
ကျားကြီး ခြေရာကြီး
မေးဖန်များ စကားရ
ပျော်ပျော်နေ သေခဲ
ကျီစားသန်က ရန်များ၏။

၁၀၂

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❻ ❼ ❽ ကိုလည်း စာပိုဒ် ❺ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။



ယပင့်၊ ရရစ် အသုံးအမှန်ကို မျဉ်းသားကြရအောင်။

၁။ တောထဲ၌ (ကျား / ကြား) နေ၏။



၂။ ခြံထဲ၌ (ကြံ / ကျံ) ပင်များပေါသည်။



၃။ ကြံသကာ (ချို / ခြို) သည်။



၄။ ယနေ့ (ကြီး / ကျီး) သာ၍ ဧည့်လာမည်။



၅။ ရေထဲ၌ (ကြာ / ကျာ) ပန်းများ ဖူးနေပြီ။



## အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ၊ ရေးစေပါမည်။
  ဥပမာ။ ။ ကြိ
- ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၁၀–စ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၅ ၆ ၇ ၈ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ျ (ယပင့်)၊ ြ (ရရစ်)နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ ထင်မြင်သည့်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ထို့နောက် ယပင့်၊ ရရစ် အသုံးအမှန်ကို မျဉ်းသားစေပါမည်။
- ကလေးများ မျဉ်းသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။
- စာကြောင်းတစ်ကြောင်းချင်းစီ၏ အဖြေမှန်ကို ကလေးတစ်ဦးချင်းကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၅ မှ ၈ အထိ ရွတ်ဆိုစေကာ ျ (ယပင့်)၊ ြ (ရရစ်) ဗျည်းတွဲကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လားဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ယပင့် ရရစ် အသုံးအမှန်ကို မျဉ်းသားကြရအောင်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ဗျည်းတွဲသင်္ကေတများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၀-ဂ) ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် - ၈ချိန်(ပထမ မှ ဒုတိယအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ွ (ဝဆွဲ) ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ‘ွ(ဝဆွဲ) ဗျည်းတွဲသင်္ကေတနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်’ ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ွ(ဝဆွဲ) ဗျည်းတွဲသင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆို ပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ွ(ဝဆွဲ) နှင့် သရတွဲဖက်၍ ❷ ကို ရွတ်ဆိုစေပါမည်။ ဗျည်းတွဲသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်း၊ ွ(ဝဆွဲ) နှင့် သရတွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ွ(ဝဆွဲ) အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❸ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် ွ(ဝဆွဲ)အတွဲကို ကလေးများ ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ွ(ဝဆွဲ) အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)

### (ဂ) ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား



❶ ွ



❷

| | | | | | |
|---|---|---|---|---|---|
| ကွ | ကွာ | ကွား | ခွ | ခွာ | ခွား |
| ကွေ | ကွေ့ | ကွေး | ခွေ | ခွေ့ | ခွေး |
| ကွဲ | ကွဲ့ | ကွယ် | တွဲ | တွဲ့ | တွယ် |



❸ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ခွေ ခွေ့ ခွေး

သွ သွာ သွား

၁၀၄

### အဓိကအချက်များ

- ဗျည်းတွဲသင်္ကေတ ွ(ဝဆွဲ)ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ွ(ဝဆွဲ) အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံအဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + ွ(ဝဆွဲ) + သရ

| | | | | | |
|---|---|---|---|---|---|
| က | + | ွ | | = | ကွ |
| က | + | ွ | + ာ | = | ကွာ |
| က | + | ွ | + ား | = | ကွား |

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



နွား



ကျေးရွာ



ပွဲ



ပလွေ



အနွေးထည်



အဘွားအို



လည်ဆွဲ



သွား



ငွေကြေး

| | | | |
|---|---|---|---|
| ပွဲတော် | ပုလဲသွယ် | ခွေးကလေး | ခွဲခွာ |
| ရေနွေး | မွေးဖွား | တဖွဲဖွဲ | လူငယ်လူရွယ် |
| | လွယ်လွယ်ကူကူ | ဖြူဖြူဖွေးဖွေး | |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ ။ ။ အမွေ၊ ထွေးပွေ့၊ ခွေး

**အခန်း (၁၀-၈)　　ဝဆွဲ ဗျည်းတွဲများ**
**သင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် - ၈ချိန်(တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ နွား

  န + ွ + ှ + ား = နွား ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည်ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၀-ဂ) ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (စတုတ္ထ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❹ ကို ဆရာက ရွတ်ဖတ်ပြမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ❹ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ❹ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "❹ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား" ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ❹ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။


❹
ဆရာကန်တော့ပွဲ
အတူတကွ သွားကြမည်။
လူစု မကွဲစေရ။
ခွဲခွဲခြားခြား မပြုရ။
ဖော်ဖော်ရွေရွေ နေကြပါ။

❺
နွေဦးရာသီ
ပလွေသံ သာယာ၏။
နွားများကို ဆွဲလာသည်။
အဝေးသို့ မသွားရ။
နေရာရွေး၍ နားမည်။



❻
မယ်ငွေ၏ သားကလေး
အသား ဖြူဖွေးသည်။
ထွားလည်း ထွား၏။
ယုယုယယ ပွေ့ချီထား၏။
နွေးနွေးထွေးထွေး ထားပါ။

❼
ဤရွာကလေး သာယာသည်။
ဘူးသီး သခွားသီး ပေါ၏။
ရာသီမရွေး မအားကြပါ။
နွားများ မွေးမြူထားသည်။
ပျော်မွေ့စွာ နေကြသည်။


၁၀၆

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ❺ ❻ ❼ ကိုလည်း စာပိုဒ် ❹ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



ကွက်လပ်ဖြည့်ကြရအောင်။

| ပွဲတော်၊ | သွား၊ | ပွေ့ချီ၊ | တဖွဲဖွဲ၊ | ပလွေ |
|---|---|---|---|---|

၁။ ရိုးရာ ____ သွားကြမည်။



၂။ ကလေးကို ____ ထားပါ။



၃။ လူများ ____ လာကြသည်။



၄။ ညီညီ ____ ဝယ်လာသည်။



၅။ မိမိ ____ များကို သန့်နေပါစေ။



## အခန်း (၁၀–ဂ) ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- (၄) (၅) (၆) (၇) ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ွ (ဝဆွဲ)နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကိုစဉ်းစားစေပါမည်။ ပြီးလျှင် ကွက်လပ်ဖြည့်ပြီး အဖြေမှန်ပါသော စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- (၄) မှ (၇) အထိ ထပ်မံ ရွတ်ဆိုစေကာ 'ွ (ဝဆွဲ) ကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ကွက်လပ်ဖြည့်ကာ ရေးကြည့်ပါ' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိ၊ လေးကြောင်းမျဉ်းတွင် မှန်ကန်စွာ ကွက်လပ်ဖြည့်ပြီး ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။

## အခန်း (၁၀–ဃ) ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန်(ပထမ မှ ဒုတိယအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ှ (ဟထိုး) ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ှ (ဟထိုး) ဗျည်းတွဲသင်္ကေတနဲ့ ဗျည်းလေးတွေကို တွဲကာ သင်ယူကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ှ (ဟထိုး) သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ှ (ဟထိုး) နှင့် သရတွဲဖက်၍ ❷ ကို ရွတ်ဆိုစေပါမည်။ ဗျည်းတွဲသင်္ကေတနေရာတွင် အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်း၊ ှ (ဟထိုး) နှင့် သရတွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ှ (ဟထိုး) အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ❸ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်းနှင့် ှ (ဟထိုး) အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ှ (ဟထိုး) အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ဃ) ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



❶ ှ



❷

| | | | | | |
|---|---|---|---|---|---|
| ငှ | ငှာ | ငှား | လှီ | လှီး | |
| မှ | မှာ | မှား | ရှု | ရှူ | ရှူး |
| ရှ | ရှာ | ရှား | လှေ | လှေ့ | လှေး |
| ရှိ | | | မှို | မှို့ | မှိုး |
| မှီ | မှီး | | ရှို | ရှို့ | ရှိုး |



❸ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လှေ လှေ့ လှေး

ငှ ငှာ ငှား



### အဓိကအချက်များ

- ဗျည်းတွဲသင်္ကေတ ှ(ဟထိုး)ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ှ (ဟထိုး) အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံအဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + ှ (ဟထိုး) + သရ

  င + ှ = ငှ

  င + ှ + ာ = ငှာ

  င + ှ + ား = ငှား


၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။

ရှူဆေး　　နှဲ　　လှေ

လှည်း　　စပါးနှံ　　လှံတံ

မှို　　လှေကား　　သားလှီးဓား

| | | | |
|---|---|---|---|
| မှာကြား | ရှောနှော | ဓားရှ | လှေလှော် |
| အလှူပွဲ | နှေးကွေး | အညှာ | လှလှပပ |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။
  ဥပမာ။ ။ နေလှန်း၊ မှန်ဘီလူး၊ နှမ်းဆီ၊ ရှာမှီး၊ ညှာတာ။

## အခန်း (၁၀–ဃ)　ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန်(တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရအသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ။ ။ နှဲ
  န + ှ + ဲ = နှဲ ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၀-ဃ) ဟာထီး ဗျည်းတွဲများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ ချိန်(စတုတ္ထ မှ သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၄ ကို ဆရာက ရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ၄ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများ တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ၄ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '၄ စာပိုဒ်ကို ပြန်လည် ရွတ်ဆိုရေးသားနိုင်ပြီလား'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**


- လုပ်ငန်းစဉ်အတွင်း ၄ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက်မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

အရှေ့ရွာမှာ ဘာရှိသလဲ။
လူစည်ကားလှပါသည်။
ဘုရားပွဲတော် ရှိပါသလား။
လှည်းစီး၍ လာကြသည်။
လှေစီး၍လည်း လာကြသည်။ ၄





၅ လူကလေး မှေးနေသည်။
အအေးမိ၍ နှာစေးသည်။
ရှူဆေး ရှိသလား။
နွေးနွေးထွေးထွေး ရှိပါစေ။

စပါး လှေ့နေကြသည်။
အဆာပြေ ပဲလှော် ဝါးပါ။
ရေနွေးကြမ်း ငှဲ့ပေးပါ။
စပါး ပေါ်မှ အလှူပေးမည်။ ၆





၇ ပညာကို ရှာမှီးပါ။
အမှားအမှန် ခွဲခြားပါ။
သတိ ရှိရမည်။
သနားညှာတာမှု ရှိကြပါ။

၁၁၀

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရတွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ၅ ၆ ၇ ကိုလည်း စာပိုဒ် ၄ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၁၀-ဃ) ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ချိန်(အဌမအချိန်)

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)



ဟထိုး အသုံးအမှန်ကို မျဉ်းသားကြရအောင်။

၁။ ရေနွေး ( ငှဲ / ငှဲ့ )ပေးပါ။



၂။ ရွာသားများ စပါး ( လှေ့ / လှေ ) နေကြတယ်။



၃။ ပွဲတော်ကို ( လှည်း / လည်း )နဲ့ သွားကြမယ်။



၄။ ပညာကို ရှာ ( မှီး / မီး )ပါ။



၅။ အဘိုး ( နီး / နှီး ) ဖြာနေတယ်။



### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကိုပြောစေပါမည်။
- ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❹ ❺ ❻ ❼ ကို ပြန်လည်ရွတ်ဆိုစေပြီး "ဒီနေ့ ှ (ဟထိုး)နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ ထင်မြင်သည့်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေ ပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ထို့နောက် ှ (ဟထိုး) အသုံးအမှန်ကို မျဉ်းသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။
- စာကြောင်းတစ်ကြောင်းချင်းစီ၏ အဖြေမှန်ကို ကလေးတစ်ဦးချင်းကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ❹ မှ ❼ အထိ ထပ်မံ ရွတ်ဆိုစေကာ 'ှ (ဟထိုး) ဗျည်းတွဲကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ဟထိုးအသုံးအမှန်ကို မျဉ်းသားကြရအောင်'ရှိ ဟထိုးအသုံး မှန် မမှန်ကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်း၊ မျဉ်းသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၀–င) ပိုးကောင်ကလေးတွေ ဘာလုပ်နေလဲ

**အကြံပြုစာသင်ချိန် – ၁ချိန်**

### သင်ယူမှုဦးတည်ချက်

- ရုပ်ပုံပါ ပိုးကောင်ကလေးများ စားသောက်ပုံ ကွဲပြားသည်ကို ကလေးများ ခွဲခြားသိရှိပြီး ပြောပြတတ်ရန်
- ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး အခြားပိုးကောင်ကလေးများ၏ အမည်နှင့် စားသောက်ပုံကိုပါ ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**


- 'ဒီနေ့ ပတ်ဝန်းကျင်မှာရှိတဲ့ ပိုးကောင်ကလေးတွေ အကြောင်းကို ပြောကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ၏ ပတ်ဝန်းကျင်တွင်ရှိသော ပိုးကောင်ကလေးများ၏ အမည်များကို ပြောစေပါမည်။
- 'ကျောင်းသုံးစာအုပ်မှာပါတဲ့ ပိုးကောင်ကလေးတွေကို ကြည့်ကြရအောင်' ဟု ပြောပါမည်။
- 'ရုပ်ပုံရှိ ပိုးကောင်ငယ်ကလေးတွေ ဘာလုပ်နေသလဲ' ဟု ကလေးများ၏ ထင်မြင်ချက်ကို တစ်ဦးချင်း ပြောစေပါမည်။
- ကလေးများကို နှစ်ယောက်တစ်တွဲ မျက်နှာချင်းဆိုင်ထိုင်စေ၍ ရုပ်ပုံပါ ပိုးကောင်ကလေးများ၏ အမည်နှင့် အစာများကို လက်ထောက်၍ အပြန်အလှန် ပြောစေပါမည်။

  (ကလေးများမပြောမီ ဆရာက နမူနာပြောပြပေးပါမည်။)
- ထို့နောက် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို မေးမြန်းပါမည်။

၁၀။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမယ် (၁)




၁၀၂

### အဓိကအချက်များ

- ပတ်ဝန်းကျင်ရှိ ပိုးကောင်ကလေးများ၏ နေထိုင်စားသောက်ပုံ မတူညီကြောင်း သိရှိရပါမည်။

### အရေးကြီးသောအချက်များ

- ပျားနှင့်ပိတုန်း၏ ကွဲပြားမှုကို ဆရာက ရှင်းပြရပါမည်။
- ပတ်ဝန်းကျင်ရှိ ပိုးကောင်ငယ်ကလေးများ၏ နေထိုင်စားသောက်ပုံကို ဆက်လက် စူးစမ်းလေ့လာစေပါမည်။
- ရုပ်ပုံပါ ပိုးကောင်ငယ်ကလေးများ၏ အစားအစာများကိုပါ ပြောစေပါမည်။
- ကလေးများ၏ ပတ်ဝန်းကျင်တွင်ရှိသော အခြားပိုးကောင်ငယ်ကလေးများကို ပြောစေပါမည်။

  ဥပမာ။ ။ ပုရွက်ဆိတ်၊ နံကောင်၊ ခြ၊ ပုရစ်
- ပိုးကောင်ငယ်ကလေးများ၏ အစားအစာကို ကလေးများ တွေးထင်ထားသည့်အတိုင်း ပြောစေပါမည်။
- ကလေးများ၏ ဖြေကြားမှုပေါ်တွင် ဆရာက ပြန်လည်ဖြည့်စွက်ရှင်းပြ ပေးပါမည်။

**ပုံလေးကြည့်ပြီး ပြောကြည့်ကြရအောင်။**

၁။ ပိုးကောင်ကလေးတွေဘာလုပ်နေကြသလဲ။

၂။ ဘယ်ပိုးကောင်ကလေးက သစ်ရွက်ကို စားနေသလဲ။

၃။ တခြား ပိုးကောင်ကလေးတွေရော ဘာတွေ စားကြသလဲ။




## အရေးကြီးသောအချက်များ

- ပစ္စည်းစစ်များ ပြသပါက ကလေးများ အန္တရာယ်ရှိနိုင်သော ပိုးကောင်ငယ်များကို ပြသခြင်းမပြုပါနှင့်။
- ခူသည် ခူယားနှင့် အတူတူဖြစ်ကြောင်း ရှင်းပြပါမည်။

## အခန်း (၁၀-င) ပိုးကောင်ကလေးတွေ ဘာလုပ်နေလဲ

**အကြံပြုစာသင်ချိန် – ၁ချိန်**

### နိဂုံးချုပ်ခြင်း

- ပတ်ဝန်းကျင်မှာရှိတဲ့ အခြားပိုးကောင်ကလေးများ၏ နေထိုင်စားသောက်ပုံကို မေးမြန်းပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါပိုးကောင်ကလေးများနှင့် ပတ်ဝန်းကျင်ရှိ ပိုးကောင်ကလေးများ၏ အမည်နှင့် နေထိုင်စားသောက်ပုံမတူညီပုံကို ပြောပြနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁၁-က) ကြာဆစ်ကြိုး (ကဗျာ)
## အကြံပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂) 'ကဗျာမှာပါတဲ့ မိန်းကလေးရဲ့လည်မှာ ဆွဲထားတာဘာဖြစ်မယ်ထင်သလဲ'စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာကဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ စစ်ဆေးအကဲဖြတ်ပါမည်။



**အခန်း ၁၁** ဖျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)

**(က) ကြာဆစ်ကြိုး (ကဗျာ)**




**အဓိကအချက်များ**

- ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲရဲဝံ့ဝံ့ ပြောစေပါမည်။

**အရေးကြီးသောအချက်များ**

- ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

## (ခ) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား



၁

ျွ ြွ



၂

| | |
|---|---|
| ကျွေး ကျွဲ | ကြွ ကြွာ ကြွား |
| ချွေ | ကြွေ ကြွေး |
| ချွေး | ခြွေ ခြွေး |
| ချွဲ | မြွေ |



၃ စ ကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကျွေး ကျွဲ ကြွေ

ချွေး ချွဲ ခြွေ

### အစိကအချက်များ

- ဗျည်းတွဲ သင်္ကေတ ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + ျွ (ယပင့်ဝဆွဲ)+ သရ
  က + ျွ + ဲ = ကျွဲ
- ဗျည်း + ြွ (ရရစ်ဝဆွဲ)+ သရ
  က + ြွ + ား = ကြွား

# အခန်း(၁၁–ခ) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများသင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် – ၈ချိန် (ပထမ မှ ဒုတိယအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ) ဗျည်းတွဲသင်္ကေတတွေနဲ့ ဗျည်းလေးတွေကိုတွဲကာ သင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ) ဗျည်းတွဲသင်္ကေတတွေကို သင်ပုန်းတွင်ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)နှင့် သရတွဲဖက်၍ ၂ ကို ရွတ်ဆို စေပါမည်။ ဗျည်းတွဲသင်္ကေတနေရာတွင် အခြား ဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ဗျည်း၊ ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)နှင့် သရတွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့်ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ) အတွဲ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)အတွဲကို ကလေးများရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ျွ (ယပင့်ဝဆွဲ)၊ ြွ (ရရစ်ဝဆွဲ)အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း(၁၁–ခ) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၁ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။

♦ ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။

♦ ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ။ ။ ကြွေအိုး

ေ + က + ြွ = ကြွေ

အ + ို း = အိုး

ကြွေအိုး ဟူ၍ ဖတ်ပြပါမည်။

♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။

ကြွေအိုး မြွေ ကျွဲကောသီး

အကျွေးအမွေး ငိုကြွေး ကြွယ်ဝ

ကျွဲ ကျွေး ကျွမ်းဘား

ကြွားဝါ ငွေအကြွေ ချွေးကျ
ချွဲကျို ကြွေကရား ချွေတာရေး
ကြွေးကြော် ချွေးမ မြွေလေ့

၁၁၇

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

ဥပမာ။ ။ ကျွေးမွေး၊ စူးချွေ၊ ကျွံကျ၊ ချွေးနဲ့စာ၊ အခြွေအရံ

♦ ငွေအကြွေတွင် ငွေသည် ရောင်းရာဝယ်ရာတွင် ပစ္စည်းဖြင့် လဲလှယ်ရသော ကြားခံပစ္စည်း ဖြစ်၍ အကြွေသည် ယခင်က ပိုမိုသုံးစွဲခဲ့သည့် ငါးပြားစေ့၊ ဆယ်ပြားစေ့ စသည့် ပိုက်ဆံဖြစ်ကြောင်း ရှင်းပြရပါမည်။


၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

(၄)

ရွာလူကြီးများ ကြွလာပြီ။
ကြွေပန်းကန် ယူခဲ့ပါ။
ကျွဲကောသီး ထည့်ထားပါ။
ကျွေးမွေး ပြုစုပါရစေ။





(၅)

မြွေသံလား လေသံလား။
မြွေ သတိထားပါ။
မြွေပေါ်ရာ မသွားရ။
ချုံထဲမှာ မြွေခွေနေသည်။

(၆)

လူကလေး အသီးခြွေချ၏။
အသီးများ ကြွေကျလာပြီ။
ကျွဲနွား မစားစေရ။
လူအများကို ကျွေးပါ။





(၇)

ကြွေပန်းအိုး ဝယ်လာသည်။
အကြွေး မဝယ်ပါ။
ကြွားကြွားဝါဝါ မနေရ။
ငွေကို ချွေတာပါ။

## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရတွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် (၅) (၆) (၇) ကိုလည်း စာပိုဒ် (၄) သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

# အခန်း(၁၁-၈) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများသင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် - ၈ချိန်(စတုတ္ထ မှ သတ္တမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- (၂) ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- (၄) ကို ဆရာက ရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက (၄) စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများ တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- (၄) စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

### နိဂုံးချုပ်ခြင်း

- '(၄) စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား'ဟု မေးပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း (၄) စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း(၁၁–ခ) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၄ ၅ ၆ ၇ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ◌ျွ (ယပင့်ဝဆွဲ)၊ ◌ြွ (ရရစ်ဝဆွဲ)နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။ ပြီးလျှင် လေးကြောင်းမျဉ်းတွင် အဖြေမှန်ပါသော စာကြောင်းကို ရေးသားစေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၄ မှ ၇ အထိ ထပ်မံ ရွတ်ဆိုစေကာ '◌ျွ (ယပင့်ဝဆွဲ)၊ ◌ြွ (ရရစ်ဝဆွဲ)ဗျည်းတွဲတွေကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'မှား မှန် ရောထွေး အမှန်ရွေးကြရအောင်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ အမှားအမှန်ကို ရွေးချယ်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။





မှား၊ မှန် ရောထွေး အမှန်ရွေးကြရအောင်။

၁။ ခရေပန်းများ ကြွေကျနေသည်။ (   )
ခရေပန်းများ ကျွေကျနေသည်။ (   )



၂။ ငွေကို ချြွေတာပါ။ (   )
ငွေကို ချွေတာပါ။ (   )



၃။ ယာထဲကို ကျွဲနွား မလာစေရ။ (   )
ယာထဲကို ကြွဲနွား မလာစေရ။ (   )



၄။ မျွေဆေး ယူလာပါ။ (   )
မြွေဆေး ယူလာပါ။ (   )



၅။ အလှူမှာ ကျွေးမွေးနေပြီ။ (   )
အလှူမှာ ကြွေးမွေးနေပြီ။ (   )



၁၁၉

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ၊ ရေးစေပါမည်။
- ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။

## (ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



၁

ျှ ြှ



၂

| | | | | | |
|---|---|---|---|---|---|
| မျှ | မျှား | | လျှာ | | |
| မျှော | မျှော့ | မျှော် | လျှော | လျှော့ | လျှော် |
| မြှု | မြှေး | | လျှို | လျှို့ | လျှိုး |



၃ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လျှော လျှော့ လျှော်

မျှော့ မြှု မြှေး

### အဓိကအချက်များ

- ဗျည်းတွဲသင်္ကေတ ျှ (ယပင့်ဟထိုး)၊ ြှ (ရရစ်ဟထိုး)ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ျှ (ယပင့်ဟထိုး)၊ ြှ (ရရစ်ဟထိုး) အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + ျှ (ယပင့်ဟထိုး) + သရ

  မ + ျှ = မျှ

  မ + ျှ + ◌ား = မျှား
- ဗျည်း + ြှ(ရရစ်ဟထိုး) + သရ

  မ + ြှ + ◌ု = မြှု

  ေ◌ + မ+ ြှ + ◌း = မြှေး

## အခန်း(၁၁-ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ျှ (ယပင့်ဟထိုး)၊ ြှ (ရရစ်ဟထိုး) ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ျှ (ယပင့်ဟထိုး)၊ ြှ(ရရစ်ဟထိုး)ဗျည်းတွဲသင်္ကေတတွေနဲ့ ဗျည်းလေးတွေကိုတွဲကာ သင်ယူကြရအောင်' ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ျှ (ယပင့်ဟထိုး)၊ ြှ(ရရစ်ဟထိုး)သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ျှ (ယပင့်ဟထိုး) ြှ(ရရစ်ဟထိုး)နှင့် သရတွဲ ဖက်၍ ၂ ကို ရွတ် ဆိုစေပါမည်။ ဗျည်းတွဲသင်္ကေတ နေရာတွင် အခြား ဗျည်းများအစားသွင်းကာ ရွတ် ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါ မည်။
- ဗျည်း၊ ျှ (ယပင့်ဟထိုး) ြှ(ရရစ်ဟထိုး)နှင့် သရတွဲ ဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများ ကိုလိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ျှ (ယပင့်ဟထိုး) ြှ(ရရစ်ဟထိုး) အတွဲ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်းနှင့် ျှ (ယပင့်ဟထိုး)၊ ြှ(ရရစ်ဟထိုး) အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ျှ (ယပင့်ဟထိုး)၊ ြှ(ရရစ်ဟထိုး) အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ် ပါမည်။

## အခန်း(၁၁–ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား
## အကြိမ်ပြုစာသင်ချိန် – ၈ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ လျှော

  ေ – + လ + –ျ + –ှ + –ာ = လျှော ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည်ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

---

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။


လျှော


ငါးမျှားတံ


လျှော်စည်း


မီးလျှံ


မျှော


လျှော်


လျှောစီး


လျှာ


ချော့မြှူ

| | | |
|---|---|---|
| ညီမျှ | လျှောကျ | ဖြေလျှော့ |
| လျှော့ဈေး | မျှော်မှန်း | ရေလျှံ |

၁၂၁

---

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ။ ။ လျှော်ပင်၊ လျှော်ဖွပ်၊ မျှဝေ၊ မီးမျှော၊
- မီးလျှံ နှင့် ရေလျှံတွင် လျှံ သည် အရေးတူသော်လည်း အသံကွဲကြောင်း၊ အရေးတူ အသံကွဲ အသုံးကို ဆရာက ရှင်းပြရပါမည်။



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၄ ရေကန်ထဲမှာ မျှော့ရှိ၏။
ငါးများကြမည်။
ငါးမျှားတံ ယူခဲ့ပါ။
ငါးရက ညီညီမျှမျှ ယူကြမည်။



၅ အရသာကို လျှာက သိသည်။
ဈေးသည် မျှော်နေသည်။
ဈေးလျှော့၍ ပေးမည်လား။
မျှမျှတတ သဘောထားပါ။



၆ လယ်ထဲမှာ ရေလျှံနေပြီ။
လျှော်စည်းများ မျောပါနေကြသည်။
လှေမျှော၍ ဆယ်ယူပါ။
လျှောကျမည် သတိထား။



၇ ကလေးကို မြှူနေသည်။
ချော့မြှူသော်လည်း မရပါ။
လျှာမှာ အနာရှိသလား။
အာဟာရ မျှပါစေ။

# အခန်း(၁၁-ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (စတုတ္ထနှင့်ပဉ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၁ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၄ ကို ဆရာက ရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများအား နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ၄ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ၄ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- '၄ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား' ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ၄ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

မှတ်ချက်

- စာပိုဒ် ၅ ၆ ၇ ကိုလည်း စာပိုဒ် ၄ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။
- မျှော့ကို ကလေးများမသိပါက ဆရာက ရှင်းပြရပါမည်။
  မျှော့ = သတ္တဝါကို သွေးစုပ်တတ်သော ရေနေကျောရိုးမဲ့ အကောင်တစ်မျိုး။

## အခန်း(၁၁-ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ချိန် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ❹ ❺ ❻ ❼ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ျှ (ယပင့် ဟထိုး)၊ ြှ(ရရစ်ဟထိုး)နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။ ပြီးလျှင် ကွက်လပ်ဖြည့်ပြီး အဖြေမှန်ပါသော စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ❹ မှ ❼ အထိ ထပ်မံ ရွတ်ဆိုစေကာ ' ျှ (ယပင့်ဟထိုး)၊ ြှ(ရရစ်ဟထိုး) ဗျည်းတွဲကို ဖတ်နိုင် ရေးနိုင်ပြီမဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း 'ကွက်လပ်ဖြည့်ကြည့်ကြရအောင်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိ၊ လေးကြောင်းမျဉ်းတွင် မှန်ကန်စွာကို ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။





ကွက်လပ်ဖြည့်ကြည့် ကြရအောင်။

| လျှော် | ချော့မြှူ | ချီးမြှင့် | မှုမှုတတ | မြှော် |
|---|---|---|---|---|

၁။ ကလေးကို ______ပါ။



၂။ မေမေ အနီးများ ______နေသည်။



၃။ စားစရာကို ______ခွဲဝေယူပါ။



၄။ ဖေဖေအလာကို ______နေကြသည်။



၅။ ပထမရသူကို ဆု ______သည်။





### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေရေးစေပါမည်။
- ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။
- ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။

## အခန်း(၁၁-ဃ) ကြောင်နဲ့ကြွက် (ပုံပြင်)
## အကြံပြုစာသင်ချိန် - ၅ချိန် (ပထမအချိန်)

**သင်ယူမှုဦးတည်ချက်**

- ရုပ်ပုံကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်ကို ပြောနိုင်ရန်
- ကလေးအချင်းချင်း ကူညီတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ပုံကိုပြကာ အောက်ပါ မေးခွန်းများကို မေးမည်။
  'ပုံပြင်ထဲမှာ ဘာကောင်ကလေးတွေ တွေ့သလဲ'
  'အပြင်မှာ မြင်ဖူးသလား'
  'သူတို့ဘယ်လိုအော်သလဲ' စသဖြင့် မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်၏ ပထမစာမျက်နှာရှိ ရုပ်ပုံမှစ၍ ကလေးများ၏ ထင်မြင်ယူဆချက်များကို အစဉ်လိုက်ပြောစေပါမည်။
- 'ပုံပြင်ထဲက ဘယ်အကောင်လေးကို ကြိုက်သလဲ'
- 'ဘာကြောင့်လဲ'
- 'ဘာလုပ်နေတယ်လို့ ထင်သလဲ' စသဖြင့် မေးခွန်းများကို မေးပါမည်။

**နိဂုံးချုပ်ခြင်း**


- 'ရုပ်ပုံကလေးတွေကို ကြည့်ပြီး အမျိုးမျိုးတွေးတောနိုင်ခဲ့ကြတယ် မဟုတ်လား' 'နောက်တစ်ချိန်မှာ မိမိတွေးထားတဲ့ ပုံပြင်ကလေးကို သူငယ်ချင်းတွေကို ပြောပြကြမယ်' ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**


- လုပ်ငန်းစဉ်အတွင်း ကလေးများ ရုပ်ပုံကို ကြည့်ကာ မိမိတွေးတောထားသည်များကို ပြောဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ဃ) ကြောင်နဲ့ ကြွက် (ပုံပြင်)



တစ်နေ့မှာ
ကြောင်တစ်ကောင်ဟာ
ကြွက်ကလေး
တစ်ကောင်ကို
ဖမ်းမိသတဲ့။
အဲဒီကြောင်ဟာ
ကြွက်ကလေးကို
မစားသေးဘဲ
ကစားနေတယ်တဲ့။



ကြွက်ကလေးက မောလွန်းလို့
သူ့ကို လွှတ်ပေးဖို့
တောင်းပန်သတဲ့။ ဒါပေမဲ့
ကြောင်ကလေးက
ကစားရတာ
ပျော်စရာကောင်းတယ်လို့
ပြောပြီး ဆက်ကစားနေတယ်။

**အဓိကအချက်များ**

- ရုပ်ပုံများကို ကြည့်ပြီး ပုံပြင်ကို လွတ်လပ်စွာ တွေးတောစေရပါမည်။
- မိမိတွေးတောထားသည်များကို အခြားသူများအား ပြန်လည်ပြောပြတတ်ရပါမည်။

**အရေးကြီးသောအချက်များ**

- ပုံပြင်ပါ ရုပ်ပုံများကို ကလေးတစ်ဦးချင်း ဖြေဆိုစေပါမည်။
- ကလေးတစ်ဦးချင်း ပြောရာတွင် ရုပ်ပုံကလေးများပေါ်တွင် လက်ထောက်၍ ပြောစေပါမည်။
- ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပေးပါမည်။
- အဖြေမှန် မပြောနိုင်သော ကလေးကို နောက်တစ်ခေါက် ပြောကြည့်ပါဦးဟု ပြန်မေးမြန်းရပါမည်။
- ပုံပြင်ကို လွတ်လပ်စွာ တွေးတောစေမည် ဖြစ်သော်လည်း စကားလုံး၊ ဝေါဟာရများနှင့် ပတ်သက်၍ ကလေးများ မှားယွင်းပါက ပြုပြင်ပေးရပါမည်။

## အစန်း(၁၁–ဃ) ကြောင်နဲ့ကြွက် (ပုံပြင်)
## အကြံပြုစာသင်ချိန် – ၅ချိန် (ဒုတိယမှတတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
### နိဒါန်း (ဒုတိယအချိန်)

- ‘ပုံပြင်ထဲမှာ ကလေးတို့သိပြီးသား စကားလုံးများ ရှိပါသလား။’
- ‘သိတဲ့စကားလုံးတွေကို ရေးကြည့်ကြရအောင်’ ဟုပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ကလေးနှစ်ယောက် တစ်တွဲစီ ပထမစာမျက်နှာမှ နောက်ဆုံးစာမျက်နှာအထိ စာမျက်နှာအလိုက် မိမိသိရှိထားသည့် စကားလုံးများကို အသုံးပြု၍ ထင်မြင်ချက်များကို ပြောစေပါမည်။

### နိဂုံးချုပ်ခြင်း

- ‘ကလေးတို့ရဲ့ အတွေးနဲ့ ထင်မြင်ချက်တွေကို ပြောပြနိုင်ခဲ့တယ်မဟုတ်လား’ ‘ကျောင်းသုံးစာအုပ်မှာ ရေးထားတဲ့ ပုံပြင်လေးကို နောက်တစ်ချိန်မှာ အတူတူ ဖတ်ကြမယ်’ ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ ရုပ်ပုံကိုကြည့်ကာ မိမိတွေးတောထားသည်များကို ပြောဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### နိဒါန်း (တတိယအချိန်)

- ‘ကျောင်းသုံးစာအုပ်ထဲက ပုံပြင်လေးကို အတူတူ ဖတ်ကြည့်ကြရအောင်’ ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ပုံပြင်ကို အစအဆုံး နမူနာဖတ်ပြမည်။ ထို့နောက် ‘ပုံပြင်လေးအမည်ကို ပြောပါဦး’
- ‘ပုံပြင်ထဲမှာ ပါဝင်တဲ့ တိရစ္ဆာန်ကလေးတွေရဲ့ နာမည်ကို ပြောပါဦး’ စသဖြင့် မေးခွန်းများကို မေးပါမည်။
- ဆရာက ပုံပြင်ကို အစမှ အဆုံးအထိ တစ်ကြောင်းချင်းစီ ဖတ်ပြရပါမည်။
- ကလေးများကို လိုက်၍ ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)


### နိဂုံးချုပ်ခြင်း

- ‘အားလုံးပဲ ဖတ်နိုင်ကြပြီ မဟုတ်လား။’ ‘အိမ်မှာလဲ လေ့ကျင့်ပြီး ဖတ်ကြည့်ကြနော်’ ဟု ပြောပြီး နိဂုံးချုပ်ပါမည်။


### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အဖွဲ့လိုက် နောက်မှလိုက်ကာ ရွတ်ဖတ်နိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)



အဲဒီအချိန်မှာပဲ ခွေးကြီးတစ်ကောင်က ကြောင်ကို လိုက်တဲ့အတွက် ကြောင်လည်း ကြွက်ကလေးကို လွှတ်ပြီး သစ်ပင်ပေါ်ကို တက်ပြေးရသတဲ့။




၁၂၅

### အရေးကြီးသောအချက်များ


- ဆရာက ပုံပြင်ကို ဖတ်ရာတွင် ပုံကိုပြကာ ဟန်အမူအရာဖြင့် ပြောပြပါမည်။
- ဆရာက ဖတ်ပြနေစဉ် ကလေးများကို သေချာစွာ နားထောင်စေပြီး ဆရာဖတ်ပြသည့်အတိုင်း လိုက်၍ ဖတ်စေပါမည်။
- ကလေးများ မသိသော စကားလုံး၏ အသံထွက်နှင့် အဓိပ္ပာယ်များကို ဆရာက ရှင်းပြရပါမည်။

## အခန်း(၁၁-ဃ) ကြောင်နဲ့ကြွက် (ပုံပြင်)
## အကြံပြုစာသင်ချိန် - ၅မိနစ် (စတုတ္ထအချိန်)

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမယ် (၂)



ကြောင်ကလေးဟာ
တက်ရ ဆင်းရနဲ့
မောလွန်းလို့ သူ့ကို
လွှတ်ပေးဖို့ တောင်းပန်
ရှာတယ်တဲ့။



ဒါပေမဲ့ ခွေးကြီးက ကစားရတာ ပျော်စရာကောင်းတယ်လို့ ပြောပြီး ဆက်ကစားနေပြန်တယ်။

### အရေးကြီးသောအချက်များ

- ကလေးများကို နောက်မှလိုက်၍ ဖတ်ရာမှတစ်ဆင့် တစ်ပြိုင်နက်တည်း ရွတ်ဆိုနိုင်စေရန် ရွတ်ဖတ်မည့် စာကြောင်းအရှည်ကို နည်းနည်းချင်းစီတိုး၍ လေ့ကျင့်စေမည်။
- နိဂုံးချုပ်ရာတွင် တစ်ယောက်ချင်းစီ ဖြေကြားရာ၌ အခြားကလေးများကို နားထောင်စေပါမည်။ ထင်မြင်ချက် မတူညီမှုများရှိပါက ကျန်ကလေးများကို ပြောစေမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'အရင်အချိန်က ပုံပြင်ကို အတူတူ ဖတ်ခဲ့ကြတယ်နော်။ ဒီအချိန်မှာတော့ ကလေးတို့ချည်းပဲ ဖတ်ကြည့်ရအောင်နော်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပုံပြင်ကို အရင်အချိန်ထက် စာကြောင်းကို ရှည်ရှည် ဖတ်ပြကာ ကလေးများအား နောက်မှလိုက်၍ ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်)
- တစ်များက်နှာစီ နောက်မှလိုက်၍ ရွတ်ဖတ်စေမည်။
- ကလေးများကိုယ်တိုင် ရွတ်ဖတ်စေမည်။
- လေးဖွဲ့ခွဲကာ တစ်မျက်နှာစီ တစ်ပြိုင်တည်း ရွတ်ဖတ်စေမည်။

**နိဂုံးချုပ်ခြင်း**

- ထို့နောက် မေးခွန်းများမေးပါမည်။
- 'ကြောင်နဲ့ ကြွက်မှာ ဘယ်အကောင်ကလေးကို သဘောကျသလဲ'
- 'ခွေးက ကြောင်ကို ဘာလို့လိုက်တာလဲ'
- 'ကြွက်ကလေး ဘာလုပ်လိုက်တာလဲ' စသောမေးခွန်းများကို ဆရာက မေးပါမည်။
- 'ကလေးတို့အားလုံး ပုံပြင် ဖတ်ပြီးကြပြီနော်၊ ပုံပြင်မှာပါတဲ့အကြောင်းကို နားလည်ကြပြီလား၊ နောက်ဆုံးအနေနဲ့ အားလုံးအတူတူ ဖတ်ကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အုပ်စုလိုက် တစ်ပြိုင်နက်တည်း ဖတ်နိုင်ခြင်း ရှိ မရှိနှင့် စာသင်ချိန်ပြီးနောက် ပုံပြင်ပါအကြောင်းအရာနှင့် ပတ်သက်သောမေးခွန်းများကို ဖြေနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း(၁၁–ဃ) ကြောင်နဲ့ကြွက် (ပုံပြင်)
## အကြံပြုစာသင်ချိန် – ၅ချိန် (ပဉ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပုံပြင်ကို တစ်ပြိုင်တည်း ရွတ်ဆိုစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို မေးကာ တစ်ယောက်ချင်းစီ ဖြေစေမည်။
- ကလေးများကို အကောင်ကလေးများ၏ မျက်နှာ၊ အမူအရာ စသည်တို့ကို တစ်ဦးချင်းစီ ပြောစေပါမည်။
- အောက်ပါမေးခွန်းများကိုလည်း မေးနိုင်ပါသည်။
- ‘ကလေးတို့သာ ကြောင်ကလေး နေရာမှာဆိုရင် ဘယ်လိုလုပ်မလဲ။’
- ‘ကလေးတို့သာ ခွေးကလေး နေရာမှာဆိုရင် ဘယ်လိုလုပ်မလဲ။’
- ‘ခွေး၊ ကြောင်နဲ့ ကြွက်တို့ ဘယ်သူက ဘယ်သူ့ကို အနိုင်ရခဲ့ကြသလဲ။’
- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ျ၊ ြ၊ ွ၊ ှ အသုံးကို စကားလုံးနှင့် တွဲ၍ ရှင်းပြပါမည်။
  ဥပမာ။ ။ ကြောင်၊ ကြွက်၊ ခွေး


**နိဂုံးချုပ်ခြင်း**

- ပုံပြင်ကို နောက်တစ်ကြိမ်ဖတ်စေကာ အနှစ်ချုပ်ပါမည်။
- ပုံပြင်ပါ မေးခွန်းများကိုမေးကာ အကဲဖြတ်ပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများဖြင့် ကလေးများ၏ တတ်သိနားလည်မှုအား အကဲဖြတ်ပါမည်။
- ‘တစ်ကောင်နဲ့ တစ်ကောင် အနိုင်ယူတာ ကောင်းသလား။’
- ‘သူငယ်ချင်း အချင်းချင်း ဘယ်လိုပြုမူ နေထိုင်ကြမလဲ။’
- ပုံပြင်တွင် ပါဝင်သော –ျ၊ ြ၊ ွ၊ ှ အသုံးများကို မျဉ်းသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)



အဲဒီစကားကို ကြားတဲ့ ကြွက်ကလေးဟာ အားရပါးရ ရယ်မောလိုက်သတဲ့ကွယ်။

**မေးခွန်း**

၁။ ကြောင်က ကြွက်ကလေးကို ဖမ်းပြီး ဘာလုပ်သလဲ။

၂။ ခွေးလာတဲ့အခါ ကြောင်က ဘာလုပ်သလဲ။

၃။ ကြောင်ကို ကြည့်ပြီး ခွေးက ဘာပြောလိုက်သလဲ။

၄။ ဘာဖြစ်လို့ ကြွက်ကလေးက ရယ်မောရတာလဲ။




၁၂၇

### အရေးကြီးသောအချက်များ

- ကလေးများ လိုအပ်ချက်ရှိပါက ဖြည့်စွက်ပေးရပါမည်။
- ကလေးများ၏ ထင်မြင်ယူဆချက်၊ အမြင်များကို မေးမြန်းရပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- မိမိသာဆိုရင် မည်သို့လုပ်မည် စသည့် ကလေးများ၏ ယူဆချက်၊ အမြင်များကို မေးမြန်းသော မေးခွန်းများတွင် မှားသည်၊ မှန်သည် မပြောဘဲ နားထောင်ပေးရပါမည်။
- ပုံပြင်တွင် ပါဝင်သော ျ၊ ြ၊ ွ၊ ှ အသုံးကို မှတ်သားစေပါမည်။
- အချင်းချင်း ကိုယ်ချင်းစာတရားထားရမည်ကို ပြောပြပေးရပါမည်။

## (င) ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



၁

ွှ ြွှ



၂

| | | | |
|---|---|---|---|
| လွှ | လွှာ | လွှား | နွှဲ |
| မွှေ | မွှေ့ | မွှေး | ရွှဲ |
| ရွှေ | ရွှေ့ | ရွှေး | လွှဲ |
| | | | မြွှာ |



၃ [illegible]ုးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လွှ လွှား လွှဲ

မြွှာ မွှေး ရွှေ

### အဓိကအချက်များ

- ဗျည်းတွဲသင်္ကေတ ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) ကို အသံထွက် ရွတ်ဖတ်ကာ ရေးနိုင်သည်အထိ သင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) အသုံးကို ဥပမာများပေးကာ ရှင်းလင်းမည်။
- ဗျည်းပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း + ွှ (ဝဆွဲဟထိုး) + သရ

  လ + ွှ = လွှ

  လ + ွှ + ား = လွှား
- ဗျည်း + ြွှ (ရရစ်ဝဆွဲဟထိုး) + သရ

  မ + ြွှ + ာ = မြွှာ

## အခန်း(၁၁-င) ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် - ၈ချိန် (ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်းနှင့် ွှ (ဝဆွဲဟထိုး) ၊ြွှ (ရရစ်ဝဆွဲဟထိုး) ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသားကိုင် စာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) ဗျည်းတွဲသင်္ကေတ တွေနဲ့ ဗျည်းလေးတွေကို တွဲကာသင်ယူကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ွှ ဝဆွဲဟထိုး၊ ြွှ (ရရစ်ဝဆွဲဟထိုး) ဗျည်းတွဲသင်္ကေတတွေကို သင်ပုန်းတွင် ရေးကာ ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ၁ ရှိသင်္ကေတ၏ အမည်ကို ကလေးများ ဖတ်စေပါမည်။
- ဗျည်း၊ ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး)နှင့် သရတွဲဖက်၍ ၂ ကို ရွတ်ဆိုစေပါမည်။ ဗျည်းတွဲ သင်္ကေတနေရာတွင် အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ဗျည်း၊ ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး)နှင့် သရတွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်းနှင့် ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) အတွဲ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၃ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများသင်ကြားပြီးသော ဗျည်းနှင့် ွှ (ဝဆွဲဟထိုး) ြွှ (ရရစ်ဝဆွဲဟထိုး)အတွဲကို ရွတ်ဆိုစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) အတွဲတွင် ဆရာမေးသော ဗျည်းများကို အစားသွင်းကာ ရွတ်ဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း(၁၁–င)    ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် – ၈ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ရုပ်ပုံများကို ဦးစွာကြည့်စေပါမည်။
- ကလေးများ၏ အမြင်အတိုင်း လက်ထောက်၍ ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် သရ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ။ ။ ပျံလွှား

  ပ + –ျ + ံ = ပျံ

  လ + ွှ + –ား = လွှား

  ပျံလွှား ဟူ၍ ဖတ်ပြပါမည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



လွှ



ချွေးတရွှဲရွှဲ



ရွှေဖလား



အမြွှာ



ပျံလွှား



မွှေ



ရွှေ



ပျော်ရွှင်

| | | | |
|---|---|---|---|
| ကျော်လွှား | အသီးနွှာ | နွှဲပျော် | အစာနွှေး |
| လမ်းလွှဲ | အသေးအမွှား | မွှေးကြူ | လွှမ်းမိုး |

၁၂၉

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိစေရန် လေ့ကျင့်ပေးရပါမည်။

  ဥပမာ ။ ။ စိုရွှဲ၊ အမြွှာပူး၊ မွှေးပျံ့

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၄ လွှသမားများ လွှဆွဲနေကြသည်။
ချွေးများ စို့ရွှဲနေသည်။
စားစရာကို နွေးထားပါ။
အသီးများ နွှာထားပါ။

၅ နွဲ့ပျော်စရာ တို့တောရွာ
စပါးရွှေဝါ အားထားစရာ
စံပယ်ပန်းများ မွှေးလှ၏။
ပျံလွှားများ ပျံနေကြသည်။





၆ သူ့ကိုယ်မှာ ရေတွေရွှဲနေသည်။
ပဝါ လွှားထားပါ။
မီးမြန်မြန် မွှေးပါ။
မီးနားသို့ ရွှေ့နေပါ။

၇ ချွေးတရွှဲရွှဲ အားကစားပွဲ
လွှဲဖယ်၍ မနေပါ။
ပြေးလွှားကစားကြသည်။
အားရပါးရ နွဲ့ပါဦး။



## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် သရ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရေးအဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

## မှတ်ချက်

- စာပိုဒ် ၅ ၆ ၇ ကိုလည်း စာပိုဒ် ၄ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

# အခန်း(၁၁–င) ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် – ၈ချိန် (စတုတ္ထမှသတ္တမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၂ ကို ပြန်လည်ရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ၄ ကို ဆရာက ရွတ်ဖတ်ပြမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ၄ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများ တစ်ကြောင်းချင်းစီ မိမိမှတ်စု စာအုပ်တွင် ကူးရေးစေမည်။
- ၄ စာတစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

### နိဂုံးချုပ်ခြင်း

- '၄ စာပိုဒ်ကို ရွတ်ဆိုရေးသားနိုင်ပြီလား 'ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ၄ စာပိုဒ်ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း(၁၁-င) ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများသင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် - ၈ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ⑨ ① ⑥ ⑦ ကို ပြန်လည်ရွတ်ဆိုစေပြီး 'ဒီနေ့ ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး)နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်'ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ဦးစွာရှင်းပြပေးပါမည်။

♦ ကလေးများ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း တစ်ပုံချင်းစီ လက်ထောက်၍ ပြောစေပါမည်။

♦ ရုပ်ပုံနှင့် ယှဉ်တွဲလျက်ရှိသော စာကြောင်းများကို ဆရာက ဖတ်ပြပါမည်။

♦ ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။ ပြီးလျှင် မှန်၊ မှား ခြစ်ပြီး အဖြေမှန်ပါသော စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

♦ ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ⑨ မှ ⑦ အထိ ထပ်မံ ရွတ်ဆိုစေကာ ' ွှ (ဝဆွဲဟထိုး)၊ ြွှ (ရရစ်ဝဆွဲဟထိုး) ဗျည်းတွဲကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း 'စကားလုံးကလေးတွေ ကြည့်ကာရယ် မှန်၊ မှား ခြစ်ကြမယ်' ရှိ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ကာ ရုပ်ပုံနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ မရှိစကားလုံးအမှန်ကို ရွေးချယ်ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)


စကားလုံးကလေးတွေ ကြည့်ကာရယ် (✔)မှန် ၊ (✘)မှား ခြစ်ကြမယ်။


၁။ ကိုယ်ပေါ်၌ ပဝါ လွှမ်းခြုံ ထားသည်။ (   )
ကိုယ်ပေါ်၌ ပဝါ လွမ်းခြုံ ထားသည်။ (   )


၂။ ဘုရားပွဲ၌ နွှဲပျော် ကြမည်။ (   )
ဘုရားပွဲ၌ နွဲပျော် ကြမည်။ (   )


၃။ မမ ရွှေဆွဲကြိုး ဆွဲထားသည်။ (   )
မမ ရွေဆွဲကြိုး ဆွဲထားသည်။ (   )


၄။ စံပယ်ပန်းရနံ့ မွှေးကြူ နေသည်။ (   )
စံပယ်ပန်းရနံ့ မွေးကြူ နေသည်။ (   )


၅။ ကိုကိုနှင့် ညီညီသည် အမွှာညီအစ်ကို ဖြစ်သည်။ (   )
ကိုကိုနှင့် ညီညီသည် အမြွှာညီအစ်ကို ဖြစ်သည်။ (   )

၁၃၁

### အရေးကြီးသောအချက်များ


♦ အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေရေးစေပါမည်။

♦ ဗျည်းတွဲသင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

♦ ဆရာက စာကြောင်းများကို ဖတ်ပြီးသည်နှင့် ကလေးများ အဖြေမှန်ရအောင် ကူညီပေးရပါမည်။

### (စ) ရှုးစမ်းရှာဖွေ ကြည့်ရှုလေ

ရုပ်ပုံကြည့်ကာ ပြောကြည့်ပါ။



**အဓိကအချက်များ**

- ရုပ်ပုံထဲတွင်တွေ့မြင်သမျှ အရာအားလုံးကို ပြောစေမည်။
- တိရစ္ဆာန်များ၏အမည်ကို အလွတ်ကျက်မှတ်စေခြင်း မပြုရန်။

## အခန်း(၁၁-စ) ရှုးစမ်းရှာဖွေကြည့်ရှုလေ
## အကြံပြုစာသင်ချိန် - ၁ချိန်

**သင်ယူမှုဦးတည်ချက်**

- ကလေးများ ရုပ်ပုံကိုကြည့်ပြီး ထိုရုပ်ပုံများနှင့် ပတ်သက်၍ ပြောပြတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- 'ကလေးတို့ အိမ်မှာ ဘာအကောင်ကလေးတွေ မွေးထားလဲ' ဟု မေးကာ ကလေးများကို ဖြေကြားစေမည်။
- ထိုအကောင်လေးများ၏ အော်သံကို ကလေးများ အသံထွက်ပြစေမည်။
- သူတို့တွေ ဘယ်လိုသွားကြသလဲဟုမေး၍ ဟန်အမူအရာ လုပ်ပြစေမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်ကာ တိရစ္ဆာန်များ၏ အမည်နှင့် အော်သံ၊ လှုပ်ရှားပုံများကို ပြောစေမည်။
- ကလေးများမသိသော တိရစ္ဆာန်များကို ဆရာက ဖြည့်စွက်ပြောကြားမည်။
- ရုပ်ပုံတွင် မပါသော်လည်း အခြားသိရှိသော တိရစ္ဆာန်များ၏ အမည်များကိုပါ ပြောကြားစေမည်။
- ရုပ်ပုံကို ကြည့်ကာ တိရစ္ဆာန်ကလေးများရဲ့ ပတ်ဝန်းကျင်မှာ ဘာတွေ့ရသလဲ (မြွေက သစ်ပင်ပေါ်မှာ ရှိတယ်။ ဖားရဲ့ဘေးမှာ ကြာပန်းပွင့်နေတယ်) စသဖြင့် ပြောကြားစေမည်။
- ကလေးများမဖြေဆိုနိုင်သော ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ဆရာက ဖြည့်စွက်ပေးမည်။
- 'တိရစ္ဆာန်ကလေးများ ဘာလုပ်နေကြသလဲ' 'ပျော်နေကြသလား' 'ဘာကြောင့် အဲဒီလို ထင်တာလဲ' စသော မေးခွန်းများကို ကလေးများ၏ ထင်မြင်ချက်အတိုင်း ဖြေဆိုစေမည်။
- မိမိကြိုက်နှစ်သက်သော တိရစ္ဆာန်လေးများကို ရွေးချယ်စေကာ နှစ်ယောက်တစ်တွဲ အပြန်အလှန် အထက်ပါအတိုင်း ပြောစေမည်။

## အခန်း(၁၁-စ) စူးစမ်းရှာဖွေကြည့်ရှုလေ
## အကြံပြုစာသင်ချိန် - ၁ချိန်

### နိဂုံးချုပ်ခြင်း

- 'နှစ်ယောက်တစ်တွဲ အချင်းချင်း ပြောစေပြီးမှ ပြောလိုသော ကလေးများကို အတန်းရှေ့ထွက်ကာ ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း


- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်မှ ပုံကိုကြည့်ကာ ကလေးများ စိတ်ပါဝင်စားမှု ရှိ မရှိ၊ နှစ်ယောက်တစ်တွဲ စဉ်းစားတွေးတောပြီး အချင်းချင်းပြောဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)

၁။ ပုံထဲမှာပါတဲ့ အကောင်ကလေးတွေရဲ့ အမည်ကို ပြောကြည့်ကြရအောင်။

၂။ သူတို့ ပတ်ဝန်းကျင်မှာရော ဘာတွေတွေ့သလဲ။

၃။ သူတို့ဘာတွေ လုပ်နေကြသလဲ။ ပျော်နေကြသလား။ ဖြေကြည့်ကြရအောင်။



၁၃၃

### အရေးကြီးသောအချက်များ

- တိရစ္ဆာန်လေးများ၏ အော်သံနှင့်အမူအရာများကို ကလေးများ စဉ်းစားကာ လွတ်လပ်စွာ သရုပ်ဆောင် ပြောဆိုစေမည်။
- ကလေးများအားလုံး တက်ကြွစွာပြောဆိုလာအောင် ဆရာက လှုံ့ဆော်ပေးရမည်။
- ရုပ်ပုံထဲတွင် မပါဝင်သော တိရစ္ဆာန်များကို ပြောကြားပါက ဆရာက ပုံကြမ်းရေးဆွဲပေးရမည်။
- နိဂုံးချုပ်ချိန်တွင် ဆရာက တိရစ္ဆာန်တစ်ကောင်ကို ရွေးချယ်၍ ထိုတိရစ္ဆာန်အကြောင်း ပြောကြားလိုသော ကလေးကို ပြောကြားစေမည်။

## အခန်း ၁၂ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်

### (က) ဆုတောင်း (ကဗျာ)

**ဆုတောင်း**

စပါးဝါရွှေ ဝင်းပါစေ
ပန်းတွေ သင်းပါစေ၊
ငှက်ကလေးတွေ မိုးတိမ်ကြား
ပျံနိုင်ကြစေသား။

နေရောင်ခြည်လည်း ဖွေးပါစေ
လေပြည် အေးပါစေ၊
ချစ်မိတ်ဆွေ ပေါင်းဖော်များ
ကျန်းမာကြစေသား။

**ပျဉ်းမနားမောင်နီသင်း**



### အခန်း(၁၂-က) ဆုတောင်း (ကဗျာ)
### အကြံပြုစာသင်ချိန် - ၂ချိန်

**သင်ယူမှုဦးတည်ချက်**

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂) ကလေးတို့ရော ဆုတောင်းဖူးသလား
စသဖြင့်ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာကဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

**အဓိကအချက်များ**

- ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပါမည်။
- ကဗျာပါပုံကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ပျော်ရွှင်ရဲဝံ့စွာ ပြောစေပါမည်။

**အရေးကြီးသောအချက်များ**

- ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

# အခန်း(၁၂–ခ) သင်္ကေတများရေးမှတ်ပါ ပေါင်းစုရေးကြမှာ
## အကြံပြုစာသင်ချိန်–၃ချိန်(ပထမ မှ ဒုတိယအချိန်)

### သင်ယူမှုဦးတည်ချက်
- သရသင်္ကေတများနှင့် ဗျည်းတွဲသင်္ကေတများကို ပိုမိုမှတ်မိရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- သရသင်္ကေတနှင့် ဗျည်းတွဲသင်္ကေတရေးထားသောကတ်ပြားများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ဆရာက 'သင်ကြားပြီးခဲ့တဲ့ သင်ခန်းစာများကို ပြန်လှန်လေ့ကျင့်ကြမယ်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဆရာက –၊ –ာ၊ –ား သင်္ကေတကို သင်ပုန်းတွင် ဦးစွာရေးပြမည်။
- ကလေးများ သက်ဆိုင်ရာ ဗျည်းများကို တစ်ဦးချင်းစီ သင်ပုန်းတွင် ဖြည့်ရေးစေမည်။
- ထိုသင်္ကေတများနေရာတွင် ဗျည်းများကို အစားသွင်းကာ ရွတ်ဆိုရေးသားစေပါမည်။ ပထမအချိန်တွင် အ၊ အာ၊ အား မှ အေ၊ အေ့၊ အေး အထိသင်ကြားမည်။
- ထို့နောက် အုပ်စု (၄)စု ဖွဲ့၍ အုပ်စုတစ်စုလျှင် သင်္ကေတ တစ်ခုစီ သတ်မှတ်ကာ သင်္ကေတနှင့်ဆိုင်သော စကားလုံး၊ စာကြောင်းတိုများကို ရှာဖွေရေးသားစေမည်။
- အုပ်စုတွင်း ရေးသားထားသည်များကို ကလေးအချင်းချင်း ပြန်လည် ပြောစေပါမည်။
- အုပ်စုထဲမှ ကလေးတစ်ဦးက မိမိရေးသားထားသည်များကို အခြားအဖွဲ့များအား ပြောစေပါမည်။
- ရေးသားထားသည်များကို ကလေးအချင်းချင်း နှစ်ယောက်တစ်တွဲ စစ်ဆေးစေမည်။
- ဒုတိယအချိန်တွင် '–ဲ၊ –့၊ –ယ်' မှ 'ို၊ ို့၊ ိုး' အထိ သင်္ကေတများကို အထက်ပါ နည်းအတိုင်း သင်ကြားမည်။

**နိဂုံးချုပ်ခြင်း**
- 'ဒီနေ့ သရသင်္ကေတတွေကို လေ့ကျင့်ခဲ့ကြတယ်။ လေ့ကျင့်ခဲ့တဲ့သင်္ကေတတွေထဲမှာ နှစ်သက်ရာ ဗျည်းတွေကို အစားသွင်းရေးသားကြရအောင်' ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း အုပ်စုထဲတွင် ပြောကြားခြင်းနှင့် တစ်ဦးချင်း မှတ်စုစာအုပ်တွင် ရေးသားထားသော သရများ မှန်ကန်ခြင်း ရှိ မရှိ ကို စစ်ဆေးမည်။

၁၂။ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်

(ခ) သင်္ကေတများ ရေးမှတ်ပါ ပေါင်းစုရေးကြမှာ

–၊ –ာ၊ –ား
အ၊ အာ၊ အား
–၊ –ါ၊ –ါး
ခ၊ ခါ၊ ခါး

ိ၊ ီ၊ ီး
အိ၊ အီ၊ အီး
ဣ၊ ဤ

ု၊ ူ၊ ူး
အု၊ အူ၊ အူး
ဥ၊ ဦ၊ ဦး

ေ–၊ ေ–့၊ ေ–း
အေ၊ အေ့၊ အေး
ဧ

–ဲ၊ –့၊ –ယ်
အဲ ၊ အဲ့ ၊ အယ်
အယ့်


ေ–ာ၊ ေ–ာ့၊ ေ–ာ်
အော၊ အော့၊ အော်
ဩ၊ ဪ



၁၃၅

### အဓိကအချက်များ
- သင်ကြားပြီးသော စာကြောင်းများကို ပြန်လည်လေ့ကျင့်သော သင်ခန်းစာ ဖြစ်ပါသည်။
- သင်ကြားပြီးသော သင်ခန်းစာပါ စာကြောင်းများကို အသုံးပြု၍ လေ့ကျင့်ရန် ဖြစ်သည်။

### အရေးကြီးသော အချက်များ
- ကျောင်းသားအားလုံး ပါဝင်မှုရှိစေရန် ဆရာက လမ်းညွှန်ပေးရပါမည်။
- ကလေးအချင်းချင်း စစ်ဆေးရာတွင် အသံထွက် မှန်ကန်ခြင်းနှင့် ရေးသားထားသည်များ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရန် ဆရာက ကြိုတင်လမ်းညွှန်ရပါမည်။
- ကျောင်းသားအားလုံးကို မှတ်စုတွင် ရေးသားကာ လေ့ကျင့်စေမည်။
- အခြားအုပ်စုများသို့ ပြောကြားရာတွင် အသံထွက်နှင့် ရေးသားထားသည်များ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။




## အစန်း(၁၂–စ) သင်္ကေတများရေးမှတ်ပါ ပေါင်းစုရေးကြမှာ အကြံပြုစာသင်ချိန် – ၃ချိန်(တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'အရင်နေ့က သင်ခဲ့တဲ့ သရသင်္ကေတ သင်ခန်းစာရဲ့ အဆက် ဗျည်းတွဲသင်္ကေတတွေကို ဆက်ရေး ကြည့်ကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ‘ျ၊ ြ’မှ‘ျွ၊ ြွ’ ဗျည်းတွဲများအထိကိုလည်း ဆရာက အထက်ပါ သရသင်္ကေတနည်းအတိုင်း ဆက်လက်လေ့ကျင့်စေမည်။
- လေ့ကျင့်ခဲ့ပြီးတဲ့ သင်္ကေတထဲမှာ နှစ်သက်ရာ ဗျည်းတွေကို အစားသွင်းရေးသားကြမယ်'ဟု ပြောပြီး မှတ်စုတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ကလေးတစ်ဦးလျှင် သင်္ကေတတစ်ခုစီ ရေးသားထားသော ကတ်ပြားတစ်ခုစီပေး၍ ဗျည်းများကို အစားသွင်းစေပါမည်။ ပြီးလျှင် ကလေးတစ်ဦးစီ ရေးသားထားသည့် ကတ်ပြားများအား တစ်တန်းလုံးကို ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိရေးသားထားသည်များကို ကလေးများမှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိနှင့် အစားသွင်း ရေးသားထားသည်များကို ဆရာက မှန် မမှန် ကြည့်ရှုခြင်းဖြင့် စစ်ဆေးအကဲ ဖြတ်ပါမည်။
- ကတ်ပြားများတွင် သင်္ကေတနှင့် ဗျည်းများကို တွဲစပ်ရေးသားပြီး တစ်တန်းလုံးသို့ ပြောကြားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။
- လုပ်ငန်းစဉ်အတွင်း ကလေးများသည် နှစ်သစ်ရာ ဗျည်းများကို အစားသွင်း ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသားအားလုံး ပါဝင်မှုရှိစေရန် ဆရာက လမ်းညွှန်ပေးရပါမည်။
- ကလေးအချင်းချင်း စစ်ဆေးရာတွင် အသံထွက် မှန်ကန်ခြင်းနှင့် ရေးသားထားသည်များ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရန် ဆရာက ကြိုတင်လမ်းညွှန်ရပါမည်။
- ကျောင်းသားအားလုံးကို မှတ်စုတွင် ရေးသားကာ လေ့ကျင့်စေမည်။
- အခြားအုပ်စုများသို့ ပြောကြားရာတွင် အသံထွက်နှင့် ရေးသားထားသည်များ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။

## အခန်း(၁၂–ဂ) မင်္ဂလာ (ကဗျာ)
## အကြံပြုစာသင်ချိန် – ၂ချိန်

### သင်ယူမှုဦးတည်ချက်
- ♦ ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ♦ ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပုံကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။

(၂) ကလေးတို့သာဆိုရင် ဘယ်သူ့ကို အားကျသလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**
- ♦ ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ♦ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ♦ ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ♦ ဆရာက မင်္ဂလာကဗျာတွင်ပါဝင်သော ဆောင်ရန် ရှောင်ရန်များကို ရှင်းပြပါမည်။

**နိဂုံးချုပ်ခြင်း**
- ♦ 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ♦ လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၂။ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်

(ဂ) မင်္ဂလာ (ကဗျာ)

**မင်္ဂလာ**

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနဲ့
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ
ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန် ဦးထွန်းမြင့်



၁၃၇

### အဓိကအချက်များ
- ♦ ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပါမည်။
- ♦ ကဗျာပါပုံကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ပျော်ရွှင်ရဲဝံ့စွာ ပြောစေပါမည်။

### အရေးကြီးသောအချက်များ
- ♦ ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ♦ ဆရာက အသံနေအသံထား မှန်မှန်ရွတ်ဆိုရာတွင် ကလေးများအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။

၁၂။ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကြွယ်




## အစီအစဉ် (၁၂-ဃ) ယုန်ကလေးရဲ့ ညဏ်စွမ်း
## အကြံပြုစာသင်ချိန် - ၆ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်တတ်ရန်နှင့် ရုပ်ပုံကိုကြည့်၍ မိမိစိတ်ကူးထင်မြင်ချက်များကို ပြောတတ်ရန်
- ကလေးများ အခက်အခဲနှင့် ကြုံတွေ့ရလျှင် ရဲရဲဝံ့ဝံ့ဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'ရုပ်ပုံကလေးတွေကို ကြည့်ပြီး ဘယ်လိုပုံပြင်လေးဖြစ်မယ်ဆိုတာ စဉ်းစားပြီး ပြောကြည့်ကြရအောင်'ဟု ပြောပြီး နိဒါန်းပျိုးမည်။

**လုပ်ငန်းစဉ်**

- ဆရာကစတင်၍ ပုံပြင်ပါရုပ်ပုံများကို တစ်ပုံချင်းစီ ကြည့်စေပြီး အောက်ပါမေးခွန်းများကို မေးမည်။
  ဥပမာ ။ ။ 'ရုပ်ပုံထဲမှာ ဘာတွေတွေ့ရသလဲ'
  'ဘာအကောင်ကလေးတွေလဲ'
  'သူတို့ဘာလုပ်ကြတယ်ထင်လဲ'
- ပုံပြင်၏ ပထမစာမျက်နှာရှိ ရုပ်ပုံမှစ၍ တစ်မျက်နှာချင်းစီ ကြည့်ကာ ကလေးများ၏ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေမည်။
- ကျောင်းသုံးစာအုပ်ပါပုံများကို ပုံပြင်အစမှ အဆုံးအထိ ကြည့်ကာ တစ်ပုဒ်လုံးနှင့် ပတ်သက်သော ကလေးများ၏ ထင်မြင်ချက်များကို မေးမည်။

**နိဂုံးချုပ်ခြင်း**

- 'ရုပ်ပုံလေးတွေကိုကြည့်ပြီး ကလေးတို့ရဲ့ ထင်မြင်ချက်ကို ပြန်ပြောကြရအောင်'ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း 'ရုပ်ပုံထဲမှာ ဘာတွေတွေ့သလဲ။' 'ဘယ်လိုထင်သလဲ' စသည်ကို စဉ်းစားပြီး ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အစီအစဉ်အချက်များ

- ရုပ်ပုံများကို ကြည့်၍ ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ဆွေးနွေး ပြောကြားစေမည်။
- ပုံပြင်ကို ကလေးများကိုယ်တိုင် ရွတ်ဖတ်နိုင်သည်အထိ ဆရာက ကူညီပေးရမည်။

### ရှေးကြိုးသောအချက်များ

- ပုံကိုကြည့်ပြီးနောက် ထင်မြင်ချက်များအား ပြောလိုသော ကျောင်းသားကို လက်ထောင်စေကာ ကလေးတစ်ဦးချင်း ဖြေဆိုစေပါမည်။
- ကလေးတစ်ဦးချင်းပြောရာတွင် ဆရာက မှားသည် မှန်သည် မပြောဘဲ နားထောင်ပေးရပါမည်။
- တစ်ပုဒ်လုံးနှင့် ပတ်သက်သော ထင်မြင်ချက်များကို မေးရာတွင် အချိန်ပေါ်မူတည်၍ ကျား၊ မ မခွဲခြားဘဲ ကလေးများအားလုံးကို ပြောစေမည်။
- ပုံပြင်အစမှ အဆုံးအထိ တစ်ပုဒ်လုံးနှင့် ပတ်သက်သော ထင်မြင်ချက်များကို ပြောလိုသော ကလေးရှိပါက ပြောစေမည်။

## အခန်း(၁၂–ဃ) ယုန်ကလေးရဲ့ ညထဲစွမ်း
## အကြံပြုစာသင်ချိန် – ၆ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို သင်ကြားပြီး ပုံပြင်ကို မေးခွန်းမေး၍ နိဒါန်းပျိုးပါမည်။
  'ပုံပြင်မှာပါတဲ့ တိရစ္ဆာန်လေးတွေကို ပြန်ပြောပါအုံး'
  'ပုံပြင်ရဲ့ အမည်ကို ခန့်မှန်း ကြည့်ကြရအောင်'

**လုပ်ငန်းစဉ်**


- ဆရာက ပုံပြင်ပါရုပ်ပုံများကို တစ်မျက်နှာချင်းစီ ကလေးများအား ရှင်းပြပါမည်။
- ရုပ်ပုံကိုကြည့်စေ၍ မိမိတို့ခန့်မှန်းထားသော အကြောင်းအရာကို ပြောစေပါမည်။
- ပုံပြင်၏ စာမျက်နှာတစ်ခုစီတွင်ရှိသော အကြောင်းအရာကို ပြောကာ ကလေးများအား မေးခွန်းများ မေးပါမည်။ ထို့နောက် ပုံပြင်ပါ အပြောစကားများကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ပုံပြင်မှာပါတဲ့ ယုန်၊ ဆင်၊ ဝက်ဝံ၊ ခြင်္သေ့ တို့ရဲ့ အပြောစကားတွေကို ပြန်ပြောကြရအောင်' ဟုပြောပြီး နိဂုံးချုပ်ပါမည်။


**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနိုင်ခြင်း ရှိမရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။




### အရေးကြီးသောအချက်များ

- ပုံပြင်၏ စာမျက်နှာတစ်ခုချင်းစီအလိုက် မေးခွန်းများကို မေးရပါမည်။
- ကလေးများ စိတ်ဝင်စားမှုရှိစေရန် ဆရာက ပုံပြင်ကို ပြောပြရာတွင် တိရစ္ဆာန်လေးများ၏ ဟန်အမူအရာကို သရုပ်ဆောင် ပြသပေးရမည်။




## ရေးကြီးသောအချက်များ

- စာမျက်နှာတစ်ခုချင်းစီအလိုက် နမူနာဖတ်ပြချိန်တွင် ဆရာက ဖြတ်တောက်ရမည့် နေရာများတွင် ခဲတံဖြင့် မှတ်သားထားစေမည်။
- ရွတ်ဖတ်ရာတွင် အဖြတ်အရပ်မှန်စွာ တိုတိုရွတ်ဖတ်ရာမှ တဖြည်းဖြည်း တိုး၍ဖတ်ကာ နောက်ဆုံးတွင် စာကြောင်းတစ်ကြောင်းလုံး ဖတ်နိုင်စေရန် လေ့ကျင့်ရပါမည်။
- ကလေးများဖတ်လာနိုင်ပါက ဆင်၊ ဝက်ဝံ၊ ယုန်၊ ခြင်္သေ့ကြီးများ၏ ပြောစကားအသံ၊ ဟန်အမူအရာအတိုင်း သရုပ်ပါအောင် ဖတ်စေပါမည်။
- ကျောင်းသုံးစာအုပ်တွင် ပါဝင်နေသော ခြင်္သေ့၊ စဉ်းစား၊ ဟိန်းဟောက် စသည့် ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်

## အခန်း(၁၂-ဃ) ယုန်ကလေးရဲ့ ဉာဏ်ကောင်းရှိမှု အကြိမ်ပြုစာသင်ချိန် - ၆ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပုံပြင်နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများ မေးကာ နိဒါန်းပျိုးပါမည်။
  'မနေ့က ပြောပြခဲ့တဲ့ ပုံပြင်လေးထဲမှာ ဘယ်သူက ဉာဏ်ပိုကောင်းမယ်ထင်သလဲ'
  'ကလေးတို့ရော အဲဒီပုံပြင်လေးထဲက ဘယ်သူဖြစ်ချင်သလဲ'

**လုပ်ငန်းစဉ်**

- ပုံပြင်ပါအကြောင်းအရာလေးတွေကို ကလေးတို့ သိပြီးပြီနော်။ အခုဆရာက ပုံပြင်ကို ဖတ်ပြမယ်။ အားလုံးနားထောင်ကြနော်'ဟု ပြောပြီး အဖြတ်အရပ်မှန်မှန်၊ အသံအနိမ့်အမြင့် မှန်မှန်ဖြင့် ပထမစာမျက်နှာကို ဆရာက နမူနာဖတ်ပြမည်။
- ကလေးများ ပုံပြင်ကို မဖတ်မီ ပုံပြင်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို ဆရာက ရှင်းပြပါမည်။
- ပုံပြင်၏ ပထမစာမျက်နှာကို ကလေးများအား နောက်မှလိုက်၍ ဖတ်စေမည်။
- ဖတ်ပြီးချိန်တွင် ပုံပြင်ပါ ဝက်ဝံ၊ ယုန်၊ ဆင်ငယ်လေး၊ ခြင်္သေ့ကြီးတို့၏ စိတ်ခံစားမှုနှင့် အမူအရာတို့ကို ကလေးများကိုယ်တိုင် သရုပ်ဆောင်စေမည်။
- 'ဝက်ဝံကလေးနဲ့ ဆင်ကလေး ဘယ်လိုဖြစ်နေသလဲ'
- 'ယုန်ကလေးကကော ဘယ်လိုဖြစ်နေသလဲ' စသဖြင့် မေးပါမည်။
- ပုံပြင်ကို တစ်ကြောင်းချင်းစီ အုပ်စုလိုက် ဖတ်စေမည်။
- ပုံပြင်၏ ပထမစာမျက်နှာမှ တတိယစာမျက်နှာအထိ နမူနာဖတ်ပြခြင်း၊ နောက်မှလိုက်၍ ဖတ်ခြင်းဖြင့် လေ့ကျင့်ရပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ပုံပြင်ကို တစ်ကြောင်းချင်းစီ ဖတ်ကြည့်ကြရအောင်'ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါ စာကြောင်းများကို ဆရာ သင်ပြီးသည်အထိ အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ အကဲဖြတ်စစ်ဆေးပါမည်။

## အခန်း(၁၂-ဃ) ယုန်ကလေးရဲ့ ညဏ်စွမ်း အကြံပြုစာသင်ချိန် - ၆ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- 'တတိယအချိန်မှာ သင်ကြားခဲ့တဲ့အထိ ပုံပြင်လေးကို ဖတ်နိုင်ရဲ့လား' ဟုမေးကာ နိဒါန်းပျိုး ပါမည်။

**လုပ်ငန်းစဉ်**

- 'ပုံပြင်ကလေးကို ဆရာက ဆက်ပြီးဖတ်ပြမယ်။ အားလုံးနားထောင်ကြမယ်နော်'ဟု ဆရာကပြောပြီး စတုတ္ထစာမျက်နှာကို ဆရာက နမူနာ ဖတ်ပြမည်။
- ပုံပြင်မဖတ်မီ စတုတ္ထစာမျက်နှာတွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို ဆရာက ရှင်းပြပါမည်။
- ကျေနပ် ဟူသော စကားလုံးကို ရှင်းလင်းစွာ သိရှိစေရန် ပုံပြင်၏ စတုတ္ထစာမျက်နှာပါ စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန်ဖတ်စေပြီး ခြင်္သေ့ကြီး၏ ကျေနပ်သွားသော မျက်နှာအမူအရာကို ပြုလုပ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ဒီနေ့သင်တဲ့ ပုံပြင်လေးကို ပြန်ဖတ်ကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**


- လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါ စာကြောင်းများကို ဆရာ သင်ပြီးသည့်အထိ အဖြတ်အရပ်မှန်စွာ ဖတ်နိုင်ခြင်း ရှိမရှိ အကဲဖြတ်စစ်ဆေးပါမည်။




### အရေးကြီးသောအချက်များ

- ကျေနပ်ဟူသော စကားလုံးကို နားလည်စေရန် နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြုလုပ်စေရပါမည်။

## အခန်း(၁၂-ဃ) ယုန်ကလေးရဲ့ ဉာဏ်စွမ်း
## အကြံပြုစာသင်ချိန် - ၆ချိန် (ပဉ္စမအချိန်)




### ရေးကြီးသောအချက်များ

- ကလေးများ၏ အဖြေတွင် လိုအပ်ချက်ရှိပါက ဖြည့်စွက်ပေးရပါမည်။
- မေးခွန်းဖြေကြားရာတွင် အသေးစိတ်အကြောင်းအရာများကို သေချာစွာ ဖြေကြားစေကာ ကျောင်းသုံးစာအုပ်၏ မည်သည့်နေရာတွင် ပါသည်ကို သိရှိစေပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- 'ပုံပြင်ကလေးကို မှတ်မိသလောက်ပြောကြရအောင်' ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ပုံပြင်၏ အစအဆုံးကို တစ်တန်းလုံး တစ်ပြိုင်နက်တည်း ဖတ်စေမည်။
- ပုံပြင်၏ အစမှ အဆုံးအထိ အတန်းလိုက် တစ်လှည့်စီ ရွတ်ဖတ်စေမည်။
- ဆရာက ပုံပြင်၏ နောက်ဆုံးစာမျက်နှာရှိ မေးခွန်းများ မေးကာ ထိုအဖြေများပါရှိသော စာကြောင်းများကို ကျောင်းသုံးစာအုပ်မှ ရှာဖွေကာ ပြောကြားစေမည်။

#### နိဂုံးချုပ်ခြင်း

- 'ပုံပြင်ကို အစအဆုံး တစ်ဦးချင်းစီ ဖတ်ကြည့်ကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများသည် ကျောင်းသုံးစာအုပ်တွင် အဖြေပါရှိသော စာကြောင်းများကို ရှာဖွေ ပြောကြားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ အကဲဖြတ်ပါမည်။

## အခန်း(၁၂-ဃ) ယုန်ကလေးရဲ့ ဉာဏ်စွမ်း
## အကြံပြုစာသင်ချိန် - ၆ချိန် (ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ 'ဒီနေ့ ပုံပြင်လေးကိုကြည့်ပြီး မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်' ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ♦ ဆရာက ကျောင်းသားများကို ပုံပြင်ပါ အကြောင်းအရာများအား မည်ကဲ့သို့နားလည်ထားသည်ကို သိရှိရန် မေးခွန်းများ ပေးပါမည်။
  ဥပမာ။ ။ 'ဒီပုံပြင်မှာ ဘယ်သူက ဉာဏ်ကောင်းတာလဲ' 'ဘာဖြစ်လို့ ဉာဏ်ကောင်းတယ် ပြောရသလဲ' 'ယုန်ကလေးက ဘာကြောင့် ခြင်္သေ့ကြီးနေတဲ့ ဂူလို့ သိသွားတာလဲ' 'ကလေးတို့သာ ခြင်္သေ့ကြီးဆိုရင် ဘယ်လိုပြောမှာလဲ' 'ကလေးတို့သာ ခြင်္သေ့ကြီးရဲ့ ဂူထဲကို ဝင်မိရင် ဘယ်လိုလုပ်ကြမလဲ '
- ♦ ကလေးတို့သာ ခြင်္သေ့၊ ဆင်၊ ယုန်၊ ဝက်ဝံ ဆိုရင် ဘယ်လိုပြုမူပြောဆိုမလဲစသဖြင့် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ ကလေးတစ်ဦးချင်းစီအလိုက် ဇာတ်ဆောင်နေရာတွင် မည်ကဲ့သို့ ပြုမူပြောဆိုမည်ကို ပြောစေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ကလေးများကို မိမိသည် ပုံပြင်ထဲရှိ ဇာတ်ဆောင်သာဆိုလျှင် မည်သို့ပြုလုပ်မည်ကို ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၁၂။ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်



**မေးခွန်း**

၁။ တောအုပ်ကြီးထဲ ဘယ်သူတွေ အတူတကွ နေထိုင်ကြတာလဲ။
၂။ ဂူကြီးထဲမှာ ဘာတွေတွေ့ကြသလဲ။
၃။ ဝက်ဝံကလေးက ဘယ်လိုပြောသလဲ။
၄။ ဆင်ကလေးက ဘယ်လိုပြောသလဲ။
၅။ ယုန်ကလေးကရော ဘယ်လိုပြောသလဲ။
၆။ စိတ်ဆိုးနေတဲ့ခြင်္သေ့ကြီးကို ယုန်ကလေးက ဘယ်လို ရဲရဲဝံ့ဝံ့ ပြောသလဲ။
၇။ ခြင်္သေ့ကြီးက သူတို့အားလုံးကို ဘာကြောင့် ပြန်လွှတ်ပေးလိုက်တာလဲ။



၁၄၃

### အရေးကြီးသောအချက်များ

- ♦ မေးခွန်းများမေးရာတွင် တစ်တန်းလုံးအား စဉ်းစားစေပြီးမှ ကလေးများကို အတန်းရှေ့တွင် ပြောစေမည်။

## (င) နိုင်ငံတော်သီချင်း ဆိုစို့လေး . . .

### နိုင်ငံတော်သီချင်း

တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ
တို့ပြည် တို့မြေ။
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်
တို့ပြည် တို့မြေ။
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ မြန်မာပြည်
တို့ ဘိုးဘွား အမွေစစ်မို့
ချစ်မြတ်နိုးပေ။)၂
ပြည်ထောင်စုကို အသက်ပေးလို့
တို့ ကာကွယ်မလေ။
ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်မြေ။
တို့ပြည် တို့မြေ အကျိုးကို
ညီညာစွာ တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
တို့တာဝန်ပေ အဖိုးတန်မြေ။ ။

ပြည် ကို ပြေ ဟု အသံထွက်ပါ။
တို့ကို ဒို့ ဟု အသံထွက်ပါ။



### အဓိကအချက်များ

- ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ သီဆိုစေပါမည်။
- နိုင်ငံတော်သီချင်းပါ ပုံကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲရဲဝံ့ဝံ့စွာ ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါပုံကိုကြည့်ကာ ကလေးများကို လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထား မှန်မှန်သီဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း သီဆိုရာတွင် ကလေးများကို တည်ငြိမ်စွာ ရွတ်ဆိုစေပါသည်။

## အခန်း(၁၂-င) နိုင်ငံတော်သီချင်း
## အကြိမ်ပြုစာသင်ချိန် - ၂ချိန်

### သင်ယူမှုဦးတည်ချက်

- နိုင်ငံတော်သီချင်းကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ရုပ်ပုံများကို ကြည့်ရှုစေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ (၁) ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
(၂) ကလေးတို့ရော ဘယ်တိုင်းရင်းသားတွေလဲ စသဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

#### လုပ်ငန်းစဉ်

- ဆရာက နိုင်ငံတော်သီချင်းကို အသံနေ အသံထားမှန်မှန် သီဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာနောက်မှလိုက်၍ သီဆိုစေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

#### နိဂုံးချုပ်ခြင်း

- 'နိုင်ငံတော်သီချင်းကို ပြန်လည်သီဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်သီချင်းကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထား မှန်မှန် သီဆိုစေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါမည်။

## ၆။ အကဲဖြတ်ခြင်း၏အခြေခံအချက်များ

ပထမတန်း မြန်မာစာရေးသားရာတွင် လုပ်ဆောင်မှုဖြင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် ကလေးများ၏ လုပ်ဆောင်မှုနှင့် စိတ်ပါဝင်စားမှုတို့ကို အကဲဖြတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် မေးခွန်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် ကလေးများ၏ အသိပညာ၊ စွမ်းရည်များကို အကဲဖြတ်စစ်ဆေးရမည် ဖြစ်ပါသည်။ အကဲဖြတ်ရာတွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်မည့်ပုံစံများ၏ နမူနာများကို ဖော်ပြထားပါသည်။

### လုပ်ဆောင်မှုဖြင့် စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| ပထမတန်း | မြန်မာစာဘာသာရပ် |
| အခန်း (၈) သင်ခန်းစာ (ဃ) | သူငယ်ချင်းသုံးယောက် (ပုံပြင်) |
| ရည်ရွယ်ချက် | (က) ပုံပြင်ကို နားထောင်တတ်ပြီး ပြန်လည်ပြောပြတတ်ရန်<br>(ခ) သူငယ်ချင်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်ရန် |

**လုပ်ငန်း (၁)**

| နယ်ပယ် | သာလွန်သောအဆင့် | ကျေနပ်နစ်သိမ့်မှုအဆင့် | သင်ယူနေဆဲအဆင့် |
|---|---|---|---|
| နယ်ပယ်(၁)<br>သိမှုနယ်ပယ် | – ကလေးတို့လည်း ယုန်နှင့်မျောက်ကဲ့သို့ ကူညီပေးဖူးသည်။<br>– အခြား တိရစ္ဆာန်လေးများ၏ အစားအစာများကို ပြောနိုင်သည်။ | – ယုန်ကလေးအတွက် မြက်ခင်းပဲရှိတော့ ရှဉ့်ကလေးနဲ့ မျောက်ကလေးက ဆက်ပြီး ရှာဖွေပေးသည်ကို ပြောနိုင်သည်။<br>– ပုံပြင်တွင်ပါသော ရှဉ့်ကလေး၊ မျောက်ကလေး၊ ယုန်ကလေးတို့ စားသော အစားအစာအပြင် အခြားစားစရာများပါ ပြောနိုင်သည်။ | – ရုပ်ပုံထဲတွင် တွေ့ရသော အရာများကို ပြောနိုင်သည်။<br>– ပုံပြင်ပါ ရှဉ့်၊ မျောက်၊ ယုန်ကလေးတို့၏ အစားအစာများကို ပြောနိုင်သည်။ |

**လုပ်ငန်း (၂)**

| နယ်ပယ် | သာလွန်သောအဆင့် | ကျေနပ်နစ်သိမ့်မှုအဆင့် | သင်ယူနေဆဲအဆင့် |
|---|---|---|---|
| နယ်ပယ်(၂)<br>ခံစားမှု<br>နယ်ပယ် | – ရှဉ့်ကလေးနှင့်မျောက်ကလေးက ယုန်ကလေးအတွက် အစာရအောင် ရှာဖွေပေးသကဲ့သို့ ကလေးများလည်း သူငယ်ချင်းများကို ကူညီပေးချင်သည်။ | – သူငယ်ချင်း သုံးယောက်အစားအစာ စုံလင်စွာရရှိကြသဖြင့် ဝမ်းသာပျော်ရွှင်ကြသည်။ | – ယုန်ကလေးအတွက် မုန်လာဥ ရှာတွေ့၍ ဝမ်းသာသွားသည်။ |

## မေးခွန်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| ပထမတန်း | မြန်မာစာဘာသာရပ် |
| အခန်း (၉)<br>သင်ခန်းစာ (က) | စံပယ်ပွင့်ကလေးများ (ကဗျာ)<br>(က) ကဗျာပါသရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန် |
| ရည်ရွယ်ချက် | (က) ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုရင်း (–ံ၊ –း၊ –့) သင်္ကေတကို မှတ်မိသိရှိရန်<br>(ခ) ( –ံ ၊ – း၊ –့ ) သင်္ကေတအသုံးကို အသုံးပြုရေးသားတတ်ရန် |
| တတ်ကျွမ်းမှု | နားလည်ခြင်း<br>–ံ သေးသေးတင်၊ –း ဝစ္စနှစ်လုံးပေါက်၊ –့ အောက်ကမြစ် သင်္ကေတအသုံးကို ရွတ်ဆိုရေးသားတတ်ခြင်း။ |
| အသုံးချမှု | နှုတ်မေး၊ နှုတ်ဖြေ ရေးသားခြင်း<br>–ံ ၊ –း ၊ –့ အသုံးကို ခွဲခြားရေးသားတတ်ခြင်း |

**ကဗျာကို ရွတ်ဆို၍ သင်္ကေတ ရေးပြပါ။**

**မေးခွန်း**

(က) စံပယ်ပွင့်ကလေး ခေါင်းပေါ်တင် ( )

(ခ) စံပယ်နှစ်ပွင့် ရှေ့မှာရောက် ( )

(ဂ) အောက်နားဆီက တစ်ပွင့်ဟာ ( )

**အဖြေမှန်**

(က) စံပယ်ပွင့်ကလေး ခေါင်းပေါ်တင် ( –ံ )

(ခ) စံပယ်နှစ်ပွင့် ရှေ့မှာရောက် ( –း )

(ဂ) အောက်နားဆီက တစ်ပွင့်ဟာ ( –့ )

| | |
|---|---|
| တတ်ကျွမ်းမှု | နားလည်ခြင်း<br>–ံ ၊ –း ၊ –့ အသုံးကို နားလည်၍ အသုံးပြုတတ်ခြင်း |
| အသုံးချမှု | နှုတ်မေး၊ နှုတ်ဖြေရေးသားခြင်း<br>–ံ ၊ –း ၊ –့ သင်္ကေတ အသုံးကို ရှာဖွေရေးသားတတ်ခြင်း |

**–ံ ၊ –း ၊ –့ သင်္ကေတများကို မျဉ်းသားပါ။**

**မေးခွန်း**

(က) စံပယ်ပွင့်

(ခ) ကံ့ကော်ပန်း

(ဂ) ဝါးထရံ

**အဖြေမှန်**

(က) စံ ပယ် ပွင့်

(ခ) ကံ့ ကော် ပန်း

(က) ဝါးထ ရံ

မှတ်ချက် ။ ။ ကျောင်းတွင်လည်းကောင်း၊ အိမ်စာအဖြစ်လည်းကောင်း ပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

| | |
|---|---|
| တတ်ကျွမ်းမှု | နားလည်ခြင်း<br>–ံ ၊ –း ၊ –့ အသုံးကို နားလည်၍ အသုံးပြုတတ်ခြင်း |
| အသုံးချမှု | နှုတ်မေး၊ နှုတ်ဖြေ ရေးသားခြင်း<br>စကားလုံး၊ စကားစုတွင် ပါသော –ံ ၊ – း ၊ –့ သင်္ကေတများကို ရေးသားတတ်ခြင်း |

**–ံ ၊ –း ၊ –့ သင်္ကေတပါသော စကားလုံးကို ရွေး၍ ကူးရေးပါ။**

(က) အသံသာ၏။ ( သံ )

(ခ) လူကလေး ဘာစားခဲ့လဲ။ ( လေး ) ( စား ) ( ခဲ့ )

(ဂ) သော့ ယူလာပါ။ ( သော့ )

မှတ်ချက် ။ ။ ကျောင်းတွင်လည်းကောင်း၊ အိမ်စာအဖြစ်လည်းကောင်း ပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

## ၅။ နယ်ပယ်အလိုက် သင်ခန်းစာများခွဲခြားထားခြင်း

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက်အလက် |
| **နယ်ပယ် (၁) အနာအကြား၊ အပြောအဆို** | | | | | | | | | | | | |
| ၁ (က) | စကားချိုချို ပြောရအောင် | ပုံပြင်ကို နားထောင်တတ်ရန် စကားကို ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်ရန် | ၂ | ◎ | | | | | | | ◎ | |
| ၁ (ဂ) | အချင်းချင်း မိတ်ဆက်ကြရအောင် | အတန်းသူအတန်းသား အချင်းချင်း ရင်းနှီးစွာ ပြောဆိုတတ်ရန် | ၂ | ◎ | | | | ◎ | | | | |
| ၁ (ဃ) | မိသားစုနဲ့ မိတ်ဆက်စို့ | လူတိုင်းတွင် မိသားစုရှိကြောင်းနှင့် မိမိ မိသားစုအကြောင်းကို ယဉ်ကျေးစွာ ပြောပြတတ်ရန် | ၂ | ◎ | | | | ◎ | | | | |
| ၂ (က) | ဖိုးစလုံး (ကဗျာ) | ကဗျာကို ပျော်ရွှင်စွာရွတ်ဆိုပြီး စလုံး၊ ဆလိမ်၏ အသံကို ခွဲခြား သိရှိရန် | ၂ | ◎ | | | ◎ | | | ◎ | | |
| ၆ (ဂ) | နွေ မိုး ဆောင်း အကြောင်းပြောကာရယ် ယှဉ်တွဲကြည့်ကြမယ်။ | ဥတု ၃ ပါး၏ ထူးခြားချက်များ ရာသီဥတုနှင့် သက်ဆိုင်သော ဝေါဟာရ များကို ပြောဆိုတတ်ရန် | ၁ | ◎ | | | | ◎ | | | | |
| ၆ (ဃ) | ကြက်ကလေး (ပုံပြင်) | ရုပ်ပုံပါ အချက်အလက်များကို ကြည့်ရှုပြီး ပြောပြတတ်ရန်၊ ရုပ်ပုံကို ကြည့်၍ ကလေးများ၏ စဉ်းစားတွေးခေါ်မှုမှတစ်ဆင့် ပြောပြတတ်ရန် | ၂ | ◎ | | | | ○ | | | ◎ | |
| ၈ (ဃ) | သူငယ်ချင်း သုံးယောက် (ပုံပြင်) | ပုံပြင်ကို နားထောင်တတ်ပြီး ပြန်လည် ပြောပြတတ်ရန် သူငယ်ချင်းချင်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်ရန် | ၃ | ◎ | | | | ○ | | | ◎ | |
| ၁၀ (င) | ပိုးကောင်ကလေးတွေ ဘာလုပ်နေသလဲ | ရုပ်ပုံပါ ပိုးကောင်ကလေးများ စားသောက်ပုံ ကွဲပြားသည်ကို ကလေးများ ခွဲခြားသိရှိပြီး ပြောပြတတ်ရန်၊ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး အခြား ပိုးကောင် ကလေးများ၏ အမည်နှင့် စားသောက်ပုံကိုပါ ပြောပြတတ်ရန် | ၁ | ◎ | | | | ○ | | | | ◎ |
| ၁၁ (စ) | စူးစမ်းရှာဖွေ ကြည့်ရှုလေ | ကလေးများ ရုပ်ပုံကို ကြည့်ပြီး ထိုရုပ်ပုံများနှင့် ပတ်သက်၍ ပြောပြ တတ်ရန် | ၁ | ◎ | | | | ○ | | | | ◎ |

◎ သင့်လျော်သည်။ ○ အခြေအနေအလိုက် အသုံးပြုနိုင်သည်။ △ သင့်လျော်မှုမရှိ။

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက် အလက် |
| **နယ်ပယ် (၂) အရွတ်အဖတ်** | | | | | | | | | | | | |
| ၁ (ခ) | မင်္ဂလာပါ (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၃ (က) | တို့ကျောင်း (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၃ (ဂ) | တစ်နှစ်စာကိုချစ် (ကဗျာ) | ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၄ (က) | တောင်တောရယ်သာ (ကဗျာ) | ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၅ (က) | အပျော်မီးရထား (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၆ (က) | မမ ဝဝ (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၈ (က) | ဖိုးသာထူး (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၁၀ (က) | သပြေသီးကောက် (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၁၁ (က) | ကြာဆစ်ကြိုး (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၁၁ (ဃ) | ကြောင်နှင့် ကြွက် (ပုံပြင်) | ပုံပြင်ကို ကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်ကို ပြောနိုင်ရန် ကလေးအချင်းချင်း ကူညီတတ်ရန် | ၅ | ◎ | ◎ | | | | | | ◎ | |
| ၁၂ (က) | ဆုတောင်း (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၁၂ (ဃ) | ယုန်ကလေးရဲ့ ဉာဏ်စွမ်း (ပုံပြင်) | ပုံပြင်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်တတ်စေရန်နှင့် ရုပ်ပုံကို ကြည့်၍ မိမိ စိတ်ကူးထင်မြင်ချက်များကို ပြောပြတတ်ရန်၊ ကလေးများ အခက်အခဲနှင့် ကြုံတွေ့ရလျှင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းနိုင်ရန် | ၆ | | ◎ | | | ◎ | | | ◎ | |

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက်အလက် |
| ၁၂ (ဂ) | မင်္ဂလာ (ကဗျာ) | ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| ၁၂ (ဃ) | နိုင်ငံတော်သီချင်း ဆိုစို့လေး | နိုင်ငံတော်သီချင်းကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန် | ၂ | | ◎ | | ○ | | | ◎ | | |
| **နယ်ပယ် (၃) အရေးအသား** | | | | | | | | | | | | |
| ၂ (ခ) | ရေးခြစ်ကြရအောင် | ခဲတံကို စနစ်တကျ ကိုင်တွယ် အသုံး ပြုတတ်ရန် | ၂ | | | ◎ | | | ◎ | | | |
| ၂ (ဂ) | ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံ ရုပ်ပုံရွေးချယ်စို့ (၁) | ဗျည်းအသံ၊ အမည်များကို မှန်ကန်စွာ ရွတ်ဆိုရေးသားတတ်ရန် ရုပ်ပုံများကိုကြည့်၍ ကလေးများ ပြောပြ တတ်ရန် | ၁၀ | ○ | ◎ | ◎ | ○ | ○ | ◎ | | | |
| ၃ (ခ) | ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံ ရုပ်ပုံရွေးချယ်စို့ (၂) | ဗျည်းအသံ၊ အမည်များကို မှန်ကန်စွာ ရွတ်ဆိုရေးသားတတ်ရန် ရုပ်ပုံများကိုကြည့်၍ ကလေးများ ပြောပြ တတ်ရန် | ၁၂ | ○ | ◎ | ◎ | ○ | ○ | ◎ | | | |
| ၄ (ခ) | ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံ ရုပ်ပုံရွေးချယ်စို့ (၃) | ဗျည်းအသံ၊ အမည်များကို မှန်ကန်စွာ ရွတ်ဆိုရေးသားတတ်ရန် ရုပ်ပုံများကိုကြည့်၍ ကလေးများ ပြောပြ တတ်ရန် | ၈ | ○ | ◎ | ◎ | ○ | ○ | ◎ | | | |
| ၅ (ခ) | အသုံးနည်းသောဗျည်း များ သင်ကြားကြစို့လား | အသုံးနည်းသော ဗျည်းများကို မှန်ကန်စွာ ဖတ်တတ်ရေးတတ်ရန် | ၄ | ○ | ◎ | ◎ | ○ | ○ | ◎ | | | |
| ၅ (ဂ) | အသံမှန်မှန် ရွတ်ဆိုရန် | ဗျည်း ၃၃ လုံး၏ အသံနှင့်အမည်ကို သေချာစွာ သိရှိ၍ မှန်မှန်ကန်ကန် အစဉ်လိုက် ရွတ်ဆိုတတ်ရန် | ၂ | ○ | ◎ | ◎ | ◎ | | ◎ | | | |
| ၅ (ဃ) | ဗျည်းကလေးတွေကို ကြည့်ကာရယ် သိမှတ်ဖို့ကို လေ့ကျင့်မယ် | ဗျည်း ၃၃ လုံးကို ပိုမိုမှတ်မိသိရှိရန် (ပြန်လည်သင်ကြားခြင်း) | ၃ | ◎ | ◎ | ◎ | | ○ | ◎ | | | |
| ၆ (ခ) | အရေးအဖတ် လေ့ကျင့်ကြရအောင် | သင်ကြားပြီးသော ဗျည်းများကို တွဲစပ်၍ ရွတ်ဆိုရေးသားတတ်ရန် | ၃ | | | ◎ | | ◎ | ◎ | | | |

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြေ | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက်အလက် |
| ၇ (က) | ဆန်းသစ်စ (ကဗျာ) | ကဗျာပါ သရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန် | ၂ | | ◎ | ◎ | ◎ | | | ◎ | | |
| ၇ (ခ) | အ အာ အား သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အ အာ အားသရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၇ (ဂ) | အသုံးများတဲ့ အထူး အက္ခရာများသင်ကြား ကြစို့လား | ဧ၊ ဤ ဪ ၍ ၌ အသုံးကို သိရှိနားလည်ပြီး ထိုအက္ခရာများသုံး၍ ရေးသားထားသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၃ | ○ | ◎ | ◎ | | | ◎ | | | |
| ၇ (ဃ) | အိ အီ အီး သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အိ အီ အီး သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၇ (င) | ပြေးပွဲ ပြိုင်ပွဲ (ကဗျာ) | ကဗျာပါ သရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန် | ၂ | | ◎ | | ◎ | | | ◎ | | |
| ၇ (စ) | အု အူ အူးသရများ သင်ကြားကြစို့လား | ဗျည်းနှင့် အု အူ အူး သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၈ (ခ) | အေ အေ့ အေး သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အေ အေ့ အေး သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၈ (ဂ) | အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အဲ အဲ့ အယ် သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၈ (င) | အော အော့ အော် သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အော အော့ အော် သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၉ (က) | စံပယ်ပွင့်ကလေးများ (ကဗျာ) | ကဗျာပါ သရသင်္ကေတများကို လွယ်ကူစွာ မှတ်မိသိရှိပြီး ပြန်လည်အသုံးပြုတတ်ရန် | ၂ | | ◎ | | ◎ | | | ◎ | | |

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနာအကြား အပြောအဆို | အဖတ်အရှုတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက်အလက် |
| ၉ (ခ) | အန် အန့် အန်း သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အန် အန့် အန်း သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၉ (ဂ) | အို အို့ အိုး သရများ သင်ကြားကြစို့လား | ဗျည်းနှင့် အို အို့ အိုး သရ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၀ (ခ) | ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ယပင့် ရရစ် ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ် ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၀ (ဂ) | ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ဝဆွဲ ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၀ (ဃ) | ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ဟထိုး ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၁ (ခ) | ယပင့်ဝဆွဲ ရရစ် ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ယပင့်ဝဆွဲ၊ ရရစ်ဝဆွဲဗျည်းတွဲ ပေါင်းစပ်၍အဓိပ္ပာယ်ရှိသောစာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၁ (ဂ) | ယပင့်ဟထိုး ရရစ် ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ယပင့်ဟထိုး၊ ရရစ်ဟထိုး ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်၊ ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၁ (ဃ) | ဝဆွဲဟထိုး ရရစ် ဝဆွဲဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ဗျည်းနှင့် ဝဆွဲဟထိုး၊ ရရစ်ဝဆွဲဟထိုး ဗျည်းတွဲ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသား တတ်ရန် | ၈ | ○ | ◎ | ◎ | | | ◎ | | | |
| ၁၂ (ခ) | သင်္ကေတများ ရေးမှတ်ပါ ပေါင်းစုရေးကြမှာ | သရသင်္ကေတများနှင့် ဗျည်းတွဲ သင်္ကေတများကို ပိုမိုမှတ်မိရန် | ၃ | | | ◎ | | | ◎ | | | |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း | ၁ |
| ၂ | ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများ | ၁ |
| ၃ | သင်ရိုးသစ်တွင် ထပ်မံဖြည့်စွက်ထားသည့် အချက်များ | ၃ |
| ၄ | ပထမတန်းမြန်မာစာသင်ချိန် ခန့်မှန်းချက်ဇယားနမူနာ | ၄ |
| ၅ | နယ်ပယ်အလိုက် သင်ခန်းစာများ ခွဲခြားထားခြင်း | ၇ |
| ၆ | အကဲဖြတ်ခြင်း၏ အခြေခံအချက်များ | ၁၂ |
| ၇ | မြန်မာစာသင်ရိုးသစ်၏သင်ကြားပုံစနစ်များ | ၁၄ |
| ၈ | သင်ခန်းစာအလိုက် သင်ပြမှုပုံစံများ | |
| | အခန်း (၁) ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင် | ၁၆ |
| | အခန်း (၂) ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁) | ၂၃ |
| | အခန်း (၃) ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂) | ၃၁ |
| | အခန်း (၄) ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃) | ၃၉ |
| | အခန်း (၅) ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄) | ၄၄ |
| | အခန်း (၆) ဆိုမယ် ရေးမယ် ပုံပြောမယ် | ၅၅ |
| | အခန်း (၇) သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | ၆၂ |
| | အခန်း (၈) သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | ၈၂ |
| | အခန်း (၉) သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | ၉၈ |
| | အခန်း (၁၀) ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁) | ၁၀၈ |
| | အခန်း (၁၁) ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂) | ၁၂၄ |
| | အခန်း (၁၂) စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ် | ၁၄၃ |

## ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း

### ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် ပထမတန်းမြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်းဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနားအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ် ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်စေရန် ပြုစုထားခြင်းဖြစ်သည်။ မူလတန်းအောက်ဆင့်တွင် မြန်မာဘာသာစကား၏ ဗျည်းနှင့်သရ အခြေခံသင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအား မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်စေရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှု လုပ်ငန်းများကို များစွာ အထောက်အကူ ပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် ဆရာအတတ်ပညာရေး သင်တန်းသားများသာမက လက်တွေ့ သင်ကြားရေးနယ်ပယ်ရှိ ဆရာ၊ ဆရာမများအတွက်ပါ လမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။

## ၂။ ဆရာလမ်းညွှန်တွင် ပါဝင်သော အကြောင်းအရာများ

ဤဆရာလမ်းညွှန်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာ၊ ဆရာမများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံများအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

### ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်

၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှု လုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်း၏ အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာ၊ ဆရာမများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်းအသီးသီးကို ချိတ်ဆက်ထားပါသည်။

**ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။**



## ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း

### ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် ပထမတန်းမြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်းဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနားအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ် ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်စေရန် ပြုစုထားခြင်းဖြစ်သည်။ မူလတန်းအောက်ဆင့်တွင် မြန်မာဘာသာစကား၏ ဗျည်းနှင့်သရ အခြေခံသင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအား မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်စေရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှု လုပ်ငန်းများကို များစွာ အထောက်အကူ ပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် ဆရာအတတ်ပညာရေး သင်တန်းသားများသာမက လက်တွေ့ သင်ကြားရေးနယ်ပယ်ရှိ ဆရာ၊ ဆရာမများအတွက်ပါ လမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။

## ၂။ ဆရာလမ်းညွှန်တွင် ပါဝင်သော အကြောင်းအရာများ

ဤဆရာလမ်းညွှန်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာ၊ ဆရာမများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံများအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

### ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်


၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှု လုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်း၏ အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာ၊ ဆရာမများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်းအသီးသီးကို ချိတ်ဆက်ထားပါသည်။

**ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။**



### ၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

ဆရာ၊ ဆရာမများ၏ သင်ကြားမှု အောင်မြင်ပေါက်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် စာမျက်နှာအလိုက် ပုံစံငယ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ သင်ကြားမှုလုပ်ငန်းစဉ်များကို လွယ်ကူစွာသိမြင်နိုင်ရန် လိုအပ်သောသင်ခန်းစာများတွင် နံပါတ်စဉ်တပ်၍ ဖော်ပြထားပါသည်။

### ၂။ သင်ခန်းစာအမည်နှင့် အကြံပြု စာသင်ချိန်

သင်ခန်းစာအမည်နှင့် သင်ကြားရန် အကြံပြုစာသင်ချိန်ကို ဖော်ပြထားသည်။ ကျောင်းသား၏တတ်မြောက်မှုနှင့် အခြေအနေပေါ်မူတည်၍ စာသင်ချိန်ကို ပြောင်းလဲသင်ကြားနိုင်ပါသည်။

### ၃။ သင်ယူမှုဦးတည်ချက်

ဆရာ၊ ဆရာမများ အနေဖြင့် သင်ယူမှုဦးတည်ချက်ကို ပေါက်မြောက်အောင် သင်ကြားရန်လိုအပ်သည်။

### ၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများအပြင် ဆရာ၊ ဆရာမများကိုယ်တိုင်ပြုလုပ်ထားသော ရုပ်ပုံကားချပ်များ၊ ပစ္စည်းစစ်များ စသည့် သင်ထောက်ကူပစ္စည်းကို အသုံးပြု၍ သင်ကြားရပါမည်။

### ၅။ သင်ကြားသင်ယူမှုလုပ်ငန်း

သင်ကြားမှုအစီအစဉ်တွင် ဦးတည်ချက်ပေါက်မြောက်စေရန် သင်ကြားရမည့်အစီအစဉ်များကို လမ်းညွှန်ထားပါသည်။ နိဒါန်း၊ လုပ်ငန်းစဉ်၊ နိဂုံးချုပ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များပါဝင်သည်။ ထိုလုပ်ငန်းစဉ်များကို အခြေအနေပေါ်မူတည်၍ လိုအပ်ပါက ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။ စာသင်ချိန်တိုင်းတွင် ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းများလည်း အသေးစိတ်ဖော်ပြထားသည်။ သင်ကြားမည့်ဆရာ၊ ဆရာမများ အနေဖြင့် ညွှန်ကြားချက်များကို ကြည့်ရှုလေ့လာခြင်းအားဖြင့် မည်သည့်အချက်ကို အခြေခံကာ အကဲဖြတ်ရမည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

### ၆။ အဓိကအချက်များနှင့် အရေးကြီးသောအချက်များ

သင်ကြားရာတွင် ကျောင်းသားများ မဖြစ်မနေတတ်မြောက်စေရန် အထောက်အကူပြုစေမည့် အဓိကအချက်များကို ဖော်ပြထားပါသည်။ သင်ကြားမှုမစတင်မီ ပြင်ဆင်မှုများ၊ သင်ကြားပုံနည်းစနစ်များ စသည့် အရေးကြီးသော အချက်များကို ဖော်ပြထားပါသည်။

**သင်ခန်းစာပါ အညွှန်းရုပ်ပုံကလေးများ**



ကျောင်းသားများ ရွတ်ဆိုရန် ညွှန်းသောပုံ



ကျောင်းသားများစာလုံးကို ရေးသားရန် ညွှန်းသောပုံ

## ၇။ မြန်မာစာသင်ရိုးသစ်၏ သင်ကြားပုံစနစ်များ

ဤဆရာလမ်းညွှန်တွင် မြန်မာစာသင်ရိုးသစ်အား သင်ကြားရာ၌ သိရှိထားသင့်သော သင်ကြားပုံစနစ်များကို ရှင်းပြထားသည်။

### (၁) အရွတ်အဖတ်သင်ကြားခြင်း

အရွတ်အဖတ်သင်ကြားရာတွင် အတန်းအလိုက် သင့်လျော်သော သင်ကြားပုံစနစ်များကို ရွေးချယ်ကာ သင်ကြားမည်။

| သင်ကြားနည်း | သင်ကြားပုံ | |
|---|---|---|
| နမူနာ ဖတ်ပြခြင်း |  | ဆရာကရွတ်ဖတ်ပုံကို နမူနာအနေဖြင့် အသံထွက်ဖတ်ပြကာ ကျောင်းသားများကို နားထောင်စေမည်။ အသံထွက်၍ အဖြတ် အတောက်မှန်ကန်စွာ ဖတ်ပြမည်။ |
| နောက်မှလိုက် ၍ဖတ်စေခြင်း |  | ဆရာက ရွတ်ဖတ်ပြီးနောက် ကျောင်းသား များကို နောက်မှလိုက်ကာ ရွတ်ဆိုလေ့ကျင့်စေမည်။ ကျောင်းသား၏ တတ်မြောက်မှု အခြေအနေကို လိုက်ကာ အဖြတ်အတောက်၊ စာကြောင်း အတိုအရှည်ကို သတ်မှတ်ပါ။ |
| တစ်ပြိုင်တည်း ဖတ်စေခြင်း |  | ကျောင်းသားများအား စာကြောင်းများကို တစ်ပြိုင်တည်းဖတ်စေပြီး လေ့ကျင့်စေခြင်း ဖြင့် အချိန်တိုအတွင်း သင်ကြားနိုင်သည်။ စိတ်ခံစားမှုကို ထည့်သွင်းရွတ်ဆိုခြင်း၊ အဖြတ်အတောက် မှန်ကန်စွာ ရွတ်ဆိုခြင်း ကို သတိပြုကာ ဖတ်စေမည်။ |
| အလှည့်ကျ ဖတ်စေခြင်း |  | စာကြောင်းများကို အလှည့်ကျဖတ်စေသော သင်ကြားပုံနည်းလမ်းဖြင့် တစ်ယောက်ချင်း စီ ဖတ်နိုင်ခြင်းရှိ မရှိကို စစ်ဆေးနိုင်သည်။ |
| အတွဲလိုက် ဖတ်စေခြင်း |  | ကျောင်းသားအချင်းချင်း ၂ ယောက် တစ်တွဲတွဲစေကာ အလှည့်ကျ ရွတ်ဆို စေခြင်း၊ လေ့ကျင့်စေခြင်း၊ စစ်ဆေးစေခြင်းများ ပြု လုပ်နိုင်သည်။ |
| နေရာ သတ်မှတ်ကာ ဖတ်ခြင်း |  | ပုံပြင်တွင်ပါဝင်သော ဇာတ်ဆောင်များ၏ ပြောစကားများ၊ ဇာတ်လမ်းပြောသူ၏ စကားများကို ကျောင်းသားများ ကိုယ်တိုင် အလှည့်ကျ ရွတ်ဖတ်စေမည်။ တာဝန်များကို ခွဲခြားရွတ်ဖတ်ခြင်းဖြင့် အကြောင်းအရာများကို ထိတွေ့နားလည်နိုင်မည်။ နေရာပြောင်းကာ သရုပ်ဆောင်နိုင်ပါသည်။ |
| သရုပ်ဖော်ကာ ရွတ်ဖတ်ခြင်း |  | ရွတ်ဖတ်သူ အများအပြားက အသံဖြင့် သရုပ်ဖော်ခြင်း၊ အကြောင်းအရာအလိုက် ဖတ်ကြားမည့်သူ၊ အသံအနိမ့်အမြင့်၊ ဖတ်မည့် အကြိမ်အရေအတွက်၊ အမြန်နှုန်း၊ ထပ်ကာ ထပ်ကာရွတ်ခြင်း စသည်တို့ကို အုပ်စု လိုက် ဆွေးနွေးကာ ရွတ်ဖတ်စေပါမည်။ |

## (၂) ဗျည်း၊ သရသင်ကြားခြင်း

| သင်ကြားနည်း | သင်ကြားပုံ | |
|---|---|---|
| လေထဲတွင် ရေးသားခြင်း |  | – ဆရာက ဗျည်း၊ သရများ ရေးသားပုံကို သင်ကြားရာတွင် ဦးစွာ စကားလုံးများကို လေထဲတွင် အလွတ်ရေးသားကာ ကလေးများကို အတုယူ လေ့ကျင့်စေမည်။ ဆရာသည် ကလေးများနှင့် မျက်နှာ ချင်းဆိုင်ရှိနေချိန်တွင် ဘယ် ညာ ပြောင်းပြန်ဖြစ်နေသည်ကို သတိပြုပါ။ အကျွမ်းတဝင် မဖြစ်မီ နောက်ကျောပေးကာ ရေးသားလျှင် ရနိုင်ပါသော်လည်း အကျွမ်းတဝင် ဖြစ်သွားပါက ကလေးကို ကြည့်၍ရေးနိုင်သည် မရေးနိုင်သည်ကို စစ်ဆေးပါ။ |

## ၄။ ပထမတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက် ယေားနမူနာ

**ပထမတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက် ယေားကို နမူနာအဖြစ် ဖော်ပြထားပါသည်။**

<table>
<tr><th>အခန်း</th><th>သင်ခန်းစာ</th><th>အကြောင်းအရာ</th><th colspan="2">သင်ချိန်</th><th>လ</th></tr>
<tr><td>၁</td><td colspan="2">ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်</td><td colspan="2"></td><td rowspan="16">ဇွန်</td></tr>
<tr><td></td><td>က</td><td>စကားချိုချိုပြောရအောင်</td><td colspan="2">၂</td></tr>
<tr><td></td><td>ခ</td><td>မင်္ဂလာပါ (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td>ဂ</td><td>အချင်းချင်းမိတ်ဆက်ကြရအောင်</td><td colspan="2">၂</td></tr>
<tr><td></td><td>ဃ</td><td>မိသားစုနဲ့ မိတ်ဆက်ကြစို့</td><td colspan="2">၂</td></tr>
<tr><td></td><td></td><td>ပြန်လှန်သင်ကြားခြင်း</td><td colspan="2">၁</td></tr>
<tr><td>၂</td><td colspan="2">ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၁)</td><td colspan="2"></td></tr>
<tr><td></td><td>က</td><td>ဖိုးစလုံး (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td>ခ</td><td>ရေးခြစ်ကြရအောင်</td><td colspan="2">၂</td></tr>
<tr><td></td><td>ဂ</td><td>ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့ (၁)</td><td colspan="2">၁၀</td></tr>
<tr><td></td><td></td><td>ပြန်လှန်သင်ကြားခြင်း</td><td colspan="2">၁</td></tr>
<tr><td>၃</td><td colspan="2">ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၂)</td><td colspan="2"></td></tr>
<tr><td></td><td>က</td><td>တို့ကျောင်း (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td>ခ</td><td>ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့ (၂)</td><td rowspan="2">၁၂</td><td>၆</td></tr>
<tr><td></td><td>ခ</td><td>ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့ (၂)</td><td>၆</td><td rowspan="11">ဇူလိုင်</td></tr>
<tr><td></td><td>ဂ</td><td>တစ်နှစ် စာကိုချစ် (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td></td><td>ပြန်လှန်သင်ကြားခြင်း</td><td colspan="2">၁</td></tr>
<tr><td>၄</td><td colspan="2">ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၃)</td><td colspan="2"></td></tr>
<tr><td></td><td>က</td><td>တောင်တောရယ်သာ (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td>ခ</td><td>ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့ (၃)</td><td colspan="2">၈</td></tr>
<tr><td></td><td></td><td>ပြန်လှန်သင်ကြားခြင်း</td><td colspan="2">၁</td></tr>
<tr><td>၅</td><td colspan="2">ဗျည်းကဗျာလက်ာများ ရွတ်ဖတ်ရေးစို့လား (၄)</td><td colspan="2"></td></tr>
<tr><td></td><td>က</td><td>အပျော်မီးရထား (ကဗျာ)</td><td colspan="2">၂</td></tr>
<tr><td></td><td>ခ</td><td>အသုံးနည်းသော ဗျည်းများ သင်ကြားကြစို့လား</td><td colspan="2">၈</td></tr>
<tr><td></td><td>ဂ</td><td>အသံမှန်မှန်ရွတ်ဆိုရန်</td><td rowspan="2">၃</td><td>၂</td></tr>
<tr><td></td><td>ဂ</td><td>အသံမှန်မှန်ရွတ်ဆိုရန်</td><td>၁</td><td rowspan="3">ဩဂုတ်</td></tr>
<tr><td></td><td>ဃ</td><td>ဗျည်းကလေးတွေကို ကြည့်ကာရယ် သိမှတ်ဖို့ကို လေ့ကျင့်မယ်</td><td colspan="2">၃</td></tr>
<tr><td></td><td></td><td>ပြန်လှန်သင်ကြားခြင်း</td><td colspan="2">၁</td></tr>
</table>

| အခန်း | သင်ခန်းစာ | အကြောင်းအရာ | သင်ချိန် | လ |
|---|---|---|---|---|
| ၆ | ဆိုမယ် ရေးမယ် ပုံပြောမယ် | | | |
| | က | မမ ဝဝ (ကဗျာ) | ၂ | သြဂုတ် |
| | ခ | အရေးအဖတ်လေ့ကျင့်ကြရအောင် | ၃ | |
| | ဂ | နွေ မိုး ဆောင်း အကြောင်း ပြောကာရယ် ယှဉ်တွဲကြည့်ကြမယ် | ၁ | |
| | ဃ | ကြက်ကလေး (ပုံပြင်) | ၂ | |
| | | ပြန်လှန်သင်ကြားခြင်း | ၁ | |
| ၇ | သရလက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | | | |
| | က | ဆန်းသစ်စ (ကဗျာ) | ၂ | |
| | ခ | အ အာ အား သရများ သင်ကြားကြစို့လား | ၈ | |
| | ဂ | အသုံးများတဲ့ အထူးအက္ခရာများ သင်ကြားကြစို့လား | ၃ | |
| | ဃ | အိ အီ အီး သရများ သင်ကြားကြစို့လား | ၈ (၅) | |
| | ဃ | အိ အီ အီး သရများ သင်ကြားကြစို့လား | (၃) | စက်တင်ဘာ |
| | င | ပြေးပွဲ ပြိုင်ပွဲ (ကဗျာ) | ၂ | |
| | စ | အု အူ အူး သရများ သင်ကြားစို့လား | ၈ | |
| | | ပြန်လှန်သင်ကြားခြင်း | ၂ | |
| ၈ | သရလက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | | | |
| | က | ဖိုးသာထူး (ကဗျာ) | ၂ | |
| | ခ | အေ အေ့ အေး သရများ သင်ကြားကြစို့လား | ၈ | |
| | ဂ | အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား | ၈ (၇) | |
| | ဂ | အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား | (၁) | အောက်တိုဘာ |
| | ဃ | သူငယ်ချင်း သုံးယောက် (ပုံပြင်) | ၃ | |
| | င | အော အော့ အော် သရများ သင်ကြားကြစို့လား | ၈ | |
| | | ပြန်လှန်သင်ကြားခြင်း | ၂ | |
| ၉ | သရလက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | | | |
| | က | စံပယ်ပွင့်ကလေးများ (ကဗျာ) | ၂ | |
| | ခ | အန် အန့် အန်း သရများ သင်ကြားကြစို့လား | ၈ | |
| | ဂ | အို အို့ အိုး သရများ သင်ကြားကြစို့လား | ၈ | နိုဝင်ဘာ |
| | | ပြန်လှန်သင်ကြားခြင်း | ၂ | |

| အခန်း | သင်ခန်းစာ | အကြောင်းအရာ | သင်ချိန် | လ |
|---|---|---|---|---|
| ၁၀ | **ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)** | | | နိုဝင်ဘာ |
| | က | သပြေသီးကောက် (ကဗျာ) | ၂ | |
| | ခ | ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား | ၈ | |
| | ဂ | ဝဆွဲဗျည်းတွဲများ သင်ကြားကြစို့လား | ၈ | |
| | ဃ | ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ၈ (၄) | |
| | ဃ | ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ၄ | ဒီဇင်ဘာ |
| | င | ပိုးကောင်ကလေးတွေ ဘာလုပ်နေသလဲ | ၁ | |
| | | ပြန်လှန်သင်ကြားခြင်း | ၂ | |
| ၁၁ | **ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)** | | | |
| | က | ကြာဆစ်ကြိုး (ကဗျာ) | ၂ | |
| | ခ | ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား | ၈ | |
| | ဂ | ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ၈ | |
| | ဃ | ကြောင်နဲ့ ကြွက် (ပုံပြင်) | ၅ | ဇန်နဝါရီ |
| | င | ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား | ၈ | |
| | စ | စူးစမ်းရှာဖွေကြည့်ရှုလေ | ၁ | |
| | | ပြန်လှန်သင်ကြားခြင်း | ၂ | |
| ၁၂ | **စိတ်ဝင်စားဖွယ်ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်** | | | |
| | က | ဆုတောင်း (ကဗျာ) | ၂ | |
| | ခ | သင်္ကေတများရေးမှတ်ပါ ပေါင်းစုရေးကြမှာ | ၃ | |
| | ဂ | မင်္ဂလာ (ကဗျာ) | ၂ | |
| | ဃ | ယုန်ကလေးရဲ့ဉာဏ်စွမ်း | ၆ | |
| | င | နိုင်ငံတော်သီချင်းဆိုစို့လေး | ၂ | |
| | | ပြန်လှန်လေ့ကျင့်ခန်း | ၁ | |
| | စ | ဝေါဟာရများ | | |
| | | စုစုပေါင်း စာသင်ချိန် | ၂၄၀ | |
| | | အရန်စာသင်ချိန် | ၄၈ | |

## ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း

### ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် ပထမတန်းမြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်းဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနားအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ် ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်စေရန် ပြုစုထားခြင်းဖြစ်သည်။ မူလတန်းအောက်ဆင့်တွင် မြန်မာဘာသာစကား၏ ဗျည်းနှင့်သရ အခြေခံသင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအား မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်စေရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှု လုပ်ငန်းများကို များစွာ အထောက်အကူ ပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် ဆရာအတတ်ပညာရေး သင်တန်းသားများသာမက လက်တွေ့ သင်ကြားရေးနယ်ပယ်ရှိ ဆရာ၊ ဆရာမများအတွက်ပါ လမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။

## ၂။ ဆရာလမ်းညွှန်တွင် ပါဝင်သော အကြောင်းအရာများ

ဤဆရာလမ်းညွှန်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာ၊ ဆရာမများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံများအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

### ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်


၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှု လုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်း၏ အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာ၊ ဆရာမများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်းအသီးသီးကို ချိတ်ဆက်ထားပါသည်။

**ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။**



## ၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

ဆရာ၊ ဆရာမများ၏ သင်ကြားမှု အောင်မြင်ပေါက်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် စာမျက်နှာအလိုက် ပုံစံငယ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ သင်ကြားမှုလုပ်ငန်းစဉ်များကို လွယ်ကူစွာသိမြင်နိုင်ရန် လိုအပ်သောသင်ခန်းစာများတွင် နံပါတ်စဉ်တပ်၍ ဖော်ပြထားပါသည်။

## ၂။ သင်ခန်းစာအမည်နှင့် အကြံပြု စာသင်ချိန်

သင်ခန်းစာအမည်နှင့် သင်ကြားရန် အကြံပြုစာသင်ချိန်ကို ဖော်ပြထားသည်။ ကျောင်းသား၏တတ်မြောက်မှုနှင့် အခြေအနေပေါ်မူတည်၍ စာသင်ချိန်ကို ပြောင်းလဲသင်ကြားနိုင်ပါသည်။

## ၃။ သင်ယူမှုဦးတည်ချက်

ဆရာ၊ ဆရာမများ အနေဖြင့် သင်ယူမှုဦးတည်ချက်ကို ပေါက်မြောက်အောင် သင်ကြားရန်လိုအပ်သည်။

## ၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများအပြင် ဆရာ၊ ဆရာမများကိုယ်တိုင်ပြုလုပ်ထားသော ရုပ်ပုံကားချပ်များ၊ ပစ္စည်းစစ်များ စသည့် သင်ထောက်ကူပစ္စည်းကို အသုံးပြု၍ သင်ကြားရပါမည်။

## ၅။ သင်ကြားသင်ယူမှုလုပ်ငန်း

သင်ကြားမှုအစီအစဉ်တွင် ဦးတည်ချက်ပေါက်မြောက်စေရန် သင်ကြားရမည့်အစီအစဉ်များကို လမ်းညွှန်ထားပါသည်။ နိဒါန်း၊ လုပ်ငန်းစဉ်၊ နိဂုံးချုပ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များပါဝင်သည်။ ထိုလုပ်ငန်းစဉ်များကို အခြေအနေပေါ်မူတည်၍ လိုအပ်ပါက ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။ စာသင်ချိန်တိုင်းတွင် ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းများလည်း အသေးစိတ်ဖော်ပြထားသည်။ သင်ကြားမည့်ဆရာ၊ ဆရာမများ အနေဖြင့် ညွှန်ကြားချက်များကို ကြည့်ရှုလေ့လာခြင်းအားဖြင့် မည်သည့်အချက်ကို အခြေခံကာ အကဲဖြတ်ရမည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

## ၆။ အဓိကအချက်များနှင့် အရေးကြီးသောအချက်များ

သင်ကြားရာတွင် ကျောင်းသားများ မဖြစ်မနေတတ်မြောက်စေရန် အထောက်အကူပြုစေမည့် အဓိကအချက်များကို ဖော်ပြထားပါသည်။ သင်ကြားမှုမစတင်မီ ပြင်ဆင်မှုများ၊ သင်ကြားပုံနည်းစနစ်များ စသည့် အရေးကြီးသော အချက်များကို ဖော်ပြထားပါသည်။

**သင်ခန်းစာပါ အညွှန်းရုပ်ပုံကလေးများ**



ကျောင်းသားများ ရွတ်ဆိုရန် ညွှန်းသောပုံ



ကျောင်းသားများစာလုံးကို ရေးသားရန် ညွှန်းသောပုံ